# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း(မူကြမ်း)

## ၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
## ( ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )
## ( တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ခင်ဗျား။ ယခုချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊၁၀ း ၀၂။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၃၉၅)ဦး ရှိတဲ့အနက် (၃၈၇) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်းရဲ့ ၉၇.၉၇ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၀ အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ သီပေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ အစိုးရရုံးကိစ္စတစ်ခုကို ကိုယ်တိုင်ဆောင်ရွက်ရန်ရှိသဖြင့် ယနေ့ ဩဂုတ်လ ၂၉ ရက်နေ့တွင် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ပါသဖြင့် လေးစားစွာ ခွင့်တောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန် ။၁၀ း ၀၇။**

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၃၉၅) ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၁၉၉၀ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂၀ ဦး နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ သယံ်နီးကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀ း ၀၉။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌကြီးကို ကျွန်တော် ကြိုတင်ခွင့်တောင်းချင်တာကတော့ ဒီမေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းရတဲ့အကြောင်းအရင်းကို ကျွန်တော် အနည်းငယ်တင်ပြပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမေးခွန်းကို ကျွန်တော်မေးရတာကတော့ ကျွန်တော်တို့အမျိုးသားအချင်းချင်း ပဋိပက္ခကွာဟမှုများလျော့နည်းဖို့ ကျွန်တော်တို့ခေတ်မှာ ဥပဒေကြောင်းနှင့်သမိုင်းကြောင်းအရ ဖြေရှင်းရမယ့်ပြဿနာတစ်ခုကို နောင်လာနောင်သားတွေအတွက် အကောင်းဆုံးသာဓကပြပြီး ဖြေရှင်းသွားတယ်ဆိုတာ ပြသနိုင်ဖို့ ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအမှတ်၊ န၀တရဲ့ (၁၄/၈၉)အရ ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကျင်းပခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲရလဒ်ကိုလည်း နိုင်ငံတော်က ပြန်တမ်းထုတ်ပြီးတော့ အသိအမှတ်ပြုခဲ့ပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃ မှာ ပါတဲ့ လွှတ်တော်ဖွဲ့စည်းခြင်းကိုတော့ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ အဲဒီမှာ ဒီ မစ္စတာဂန်ဘာရီနှင့် မြန်မာနိုင်ငံပြောရေးဆိုခွင့်ရှိသူများ တွေ့ကြတဲ့ ၈-၃-၂၀၀၈ ခုနှစ်မှာ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်အရ ကွယ်လွန်သူ၊ နုတ်ထွက်သူ၊ အရည်အချင်းပျက်ယွင်းသူ၊ တည်ဆဲဥပဒေဖောက်ဖျက်သဖြင့် ပြစ်ဒဏ်ကျခံရသူ၊ တစ်သီးပုဂ္ဂလအဖြစ်ပြောင်းလဲသွားသူအားလုံးကလွဲရင် လက်ကျန်ကိုယ်စားလှယ် NLD လွှတ်တော်ကိုယ်စားလှယ်များအပြင် တစ်သီးပုဂ္ဂလနှင့် အခြားပါတီများမှ လွှတ်တော်ကိုယ်စားလှယ် ၁၂၀ ကျန်ခဲ့ကြောင်း ဖြေကြားခဲ့တာကို ကျွန်တော်မှတ်သားထားပါတယ်။ အဲဒီ ကျန်ခဲ့တဲ့ ၁၂၀ ထဲမှာ တစ်ချိန်တုန်းက ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ကကို တပ်မတော်ကို ပျိုးထောင်ခဲ့သူ ငါးယောက်ထဲအကြောင်းပြောခဲ့ပါတယ်။ အဲဒီ ငါးယောက်ထဲမှာ ဗိုလ်ချုပ်အောင်ကြီး၊ ဗိုလ်ချုပ်တင်ဖေ၊ ဗိုလ်ချုပ်မောင်မောင်၊ ဗိုလ်မှူးချုပ်ကျော်ဇော၊ ဗိုလ်မှူးချုပ်အောင်ဆွေတို့ ပါခဲ့ပါတယ်။ အငြိမ်းစားဗိုလ်မှူးချုပ်အောင်ဆွေဟာ အခု အသက် ၉၅ နှစ်အရွယ်အထိ တရားဝင် လွှတ်တော် ကိုယ်စားလှယ် ၁၂၀ မှာ ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်။ အဲဒါကြောင့် သူတို့မျက်မှောက် အသက်ထင်ရှားရှိတုန်းကာလမှာ ဒီမေးခွန်းကို မေးသင့်တယ်လို့ ကျွန်တော် ရိုးသားစွာယုံကြည်တဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်းကတော့ ၁၉၉၀ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်အရ နှစ်ပေါင်း ၂၀ ခန့် ရပ်တည်ခဲ့သော တရားဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ၁၂၀ ဦးနှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရက

တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရန် အစီအစဉ်ရှိပါသလား။ ရှိပါက ပြည်ထောင်စုအစိုးရက မည်သို့ဆောင်ရွက်ပေးပါမည်နည်း။ မဆောင်ရွက်ပေးနိုင်ပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊၁၀ း ၁၂**။

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးသိန်းညွန့် သယ်န်းကျွန်းမဲဆန္ဒနယ် မေးမြန်းထားတဲ့ ၁၉၉၀ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂၀ ဦးအား အသိအမှတ်ပြုရန် အစီအစဉ်နှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ဖြေဆိုမှာဖြစ်ပါတယ်ခင်ဗျား။ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ အနက် ၇-၃-၂၀၁၀ ရက်နေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ စာရင်းများအရ လွှတ်တော်ကိုယ်စားလှယ်ဟောင်း ၁၀၇ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၃/၂၀၁၀)ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေရဲ့ ပုဒ်မ ၉၁ ၊ ပုဒ်မခွဲ(က)မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁၄/၈၉)ကို ဤ ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ပုဒ်မခွဲ(ခ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်များသည် အလိုအလျောက် ပျက်ပြယ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၁၄/၈၉)အရ ကျင်းပခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များသည် ဥပဒေအရ အလိုအလျောက် ပျက်ပြယ်သွားခဲ့ပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မင်္ဂလာဒုံမြို့နယ်ဆေးရုံအား အဆင့်မြှင့်ပေးနိုင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၁၆**။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊မင်္ဂလာဒုံမြို့နယ်များတွင် နေထိုင်သောလူနာများ အချိန်တိုအတွင်း သွားရောက်ကုသ မှုလွယ်ကူစေရန် အားကိုးအားထားပြုရမည့် မင်္ဂလာဒုံမြို့နယ် မြို့နယ်ဆေးရုံအား မြောက်ဥက္ကလာပ ဆေးရုံကြီးနှင့် အင်းစိန်မြို့နယ်ဆေးရုံကြီးကဲ့သို့ အဆင့်မြင့် ဆောင်ရွက်ပေးမည်ဆိုပါက လျော်ကန် သင့်မြတ်လှပါတယ်။ သို့ဖြစ်ပါ၍ မင်္ဂလာဒုံမြို့နယ်ဆေးရုံကြီးအား အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်ရှိ၊မရှိ သိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ကျန်းမာရေးအတွက် ဆေးဝါးများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၁၇**။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်သန်းဖြစ်ပါတယ်။ အများပြည်သူအကျိုးပြုမယ့် မေးခွန်းတစ်ခု မေးမြန်းဆွေးနွေး လိုပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမြို့ရွာအသီးသီးမှာ တရားဝင်မှတ် ပုံတင်ခွင့်ပြုထားတဲ့ ဆေးဆိုင် တွေမှာရော၊ တရားဝင်ခွင့်မပြုတဲ့ ဆေးဆိုင်ငယ်တွေနဲ့ ကွမ်းယာဆိုင်အချို့မှာပင် ဆေးများရောင်းချ နေတာကို တွေ့ရပါတယ်။ ပြည်သူများကလည်း မိမိတို့ရဲ့ရောဂါဝေဒနာနဲ့ သက်ဆိုင်မယ်ထင်တဲ့ ဆေးများကို လွတ်လပ်စွာဝယ်ယူသုံးစွဲနေကြပါတယ်။ ဆေးကုသခွင့်လိုင်စင်မရှိတဲ့ ရမ်းကုများကလည်း မိမိတို့လိုအပ်ရာထိုးဆေး၊ စားဆေး၊ ဆေးပစ္စည်းကိရိယာများ ဝယ်ယူကာ မသိနားမလည်တဲ့ ပြည်သူ

များကို ဆေးကုပြီး စီးပွားရှာနေကြပါတယ်။ ပိုဆိုးတာက အချို့သော ဆေးရောင်းချသူများဟာ ဆေးကုသမှု ပညာကို ကျွမ်းကျင်နားလည်မှုမရှိဘဲ ဆေးတစ်မျိုးနဲ့တစ်မျိုး စပ်ဟပ်ပြီး ရောင်းချခြင်း၊ ရောင်းချရင်း ဆေးကုသပေးနေကြတာကို တွေ့ရပါတယ်။ အခုလို မိမိလိုရာဆေးကိုပြောပြီး လွတ်လပ်စွာ ဝယ်ယူအသုံးပြုနေခြင်း ဆေးဆိုင်များက ဆေးများရောင်းချပြီး ဆေးကုသပေးနေခြင်းများဟာ မသိ နားမလည်ကြသော ပြည်သူများ အထူးသဖြင့် ကျန်းမာရေးအသိပညာနည်းပါးတဲ့ အခြေခံလူတန်းစား တွေအတွက် ကျန်းမာရေးအရ အလွန်အန္တရာယ်များလှပါတယ်။ ကျန်းမာရေးအသိပညာ ဗဟုသုတ နည်းပါးတဲ့ ပြည်သူများဟာ ဆေးဆိုင်ကဆေးများ မိမိသဘောအလျှောက် ဝယ်သောက်ကြတဲ့အတွက် အနာတခြား၊ ဆေးတခြားဖြစ်ပြီး အပ်နဲ့ထွင်းရမယ့်နေရာမှ ပေါက်ဆိန်နဲ့ပေါက်ရဆိုသလို ကုသမှု မှန်ကန်ပါက လွယ်လွယ်နဲ့ပျောက်နိုင်ပါလျက် ကုသရန်အလွန်ခက်တဲ့အဆင့် ရောက်သွားတတ်ပါ တယ်။ ဥပမာ-ဆီးကြိတ်ကြီးတဲ့ရောဂါကြောင့် ဆီးမသွားနိုင်တဲ့လူနာတစ်ယောက် ဆေးဆိုင်ကဆီးဆေး လို့ အများခေါ်နေကြတဲ့ Lasix Tablet ဝယ် သောက်လိုက်တဲ့အတွက် ဆီးအိမ်ကြီးမနေနိုင်၊ မထိုင်နိုင် အောင်တင်းလာပြီး အရေးတကြီးဆေးရုံ ရောက်လာတာတွေ့ရဘူးပါတယ်။ အမှန်တော့ ဆီးကြိတ်ကြီးပြီး ဆီးလမ်းကြောင်းပိတ်နေတာကိုမသိဘဲ ဆီးများများဖြစ်စေတဲ့ Lasix ဆီးဆေးကို ဆီးရောဂါပျောက်တဲ့ ဆေးလို့ထင်ပြီး ဆေးတလွဲအနာတခြား ဖြစ်သွားခြင်းဖြစ်ပါတယ်။ HIV၊ AIDS ကုသဆေး Anti retroviral drugs တွေကိုလည်း မိဘဆွေမျိုးတွေ မသိအောင် ဆရာဝန်ညွှန်ကြားချက်မပါဘဲ ဆေးဆိုင်က ဝယ်သောက်ရာက ဒုက္ခရောက်သွားတဲ့ လူငယ်တစ်ယောက်ကိုလည်း တွေ့ဖူးပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ HIV၊ AIDS ကုသဆေးတွေဟာ ဆရာဝန်ညွှန်ကြားချက်အတိုင်းမဟုတ်ဘဲ ကိုယ့်သဘောနဲ့ ကိုယ်ဝယ်သောက်နေရင် ရောဂါပိုးတွေဟာ ဆေးယဉ်ပါးတဲ့ ပြဿနာဖြစ်ပြီး ကုသဖို့အလွန်ခက်တဲ့ HIV ပိုးတွေ မြန်မာပြည်မှာပေါက်ဖွား ပျံ့နှံ့လာဖွယ်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာအလွန်အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ Prednisolone ကဲ့သို့သော Steriod ဆေးများ၊ ဆီးချိုရောဂါကုဆေးများ၊ နှလုံး ရောဂါကုဆေးများကို တခါတလေ ရမ်းကုများကညွှန်းပြီး ဆေးဆိုင်မှာ လာဝယ်တာတောင်တွေ့ရှိရပါတယ်။ အဲဒီဆေးများဟာ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးအန္တရာယ်များလှပါတယ်။ မိမိလိုရာဆေးကို နေရာတကာမှာအလွယ်တကူ ဝယ်ယူရရှိနိုင်တယ် ဆိုပြီး ရောင်းသူ၊ ဝယ်သူ ကျေနပ်နေကြပေမယ့်လို့ ရမ်းကုတွေများပြားလာခြင်း၊ ဆေးဝါးတွေကို စနစ်တကျ မသုံးတတ်တဲ့အတွက် ဆေးယဉ်ပါးမှု ဖြစ်ပေါ်လာခြင်း၊ ဘေးထွက်ဆိုးကျိုးများ ခံစားရခြင်း စတဲ့စတဲ့ အန္တရာယ်များ ဖြည်းဖြည်းကြီးထွားလာနေပြီ ဖြစ်ပါတယ်။ အဲဒါကြောင့် အန္တရာယ်ကင်းတဲ့

အိမ်သုံးဆေးဝါးများကိုသာ လွတ်လပ်စွာ ဝယ်ယူခွင့်ပြုပြီး အခြားသောအန္တရာယ်ရှိနိုင်ဖွယ်ရှိသည့် ဆေးဝါးများကို ဆေးပညာကျွမ်းကျင်သူ များ၏ ဆေးညွှန်းဖြင့်သာ ရောင်းချခွင့်ပြုမည့်အစီအစဉ် ရှိ၊ မရှိ ဥပဒေရှိပြီးဖြစ်လျှင်လည်း ၎င်းဥပဒေအား တိတိကျကျလိုက်နာနိုင်အောင် မည်ကဲ့သို့ စီစဉ်မည်ကို သိရှိလိုပါကြောင်းနှင့် တဆက်တည်းမေးမြန်းလိုတာကတော့ ဆေးဆိုင်များမှာ ရောင်းချနေတဲ့ ဆေးဝါး၊ ဆေးတစ်မျိုးကို ကုမ္ပဏီများစွာက တင်သွင်းနေကြပါတယ်။ မူလဆေး Generic Name နဲ့တူပါလျက် ဈေးမတူ ကြပါဘူး။ ဈေးကြီးတဲ့ဆေးက ပိုစိတ်ချရသလား။ ဆေးအာနိသင်ပိုပြီး ပြည့်ဝသလားလို့ ပြည်သူတွေရဲ့ စိတ်မှာ သံသယဖြစ်နေကြပါတယ်။ ဆေးဘူးပေါ်မှာ ရေးထားတဲ့ ဆေးဟာ မှန်ကန်မှု ရှိ၊ မရှိ ပါဝင်တဲ့ ပမာဏအတိုင်းမှန်ကန်မှု ရှိ၊ မရှိကို စစ်ဆေးပေးနိုင်မယ်ဆိုရင် ပြည်သူများဟာ ဆေးများအပေါ် စိတ်ချလက်ချနဲ့ ဈေးသက်သာတဲ့ဆေးကို ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်ဆေးဆိုင်များမှာရှိတဲ့ ဆေးဝါးများဟာ အရည်အသွေးပြည့်ဝမှုရှိ၊မရှိ စစ်ဆေးပေးနေတဲ့စနစ် Quality Control Unit ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းတင်ပါအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တမူးမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၀ း ၂၁**။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့ ပြည်သူ့ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှာ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းယနေ့ထိအောင် ခုတင် ၁၀၀ ဆံ့ဆေးရုံနဲ့ လျော်ညီတဲ့ အဆောက်အဦ ဆောက်လုပ်ပေးခြင်း မရှိသေးခြင်းနဲ့ လိုအပ်တဲ့ဆေးရုံသုံးပစ္စည်း ကိရိယာများလည်းပဲ ပြည့်စုံမှုမရှိသေးကြောင်းကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ပထမအချက်အနေနဲ့ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဆင့်နဲ့လျော်ညီတဲ့ အဆောက်အဦ ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနဲ့ မရှိပါကလည်း မည်သည့်အတွက်မရှိကြောင်း၊ နံပါတ်နှစ်အခြေအနေနဲ့ လိုအပ်နေသော ဆေးရုံသုံးပစ္စည်းကိရိယာများအား ဖြည်းဆည်း ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များ လစ်လပ်မှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၀ း ၂၃**။

**ဦးအေး(ဟုမ္မလင်း မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ညီ့သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့မှာ ခုတင် ၁၀၀ ဆေးရုံကြီးကို ၂၀၀၄ ခုနှစ်ကစပြီး ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်လှစ်စဉ်တုန်းကတော့ ဆရာဝန်တွေ ပြည့်စုံမှုရှိခဲ့သော်လည်း အခုအချိန်မှာ အထွေထွေရောဂါကု ဆရာဝန်တစ်ဦး၊ ကလေးအထူးကုဆရာဝန်တစ်ဦး၊ မေ့ဆေးဆရာဝန်တစ်ဦး လစ်လပ်လျက်ရှိပါတယ်။ ခွင့်ပြုလက်ထောက်ဆရာဝန် ၁၁ ဦးအနက်မှာ နှစ်ဦးသာရှိပြီး၊ လက်ရှိနှစ်ဦး အနက်မှာလည်းပဲ တစ်ဦးကို နောင်ပေါင်တိုက်နယ်ဆေးရုံသို့ တွဲဖက်ပေးထားရပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ သောင်သွပ်ရွာ၊ ထမံသီရွာ တိုက်နယ်ဆေးရုံမှာလည်း ဆရာဝန်လုံးဝလစ်လပ်နေပါတယ်။ ရွှေပြည်အေးမြို့သစ်ဆေးရုံမှာလည်းပဲ ဆရာဝန်လုံးဝလစ်လပ်နေပါတယ်။ ရွှေပြည်အေး မြို့သစ်နဲ့ ပက်သက်ပြီး ပြည်သူ့ကိုယ်စားလှယ်ကြီးများသိသာနိုင်ရန်အနည်းငယ် ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ဟုမ္မလင်းမြို့ရဲ့အထက်ဘက် မိုင် ၃၀ ခန့်အကွာ တဆုံးကျေးရွာအနီးမှာ ချင်းတွင်းမြစ်ကို ပိတ်ပြီးတည်ဆောက်မယ့် တဆုံးရေအားလျှပ်စစ်စီမံကိန်းဧရိယာအတွင်းကျရောက်တဲ့အတွက် မိုးတွင်းကာလမှာ ရွှေ့ပြောင်းခဲ့ရပြီး ဟုမ္မလင်းမြို့ရဲ့အောက်ဘက် မိုင် ၂၀ ခန့်အကွာ ချင်းတွင်းမြစ်ရဲ့ အရှေ့ ဘက်ကမ်းမှာ ရွှေပြည်အေးမြို့သစ်တည်ပြီးနေထိုင်စေခဲ့ပါတယ်။ အိမ်ထောင်စု ၅၀၀ ကျော် ရှိပါတယ်။ မိမိပိုင်လယ်ယာ၊ လက်ဖက်ခင်း၊ ဒညင်းခင်း၊ စပါးခင်းများကို စွန့်ပစ်လာခဲ့ရပါတယ်။ ယခု ငါးနှစ်၊ ခြောက်နှစ် ကြာသည့်တိုင်အောင် လုပ်ငန်းကိုင်ငန်း မပြေလည်သူအချို့ ရှိနေပါတယ်။ သက်ဆိုင်ရာက အတတ်နိုင်ဆုံးဖြည့်ဆည်းပေမယ့် ရွာသူ၊ ရွာသားတွေက စိတ်ဓါတ်အနည်မထိုင်ကြသေးပါဘူး။ ဒီအိမ် ထောင်စု ၅၀၀ ကျော်အတွက် အထက်တန်းကျောင်း၊ လျှပ်စစ်ဓါတ်အားရရှိရေးနဲ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးပြီး၊ လက်ထောက်ဆရာဝန်နှစ်ဦး ခန့်ထားပေးခဲ့ပေမယ့် အဲဒီအမိန့်စာထဲမှာပဲ တစ်ဦးကို ကသာဆေးရုံ၊ တစ်ဦးကို ကလေးမြို့ဆေးရုံသို့တွဲဖက်ချထားခဲ့ပါတယ်။ ဒါကြောင့်မို့ ရွှေပြည်အေး မြို့သစ်အတွက် အနည်းဆုံးဆရာဝန်တစ်ဦးကို ခန့်ထားပေးသင့်ပါတယ်။ အဲဒီဆရာဝန်ဟာလည်းပဲ ဈေးတွက်တွက်တတ်တဲ့ဆရာဝန်ကိုခန့်ထားပေးခြင်းမပြုဘဲ စေတနာကောင်းတဲ့ Volunteer ဆရာဝန်တစ်ဦးကို ခန့်ထားပေးသင့်ပါတယ်။ ဒီအခြေအနေကို ပြည်ထောင်စုဝန်ကြီးမှ သိရှိပါသလား။ သိရှိရင်မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါတယ်။ ကျေးဇူးအထူးတင်ပါတယ်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ကင်ဆာရောဂါကု ဓာတ်ကင်ဆာနှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၂၆။**

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်ကိုင်းတိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ရန်ကုန်မြို့တော်ရှိ အထွေထွေရောဂါကုဆေးရုံကြီးများမှာ ဆေးဝါးအသုံးအဆောင်ပစ္စည်းများ၊ အောက်စီဂျင်အစရှိသည့် အရေးပေါ်လိုအပ်ချက်များ များစွာချို့တဲ့၍ လူနာရှင်များမှာ မိမိတို့အစီအစဥ်ဖြင့် ပြင်ပတွင်ရှာဖွေဝယ်ယူရခြင်းနှင့် တစ်ခြားသောအခက်အခဲများ ကြုံတွေ့နေကြရသည်မှာ နှစ်ကာလရှည်ကြာနေပြီဖြစ်ပါတယ်။ ဆင်ခြေဖုံးရပ်ကွက်များရှိ လူနာများမှာ အထူးသဖြင့် ချို့တဲ့ဆင်းရဲသူများပြားသဖြင့် ယနေ့ကျင့်သုံးလျက်ရှိသော စရိတ်မျှပေးကျန်းမာရေးအစီအစဥ်သည် လုံလောက်မှုမရှိသည်ကိုတွေ့ရှိရပါတယ်။ ထို့အပြင် ဆင်ခြေဖုံးရပ်ကွက်များရှိ ဆေးရုံကြီးများမှ ရန်ကုန်မြို့တွင်းဆေးရုံကြီးများသို့ အရေးပေါ်လူနာများ လွှဲပြောင်းပို့ဆောင်ရန် လိုအပ်သည့်အခါမျိုးတွင် အရေးပေါ်လူနာတင်ယာဥ်များ စီစဥ်ပေးနိုင်မှုမရှိ၍ လူနာရှင်များမှာ မိမိကိုယ်ပိုင်အစီအစဥ်ဖြင့် ဖြစ်သလိုသွားလာနေရ၍ အချိန်နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ရပြီးဒုက္ခများစွာနဲ့ ကြုံတွေ့ကြရပါတယ်။ အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာရှိတဲ့ ကင်ဆာရောဂါကုဓါတ်ကင်စက်ကြီးမှာ ဟောင်းနွမ်းချို့ယွင်းပြီး ကင်ဆာဝေဒနာရှင်များမှာ ရှမ်းပြည်နယ်တောင်ကြီးဆေးရုံ သို့မဟုတ် နိုင်ငံခြားသို့ သွားရောက်ဓါတ်ကင်နေကြရပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အခြေအနေများကိုကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မည်သို့မည်ပုံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ပြ ကုသစက်များ ဖြည့်တင်းပေးရေးနှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၂၈။**

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကျွန်တော်တို့အတွေ့အကြုံအရ ကင်ဆာရောဂါသည်တွေဟာ ဓာတ်ကင်ဖို့အတွက် အချိန်တော်တော်ကြာကြာစောင့်နေရတဲ့အနေအထားမျိုးတွေ့ရှိရပါတယ်။ အဲဒီရောဂါဟာ အားလုံးသိတဲ့အတိုင်းပဲ အချိန်ကြာလာတာနဲ့

အမျှ မြန်မြန်မကုဘဲနဲ့ အချိန်ကြာကြာစောင့်ရလို့ရှိရင် ရောဂါပိုရင့်ပြီးတော့မှ အသက်ဆုံးပါးမယ့်အခြေအနေကိုအမြန်ရောက်နိုင်တဲ့အနေအထားမျိုးရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လောလောဆယ်မှာ ဓာတ်ရောင်ခြည်ပြစက် သုံးလုံးရှိတဲ့အနက် တစ်လုံးဟာချို့ယွင်းသွားတဲ့အတွက် ကျွန်တော်တို့ဒေသန္တရအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပြည်သူ့ဆေးရုံကဆရာဝန်ကြီးများပူးပေါင်းပြီးတော့မှ အလှူရှင်တွေလှူဒါန်းတဲ့ငွေနဲ့ အသစ်တစ်လုံးဝယ်ဖို့ ဆောင်ရွက်ထားတာရှိတယ်လို့ သိရှိရပါတယ်။ အဲဒီတစ်လုံးဟာလည်း ရောက်ရှိခြင်းမရှိသေးပါဘူး။ ကျန်တဲ့နှစ်လုံးကလည်း သက်တမ်းကြာမြင့်ပြီးတော့မှ ခေတ်မမီတဲ့အတွက်ရောဂါသည်တွေဟာ ဓာတ်ရောင်ခြည်ပြတဲ့အခါမှာအချိန်ကြာမြင့်စွာဆောင်ရွက်ရပါတယ်။ အဲဒီစက်နှစ်လုံးဟာလည်း ခေတ်မမီတဲ့အတွက် ရောဂါဆဲလ်ရှိတဲ့ နေရာတစ်ခုတည်းကိုသာ တိုက်ရိုက်ထိတွေ့တဲ့ စက်မျိုးမဟုတ်ဘဲနဲ့ရောဂါဖြစ်တဲ့ဆဲလ် ပတ်ဝန်းကျင်မှာရှိတဲ့ ကောင်းမွန်တဲ့ဆဲလ်တွေကိုပါ ဆက်လက် ထိခိုက်စေနိုင်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ခေတ်မီတဲ့ဓာတ်ရောင်ခြည်ပြစက်များ ဝယ်ယူဖြည့်တင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်ခင်ဗျား။

**အလုပ်မရသေးသူ ဆရာဝန်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၃၀။**

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ အောက်ဖော်ပြပါ မေးခွန်းကို မေးမြန်းလိုပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး)တို့မှ နှစ်စဉ်မွေးထုတ်ပေးခဲ့၍ ဆရာဝန်လက်မှတ်ရရှိပြီးသူဆရာဝန်အများအပြားမှာ နိုင်ငံတော်ကလက်ထောက်ဆရာဝန်များအဖြစ် လုံလောက်သောအရေအတွက် ခန့်ထားတာဝန်ပေးအပ်နိုင်မှုမရှိ၍ အချို့ဆရာဝန်များမှာ ဆရာဝန်ပညာနှင့်မသက်ဆိုင်သည့် လုပ်ငန်းများလုပ်ဆောင်နေကြရပါသည်။ ဤအခြေအနေများကြောင့်သက်ဆိုင်ရာ ဆရာဝန်များ၊ ၎င်းတို့၏မိသားစုများသာမက နိုင်ငံတော်အတွက်ပါများစွာနစ်နာလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အလုပ်မရရှိသေးသူဆရာဝန်များအတွက် နိုင်ငံတော်အနေနဲ့မည်သို့ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဝန်ကြီးဌာနမှဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၊၁၀ း ၃၁။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်ဖြစ်ပါတယ်။ ဒီနေ့ကိုယ်စားလှယ် တော်ကြီးများမေးထားတဲ့မေးခွန်း ခုနှစ်ခုကို ကျွန်တော်ဆက်တိုက်ဖြေပါ့မယ်။ ဒီပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် စေတနာထားပြီးတော့ အခုလို မေးမြန်းကြတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီဥစ္စာကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပြည်သူလူထုသိရှိ အောင် ဖြေကြားချင်တဲ့အချက်ကလေးတွေရှိပါတယ်။ ပထမဆုံးဖြေကြားရမှာတော့ မင်္ဂလာဒုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ မေးခွန်းဖြစ်ပါတယ်။ မင်္ဂလာဒုံမြို့နယ် ဆေးရုံကို အဆင့်မြှင့်တင်ပေးနိုင်မှု ရှိ၊ မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာဒုံဆေးရုံကို အခုအဆင့်မြှင့်တင်ပြီး ဖြစ်ပါတယ်။ ခုတင် ၁၀၀ အဆင့်ဆေးရုံအဖြစ်သို့ မြှင့်တင်ဆောင် ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အထူးကူးစက်ရောဂါ ဖြစ်တဲ့ (HIV၊ AIDS) လူနာများအတွက် သီးသန့်အထူးပြုစုစောင့်ရှောက်ဖို့ ဖွင့်ပေးထားတဲ့ဆေးရုံ ဖြစ်နေပါတယ်။ အဲဒီတော့ ဦးတင်မောင်ဝင်းမေးတဲ့ မေးခွန်းမှာလိုပဲ အင်းစိန်ဆေးရုံကြီးသည် တစ်ဖက်ကမ်းမှာရှိတဲ့ လူနာတွေ၊ မြို့နယ်တွေကနေ လွှဲပြောင်းပေး လို့ရတယ်။ ဒီလိုပဲ မြောက်ဥက္ကလာပ ဆေးရုံကြီးသည်လည်း အဲဒီနားမှာ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)က လွှဲပြောင်းပေးလို့ရတယ်။ ဒါ့ကြောင့် တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ လှိုင် ဆိုတဲ့မြို့နယ်တွေကနေ လွှဲပြောင်းဖို့အတွက် အထူးကု၊ အထွေထွေရောဂါအထူးကုဆေးရုံကြီးတစ်ရုံ လိုအပ်လျက်ရှိတယ် ဆိုတာကျွန်တော်တို့ အနေနဲ့ဒါကိုလက်ခံပါတယ်။ အဲဒါကြောင့်လည်း ဒီမြို့နယ်တွေကနေအားကိုး အားထားပြုရမယ့် ဆေးရုံ တစ်ရုံကိုဖွင့်လှစ်ဖို့၊ စီမံဆောင်ရွက်ဖို့ ရည်ရွယ်ပြီးတော့ သင့်လျော်တဲ့နေရာတွေကို လိုက်လံလေ့လာ ပြီးတော့ လေ့လာဆန်းစစ် ကြည့်ရှုလျက်ရှိပါတယ်။ ရရှိလို့ရှိရင် ဒီဆေးရုံအသစ် ဖွင့်လှစ်ဖို့အတွက်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ဖြေကြားလိုပါတယ်။

ဒုတိယအနေနဲ့ကတော့ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်ရဲ့ ကျန်းမာရေးအတွက် ဆေးဝါးများနဲ့ပတ်သက်လို့ ဆောင်ရွက်မယ့် မေးခွန်းပါ။ မေးခွန်းမှာ အပိုင်းတော်တော်များများပါ ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ပြည်သူတို့ကျန်းမာရေးနဲ့ပတ်သက်လို့ ဆရာဝန်များရော၊ တာဝန်ရှိပုဂ္ဂိုလ်များရော ခေါင်းခဲနေရတဲ့ကိစ္စတွေ အများကြီးကို မေးထားတဲ့အတွက် ကျွန်တော်အနေနဲ့

ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ အမျိုးသား ဆေးဝါးဥပဒေပုဒ်မ ၁၆ မှာ မည်သူမျှလိုင်စင်မရှိဘဲ ဆေးဝါးကုန်ကြမ်း သို့မဟုတ် ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရလို့ ပြဋ္ဌာန်းထားတဲ့အတိုင်း ဆေးဆိုင်တိုင်း ဟာ ဆေးဝါးရောင်းချသူလိုင်စင်ရရှိမှသာ ရောင်းချခွင့်ရှိပါတယ်။ မြန်မာနိုင်ငံမြို့ရွာ အသီးသီးမှာ ဆေးဝါးများကို လွတ်လပ်စွာ ရောင်းချခွင့်ကို ဥပဒေအားဖြင့် ဥပဒေအရခွင့်မပြုပါဘူး။ ဆေးဝါးလက်ကား သို့မဟုတ် လက်လီရောင်းချမှုလိုင်စင်ရလိုတဲ့လူဟာ မြန်မာနိုင်ငံအစားအသောက်နဲ့ ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်ပေးအပ်တဲ့ မြို့နယ်အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထားပြီး သတ်မှတ်ချက်နဲ့ ကိုက်ညီပါက လိုင်စင်ထုတ်ပေးပါတယ်။ မြို့နယ် အစားအသောက်နဲ့ ဆေးဝါး ကြီးကြပ်ရေးကော်မတီဟာ အောက်ပါတာဝန်နဲ့လုပ်ပိုင်ခွင့်များကိုလည်း ကျင့်သုံးဆောင်ရွက်ပါတယ်။

ဆေးဝါးရောင်းချခွင့် လိုင်စင်လျှောက်ထားသည့် ကိစ္စရပ်ကိုစိစစ်ပြီးတော့ လိုင်စင်ထုတ် ပေးခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ အစားအသောက်နဲ့ ဆေးဝါးစစ်ဆေးခြင်းဆိုင်ရာကိစ္စ အဝဝကိုကြီးကြပ်ခြင်း၊ လိုအပ်ပါက ကိုယ်တိုင်ဆောင်ရွက်ခြင်းနဲ့ စည်းကမ်းဖောက်ဖျက်မှုများအား အရေးယူခြင်း၊ ဒီကိစ္စတွေကို ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးဝါးရောင်းချရာမှာ မှတ်ပုံတင် ထုတ်ပေးစဉ်က သတ်မှတ်ထားတဲ့ ဆရာဝန်ညွှန်ကြားချက်နဲ့ သုံးစွဲရမယ့်ဆေး၊ အင်္ဂလိပ် လိုတော့ Prescription Only Medicine (POM)လို့ ခေါ်ပါတယ်။ နောက်တစ်ခုကတော့ ဆရာဝန်ညွှန်ကြားချက် မလိုဘဲနဲ့ အလွတ်ဝယ်ယူနိုင်တဲ့ဆေး Over The Counter Medicine (OTC)လို့ ခေါ်ပါတယ်။ အဲဒီတော့ ဆေးဝါးတွေအားလုံးမှာ မှတ်ပုံတင်ပြီးတော့ ကျွန်တော်တို့ နိုင်ငံ အတွင်းမှာ ဒီအစာနဲ့ဆေးဝါး FDA ကနေ မှတ်ပုံတင်ပြီးကတည်းက ဒီလိုသတ်မှတ်ချက်က ရှိပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ စပ်ဆေးတွေကို ရောင်းချခွင့်မရှိဘူးဆိုတာလည်း ဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ နောက် အဲဒီမှာပါတဲ့မေးခွန်းတွေနဲ့ ပတ်သက်လို့လည်း အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနဟာ ဈေးကွက်အတွင်းမှာရှိတဲ့ ဆေးဝါးများရဲ့ အရည်အသွေးကို ပုံမှန်ဓါတ်ခွဲစမ်းသပ်စစ်ဆေးတဲ့အပြင်အခါ အားလျော်စွာထူးခြားတဲ့ အခြေအနေ အရ သတင်းရရှိတဲ့အခါဖြစ်စေ၊ တိုင်တန်းမှုရှိတဲ့အခါဖြစ်စေ ဓါတ်ခွဲစမ်းသပ်စစ်ဆေး ပါတယ်။ ဒီအထူးသဖြင့် ဆရာဝန်ညွှန်ကြားချက်နဲ့ သုံးစွဲရမယ့် ဆေးဝါးတွေ Anti- Malaria ဆေး၊ ငှက်ဖျားဆေး၊ တီဘီဆေး၊ ပဋိဇီဝဆေး၊ ဆီးချိုဆေး၊ HIVဆေး၊ သွေးကျဆေးစတဲ့ ဓာတ်ခွဲစမ်းသပ် စစ်ဆေးရာမှာ ၂၀၁၀ ခုနှစ် မှတ်ပုံတင်မှာ ၂၀၁၀ ခုနှစ်မှာ မှတ်ပုံတင် လျှောက်ထားတဲ့ ဆေးဝါး အမျိုးပေါင်း ၁၈၀၀ နဲ့

ဈေးကွက်စာရင်းဝင်မှုဟာ ၁၁၅ မျိုးကို စစ်ဆေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဒီလဆန်းပိုင်းမှာ ကျင်းပခဲ့တဲ့ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုအဆင့် မြှင့်တင်ရေးဆိုင်ရာ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော်တို့နိုင်ငံရဲ့ ကျန်းမာရေးရှေ့ဆောင်ဦးစီးဦးဆောင်ပုဂ္ဂိုလ်ကြီးများ တက်ရောက်ပြီးတော့ အဲဒီမှာ ကျွန်တော်တို့ရဲ့ အစာနဲ့ဆေးဝါးကွပ်ကဲရေး ဌာနကို ယခုထက်ပိုပြီးတော့ ဖွဲ့စည်းပုံ တိုးချဲ့ပြီးတော့၊ ဖွင့်လှစ်ပြီးတော့လုပ်ငန်းများကို ပိုမိုထိရောက်စွာ၊ ပိုပြင်စွာဆောင်ရွက် နိုင်ဖို့ကိုလည်း အကြံဉာဏ်ပြုထားတာရှိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ဖို့ အစီအမံ ရှိပါတယ်။ ဒါကြောင့်မို့လို့ FDA ကိုပိုမိုပြီးတော့ ဖွဲ့စည်းပုံ တိုးချဲ့ပြီးတော့ နေရာအနှံ့မှာ ကျွန်တော်တို့ လုပ်ဆောင်နိုင်မယ်ဆိုလို့ရှိရင်တော့ ဒီထက်ပိုပြီးတော့ ခုန ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ကိစ္စ တွေကို ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

နောက်တစ်ခုကတော့ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေရဲ့မေးခွန်း တမူးမြို့နယ်ဆေးရုံနဲ့ ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံအသစ်တွေတိုးချဲ့တယ်။ ဆေးရုံအဟောင်းတွေကိုလည်း အဆင့်တိုးမြှင့်တယ်။ စံကိုက်ဖွဲ့စည်းပုံ ဖြစ်အောင်လုပ်ပေးတယ်။ အထူးကုဌာနတွေကိုလည်း တိုးချဲ့ဖွဲ့စည်းလျက်ရှိရာမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံ၊ တမူးမြို့ကို ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် တိုးချဲ့ဆောက်လုပ်ခြင်းအတွက် ဒီနှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ၁၈၁.၇၇၉ သန်းခွင့်ပြုချက်ရရှိခဲ့ပြီးတော့ လူနာဆောင်တစ်ဆောင်၊ ခါတ်ခွဲခန်း ခါတ်မှန်ဆောင်တစ်ဆောင်၊ လက်ထောက်ဆရာဝန် ငါးခန်းတွဲ၊ တစ်ထပ်တိုက် တစ်လုံးနဲ့ သူနာပြု ခြောက်ခန်းတွဲတစ်ထပ်တိုက် တစ်လုံးတို့ကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူ ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ဟုမ္မလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးအေးရဲ့ ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံမှာ ဆရာဝန်များလစ်လပ်မှုနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်း မြို့ပြည်သူ့ဆေးရုံမှာ ဆေးရုံအုပ်တစ်ဦး၊ လက်ထောက်ဆရာဝန် အရိုးအထူးကုတစ်ဦး၊ လက်ထောက်ဆရာဝန် သားဖွားမီးယပ်တစ်ဦး၊ လက်ထောက်ဆရာဝန် ခွဲစိတ်တစ်ဦးနဲ့ သာမန်လက်ထောက်ဆရာဝန်တစ်ဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ လစ်လပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များဖြစ်တဲ့ ဆေးပညာ၊ ကလေးကျန်းမာရေးပညာနဲ့၊ မေ့ဆေး ဆရာဝန်တို့အပြင် ထမံသီတိုက်နယ်ဆေးရုံ၊ သောင်သွပ်တိုက်နယ်ဆေးရုံ၊ ရွှေပြည်အေး တိုက်နယ် ဆေးရုံ တို့မှာလည်း လက်ထောက်ဆရာဝန်များကို အမြန်ဆုံးခန့်ထားရေး စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်၊ ဒေါက်တာသန်းဝင်းရဲ့ မေးခွန်းကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာရှိတဲ့ အခြေအနေတွေကို မေးမြန်းထားတာ ဖြစ်ပါတယ်။ ကင်ဆာရောဂါကုတဲ့ စက်အပါအဝင်ပေါ့။ အဲဒီမေးခွန်းကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးတဲ့မေးခွန်းနဲ့လည်း Over Lab ထပ်နေတဲ့ နေရာတွေရှိလို့ပေါင်းပြီး ကျွန်တော်တချို့ဟာလေး တွေတော့ ဖြေပါမယ်။ တချို့တော့ အသေးစိတ်ပြန်ရှင်းပါမယ်။ အဲ့ဒီတော့ ကိုယ်စားလှယ်တော်ကြီးများ သိတဲ့အတိုင်း ကျွန်တော်တို့က ချို့တဲ့သောလူနာများကို စောင့်ရှောက်တဲ့အခါမှာ နိုင်ငံတော်ကနေ ပြီးတော့ ရန်ပုံငွေအရ ချမှတ်ပေးထားတဲ့ငွေနဲ့ ဗဟိုဆေးသိုလှောင်ရုံကနေတစ်ဆင့် ဆေးရုံကြီးများမှာ ဖြန့်ဖြူးပေးထားတဲ့ အဓိကဆေးဝါးများကိုလည်း ကျခံပါတယ်။ အဲဒါအပြင် ဆေးရုံဆေးပဒေသာပင် တွေရှိပါတယ်။ အဲဒီကနေမှ ရရှိတဲ့ငွေတွေနဲ့လည်း အခမဲ့ကုသရေးအတွက် ကျခံပါတယ်။ ဆေးရုံကြီးကြပ်မှုကော်မတီရဲ့ ခွင့်ပြုချက်နဲ့လည်း ကျခံထားတာရှိသလို ပြည်သူတစ်ဦးချင်း အပါအဝင် အဖွဲ့အစည်းများက လှူဒါန်းထားတဲ့ အလှူငွေနဲ့လည်း ချို့တဲ့လူနာများကို ကူညီစောင့်ရှောက် ပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှ ချမှတ်ပေးတဲ့ ဘဏ္ဍာငွေတစ်ခုတည်းနဲ့ ချို့တဲ့လူနာများကို ကုသပေး နေတယ်ဆိုတာ မဟုတ်ဘဲနဲ့ ဒီလိုအခြား အစီအစဥ်များလည်းရှိကြောင်းကို ကျွန်တော် တစ်ခါတည်း ဖြေကြားလိုပါတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှာ ချို့တဲ့လူနာရှင်များအတွက် ဆေးဖိုးအဖြစ် ဆေးပဒေသာပင်မှ အတိုးရငွေ လစဥ် ကျပ် သုံးသိန်း၊ ဌာနဆိုင်ရာ အခြေခံငွေစာရင်းမှရငွေ သုံးသိန်း၊ စုစုပေါင်း ခြောက်သိန်းကို ရန်ပုံငွေအဖြစ် ခွဲဝေပေးထားပါတယ်။ တကယ်ချို့တဲ့သူတွေအတွက် ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ Ultrasound နဲ့ CT Scan ရိုက်ခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိဆရာဝန်ကြီးများရဲ့ထောက်ခံချက်နဲ့ အခမဲ့ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ရုံးချိန်ပြင်ပမှာ တာဝန်ကျ လက်ထောက်ဆရာဝန်လက်မှတ်နဲ့ ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ရုံးချိန်အတွင်းမှာတော့ လက်ထောက်ဆေးရုံအုပ်၊ ဒုတိယဆေးရုံအုပ်နဲ့ ဆေးရုံအုပ်ကြီးတို့က ဒီကိစ္စကိုကြီးကြပ်ဆောင်ရွက် ပေးပါတယ်။ အရေးပေါ်ခွဲစိပ်ခန်းမှာကတော့ ခွဲစိပ်ကုသမှုကိုအရေးပေါ် လိုအပ်တဲ့လူနာများအတွက် သီခြားအလှူရှင်များမှ လှူဒါန်းတဲ့အလှူငွေကို လက်ထောက်ဆေးရုံအုပ်ထံမှာထားရှိပြီး လိုအပ်တဲ့ မေ့ဆေး၊ ချုပ်ကြိုးမှအစ ပြည့်စုံစေရန် အချိန်နှင့်တစ်ပြေးညီ ပေးနိုင်ရန်အတွက် ငွေသားကျပ် သုံးသိန်းမှ ငါးသိန်းအထိကို အဆင်သင့်ပေးအပ်ထားတာ ရှိပါတယ်။ အရေးပေါ်ဌာနရှိ ဆေးဆိုင်မှ လည်း အချိန်မရွေးဝယ်ယူပေးခြင်း၊ ကြိုတင်၍အသုံးပြုပြီးမှ ဆေးဖိုးစာရင်းရှင်းပေးခြင်းတို့နဲ့လည်း ဆောင်ရွက်ပေးနေပါတယ်။ အောက်ဆီဂျင်ကိစ္စနဲ့ပတ်သက်လို့တော့ အရေးပေါ်ဌာနမှာ ပိုက်လိုင်း

စနစ်နဲ့ အောက်ဆီဂျင်ကိုသုံးနိုင်ရန် စီစဉ်ထားပါတယ်။ စုစုပေါင်း ၁၅ နေရာမှာ အောက်ဆီဂျင် အသင့်ရရှိနိုင်အောင် ရန်ကုန်ဆေးရုံကြီးမှာ ဆောင်ရွက်ထားတာ ရှိပါတယ်။ အတွင်းလူနာဆောင် များမှာရှိတဲ့ ဆေးရုံတက်ရောက်နေတဲ့ ချို့တဲ့လူနာများအတွက် သက်ဆိုင်ရာဌာနတာဝန်ခံကနေ စီစဉ် ဆောင်ရွက်ပေးရန် ဆေးပဒေသာပင်အတိုးငွေကို လူနာဆောင်တစ်ခုလျှင် တစ်နှစ်အတွက်ငွေကျပ် ကိုးသောင်းခွဲဝေပေးပြီး သီးခြားလိုအပ်ချက်ရှိပါက ဆေးသိုလှောင်ရေးဌာနသို့ တောင်းခံလွှာပေးပို့၍ ဒုတိယဆေးရုံအုပ်မှတစ်ဆင့် ထပ်မံဝယ်ယူပေးတယ်။ စရိတ်မျှပေးဆေးဖိုးငွေကို ဆေးရုံအုပ်ကြီး၏ ခွင့်ပြုချက်ဖြင့် အသုံးပြုပါတယ်။ လူနာဆောင်တာဝန်ခံ ဆရာဝန်ကြီး၏ အစီအစဉ်ဖြင့် ဆေးဝယ်ယူရန် အလှူငွေသီးခြား စုဆောင်းထားခြင်းများလည်းရှိပါတယ်။ ဒီဗဟိုဆေးသိုလှောင်ရေးဌာနက ထုတ်ယူ ရရှိတဲ့ဆေးများကို ချို့တဲ့နွမ်းပါးလူနာအတွက် အသုံးပြုရန် လူနာဆောင်များကို ထုတ်ပေးတယ်။ ဌာနဆိုင်ရာရန်ပုံငွေစာရင်းနဲ့ ဆေးဝါးဝယ်ယူဖြည့်ဆည်းပေးခြင်းများကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ဒီဆင်ခြေဖုံးဒေသနေရာတွေကနေ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်လူနာများကို လွှဲပြောင်းတဲ့အခါမှာ လူနာတင်ယာဉ်အခက်အခဲရှိတယ်။ လုံလောက်မှုမရှိဘူးဆိုတာ မှန်ပါတယ်။ ဒါကြောင့်မို့လို့ လူနာတင်ယာဉ်များ ထပ်မံဖြည့်ဆည်းရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက် နေပြီဖြစ်ကြောင်း၊ နောင်မှာလူနာလွှဲပြောင်းပေးပို့ရာမှာ ကြန့်ကြာခက်ခဲမှုများ တတ်နိုင်သလောက် လျော့နည်းသွားမှာ ဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

ဒီကင်ဆာရောဂါအတွက်ကိုပေးတဲ့ Radio Therapy Machine နဲ့ပတ်သက်လို့ ကျွန်တော် ဖြေကြားရမယ်ဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ အရင်က Radio Therapy Machine စက်သုံးလုံးရှိ ပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်ကျော်က တစ်လုံးဟာ လုံးဝပျက်စီးသွားပြီးတော့ ဘယ်လိုမှ ပြန်ပြင်လို့ မရဘူး။ ယခုအခါ စံနှုန်းမီတဲ့စက်တစ်လုံးနဲ့ အင်အားကျနေတဲ့စက်တစ်လုံး၊ စက်နှစ်လုံးဖြင့်သာ ကုသပေးနိုင်တဲ့ အတွက် လူနာများစောင့်ဆိုင်းချိန်ဟာ သုံး၊ လေးလအထိကြာတာရှိတယ်။ အဲဒီအခါကျလို့ရှိရင် အဲဒီလောက်ကြာမှကုသမယ်ဆိုရင်လည်း ထိရောက်မှုအားနည်းသွားမယ်။ ကင်ဆာအဆင့်မြင့်သွားတဲ့ အတွက်ကြောင့်မို့လို့ ထိခိုက်သွားတာတွေရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လမှ စပြီးတော့ ပြည်သူလူထု ထည့်ဝင် အလှူငွေကိုလက်ခံပြီးတော့ ကျပ်သိန်းပေါင်း ၁၁၅၀၀ တန်ဖိုးရှိတဲ့ Theratron Phoenix External Therapy System ကို ကနေဒါနိုင်ငံကမှာယူ တင်သွင်းခဲ့အခါမှာ ၂၆-၇-၂၀၁၁ ခုနှစ်၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည်ဆေးကုဌာနရှိ အသင့်ပြင်ဆင်ထားတဲ့ စံနှုန်းကိုက် အဆောက်အဦမှာ ရောက်ရှိပြီးဖြစ်ရာ ခုချိန်မှာတော့ သက်ဆိုင်ရာ နိုင်ငံခြားသား အင်ဂျင်နီယာကနေပြီးတော့ စတင်တပ်ဆင် နေပါတယ်။ စက်တင်ဘာလအတွင်းမှာ ပထမပတ်မှာ

ဒီကနေဒါက အင်ဂျင်နီယာ တစ်ဦးထပ်မံရောက်ရှိ လာပြီးတော့ I.A.E.A မှ တာဝန်ရှိပညာရှင်များ နှင့်အတူ စစ်ဆေးမှာဖြစ်ပါတယ်။ ဒီဟာသည် ရေဒီယိုဓာတ်ကြွပစ္စည်းကို သုံးရတဲ့အတွက် နိုင်ငံတကာ အနုမြူစွမ်းအားကော်မရှင်ကနေ တာဝန်ရှိတဲ့လူတွေ လာရောက်စစ်ဆေးပြီးမှ သုံးလို့ရတဲ့ပစ္စည်း ဖြစ်ပါတယ်။ ရောင်းတဲ့နိုင်ငံက အင်ဂျင်နီယာတွေ ကိုယ်တိုင်လာပြီးတော့ဆင်တယ်၊ စစ်ဆေးတယ်၊ ပြီးရင် IAEA ကလည်း လာစစ်ဆေးပြီးတော့ ရောင်ခြည် ထွက်နှုန်းတွေကို စံကိုက်ပြုလုပ်ပြီးမှသာ ဆေးရုံအုပ်ကြီးတွေကို လွှဲပြောင်းပေးရမှာ ဖြစ်တဲ့အတွက် လူနာကုသခြင်းကို အောက်တိုဘာလ လယ်မှစပြီးတော့ ဆောင်ရွက်နိုင်မယ်လို့ ခန့်မှန်းပါတယ်။ ဒီလိုပျက်နေတဲ့စက်တွေကိုလည်း ပြင်မယ်။ အသစ်လည်း ထပ်ဝယ်တဲ့အခါမှာ I.A.E.A အကူနဲ့ ဆောင်ရွက်ပြီး တဲ့အခါမှာ သုံးလုံးစလုံး လည်ပတ်နိုင်မယ်ဆိုရင်တော့ လူနာများစောင့်ဆိုင်းချိန် တစ်လခန့်သာရှိတော့မယ်။ အဲဒီစောင့်ဆိုင်းချိန် ကာလအတွင်းမှာ လိုအပ်တဲ့ပြင်ဆင်မှုနဲ့ ဓာတ်ခွဲစမ်းသပ်မှုများကိုလည်း ဆောင်ရွက်ထားနိုင်မှာ ဖြစ်ပါတယ်။ ဒီမှာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းရဲ့ ဒီစက်တွေဟာ ကင်ဆာဆဲလ် တွေအပြင် ဘေးနားက တစ်ခြားကောင်းတာတွေကိုလည်း ထိခိုက်တယ်ဆိုတာမှန်ပါတယ်။ ဒါ့ကြောင့် ဒီပေးတာမှာ ဓာတ်ရောင်ခြည်နဲ့ကုသနည်း သုံးမျိုးရှိပါတယ်။ တစ်ခုက External radiation လို့ ခေါ်တဲ့ အပြင်ကနေ ရောင်ခြည်ပေးပြီး ကုသတာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ Battery Therapy လို့ခေါ်တဲ့ ဒီကင်ဆာဖြစ်တဲ့နေရာဘေးနားကို ရေဒီယိုသတ္တိကြွတဲ့ ပစ္စည်းလေးကိုထည့်ပြီးတော့ ရောင်ခြည်ကို အနီးကပ်ပြီးပေးတာ ဖြစ်ပါတယ်။ နောက်တစ်ခုကျတော့ ဒီသွေးကြောထဲကို ရေဒီယိုဓာတ်ကြွပစ္စည်းပါတဲ့ ဆေးတစ်ခုကိုထည့်ပြီးတော့ ကင်ဆာဖြစ်တဲ့နေရာကို သွေးကြောကနေတစ်ဆင့် ရောက်အောင်သွားပြီးတော့ ဓာတ်ရောင်ခြည် ပေးတာရှိပါတယ်။ ဒီသုံးမျိုး အကြမ်းဖျဉ်းပြောလို့ရပါတယ်။ အဲ့ဒီသုံးမျိုးစလုံးသည် ကင်ဆာဆဲလ်များကိုသာမက ပုံမှန်ဆဲလ်များကို ထိခိုက်စေတာချည်းပဲ ဖြစ်ပါတယ်။ အနည်းနဲ့အများပဲ ကွာပါတယ်။ ဆိုလိုရင်းကတော့ ဒီနည်းပညာတွေ တိုးတက်လာတာနဲ့အမျှ စက်အသစ်တွေ ပေါ်လာတဲ့အခါမှာ ကင်ဆာဆဲလ်များကို ထိခိုက်စေတဲ့နှုန်းကများပြီးတော့ Normal ဆဲလ်တွေကို ထိခိုက်နှုန်းနည်းတဲ့စက်တွေ တစ်နေ့တခြား ပေါ်ပေါက်လာနေတဲ့အသစ်တွေရှိပါတယ်။ အဲဒါတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ တင်သွင်းနိုင်ဖို့၊ နောက်ပြီးတော့ အဲဒါနဲ့ပတ်သက်တဲ့ နည်းပညာကို ကျွန်တော်တို့ရဲ့ ပညာရှင်များ ဒီ Training ရနိုင်ဖို့အတွက်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်ဆိုတဲ့ အကြောင်းဖြေကြားလိုပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က မေးမြန်းတဲ့ မေးခွန်း ဖြစ်ပါတယ်။ အဲဒီမေးခွန်းကို ကျွန်တော် သောကြာနေ့က ဦးသိန်းညွန့်ရဲ့ မေးခွန်းနဲ့

ဆင်တူရိုးမှား ဖြစ်တဲ့အတွက် ကျွန်တော်ဖြေပြီး ဖြစ်ပါတယ်။ တချို့အချက်လေးတွေကိုပဲ ပြန်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အမှတ်ရအောင် ကျွန်တော့် ဖြေကြားချက်ကလေးတွေ ပြန်ပြောလိုပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှာ ဆရာဝန်များ ထမ်းဆောင်တဲ့ ရာထူးအဆင့်ဆင့် ခွင့်ပြု ၉၈၃၆ နေရာ ရှိတဲ့အနက် ၇၅၆၀ နေရာမှာ ရာခိုင်နှုန်းအားဖြင့်လည်း ၇၆.၈၆ ရာခိုင်နှုန်း ခန့်အပ်တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။ ဆေးတက္ကသိုလ်အသီးသီးကနေ ဆေးပညာဘွဲ့ရရှိပြီးတဲ့ ဆရာဝန် သစ်လွင်တွေကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာနများမှာ လက်ထောက်ဆရာဝန် ဒါမှမဟုတ် သူနဲ့အဆင့်တူတဲ့ရာထူးများမှာ စတင်ခန့် အပ်တာဝန်ပေး ထမ်းဆောင်စေပါတယ်။ အဓိကအားဖြင့် ဆေးရုံဖက်လို့ခေါ်တဲ့ ကျန်းမာရေးဦးစီးဌာနနဲ့ ဆေးကျောင်းဖက်လို့ခေါ်တဲ့ ဆေးသိပ္ပံပညာဦးစီးဌာနတို့မှာ စတင်ခန့်အပ်ပေးပါတယ်။ ကျန်းမာရေးဦးစီးဌာနဆေးရုံများမှာ လက်ထောက် ဆရာဝန်ရာထူးနေရာ ၅၅၈၁ နေရာ ခွင့်ပြုချက်ရှိတဲ့အနက် ၃၆၄၆ ဦးကို ခန့်ထားပြီးဖြစ်တဲ့အတွက် ၁၉၃၅ နေရာလစ်လပ်ပါတယ်။ ဆေးသိပ္ပံပညာဦးစီးဌာနတွင် သင်ကြားရေးတက္ကသိုလ်တွေမှာ နည်းပြရာထူး ၉၂၂ နေရာခွင့်ပြုချက်ရှိတဲ့အနက် ၆၅၄ နေရာကို ခန့်ထားပြီးဖြစ်ရာ ရာထူး ၂၆၈ နေရာလစ်လပ်ပါတယ်။ စုစုပေါင်းလစ်လပ်နေရာ ၂၂၀၃ နေရာအတွက်ကို ဆေးပညာဘွဲ့ရ သစ်လွင်ဆရာဝန်များကို ဖြည့်စွက်ခန့် ထားရန်အတွက်ကို တင်ပြညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ အဲဒီတော့ ပြင်ပမှာအလုပ်လုပ်နေတယ်ဆိုတဲ့ နိုင်ငံတော်က မခန့်တဲ့အတွက်ပြင်ပမှာ လုပ်နေတဲ့ ကိစ္စကိုတော့ ကျွန်တော်နည်းနည်းလေးပြောပါရစေ ၂၀၀၉ ခုနှစ်ထိ ခန့်သွားတဲ့အခါမှာ ဆယ်နှစ်တာ ကာလမှာ အောင်သမျှလူအားလုံးကို ကျွန်တော်တို့ ခန့်နိုင်ခဲ့ပါတယ်။ အောင်သမျှလူအားလုံးကို ခန့်ပေမယ့် အောင်သမျှဆရာဝန်အားလုံး အစိုးရအလုပ်ကို ဝင်တာမဟုတ်ပါဘူး။ တချို့သည် ပြင်ပဆရာဝန်များအဖြစ်နဲ့ တာဝန်ထမ်းဆောင်ပါတယ်။ တချို့က နိုင်ငံခြားထွက်ပါတယ်။ တချို့က တော့ ဆရာဝန်မဟုတ်တဲ့ အခြားအလုပ်တွေကို လုပ်ကြပါတယ်။ လျှောက်သမျှကိုခန့် တဲ့ခေတ်ကာလ မှာလည်း ဆရာဝန်မလုပ်ဘဲနဲ့ ပြင်ပကိုယ်နှစ်သက်ရာလုပ်ငန်းကို လုပ်တဲ့ဆရာဝန်များလည်း ရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ကတော့ နိုင်ငံတော်ကမခန့်နိုင်လို့ အပြင်မှာလုပ်နေရ တယ်ဆိုတဲ့ အဖြစ်မျိုးမဖြစ်အောင် ခန့်အပ်ဖို့အတွက်ကို အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်နေပါတယ်။ တကယ်လုပ်ချင်ရဲ့သားနဲ့ လုပ်လို့မရဘူး။ မဖြစ်အောင် စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အမှန်တကယ် ဆေးကျောင်းဝင်ကတည်းက ဆရာဝန်တကယ်လုပ် ချင်တဲ့လူတွေကိုပါလာအောင် ကိုလည်း ဆေးကျောင်းရွေးချယ်တဲ့ အချိန်ကတည်းကနေစပြီးတော့ မိဘတိုက်တွန်းလို့ အမှတ်ကောင်း လို့တော့မဟုတ်ဘဲနဲ့ အမှန်တကယ်ဆရာဝန်လုပ်ချင်တဲ့သူတွေ ဆေးကျောင်းကို ရောက်လာအောင်

ဆေးတက္ကသိုလ်ဝင်ခွင့် အစီအစဉ်များကိုလည်း ပြီးခဲ့တဲ့ကျန်းမာရေး စောင့်ရှောက်မှုအဆင့်မြှင့်တင့်ရေး အလုပ်ရုံဆွေးနွေးပွဲကြီးမှာ ပညာရှင်ကြီးများ ဝိုင်းဝန်းဆွေးနွေးပြီးတော့ စနစ်များကို စဥ်းစား ဆောင်ရွက်လျက်ရှိတဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**ဘဏ်အတိုးနှုန်းများ ပြင်ဆင်ပြောင်းလဲသတ်မှတ်ပေးနိုင်မည့်အစီအစဥ်ရှိ၊ မရှိ နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးစိုးနိုင်၊ ဖျာပုံမဲဆန္ဒနယ်က မေးဖို့ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၄၈။**

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံအတွင်းမှာရှိတဲ့ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်၊ ဘဏ်အသီးသီးကနေပြီးတော့ ယနေ့ သတ်မှတ်ဆောင်ရွက်လျက်ရှိတဲ့ ဘဏ်အတိုးနှုန်းများ ပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးနိုင်မယ့် အစီအစဥ် ရှိ၊ မရှိ မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံအတွင်းမှာ လက်ရှိ ဖြစ်ပေါ်နေတဲ့ စီးပွားရေး အခြေအနေများအရ စဥ်းစားသုံးသပ်ရန် အချက်တစ်ချက်အဖြစ် လိုအပ်သည်လို့ ထင်မြင်ယူဆတဲ့အတွက်လည်းပဲ မေးမြန်းရခြင်းဖြစ်ပါတယ်။ ယခု မေးခွန်းနှင့်ပတ်သက်၍ အကျိုးအကြောင်း ရှင်းလင်းတင်ပြခွင့်ပြုပါရန်လည်းပဲ ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာရှိတဲ့ဘဏ်အားလုံးရဲ့ ဘဏ်တိုးအပ်ငွေအပေါ် အတိုးနှုန်းကတော့ ၁၂ ရာခိုင်နှုန်းဖြစ်ပြီးတော့ ဘဏ်ကနေပြီးတော့ ပြန်ချေးတဲ့ချေးငွေအပေါ် အတိုးနှုန်းကတော့ ၁၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီအတိုးနှုန်းဟာ အာဆီယံနိုင်ငံများနဲ့ အာရှနိုင်ငံအချို့ရဲ့ ဘဏ်အတိုးနှုန်းနဲ့ နှိုင်းယှဥ်ကြည့်မယ်ဆိုလို့ရှိရင်တော့ ဘဏ်အတိုးနှုန်း မြင့်မားနေတာကို တွေ့ရှိရပါတယ်။ ဤကဲ့သို့ ဘဏ်အတိုးနှုန်းမြင့်မားနေတာကြောင့် ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိနိုင်ငံများ၊ ဒေသတွင်းမှာရှိတဲ့ နိုင်ငံများရဲ့ဘဏ်အတိုးနှုန်း အခုလို မြင့်မားနေတာကြောင့် အချက်နှစ်ချက်ကိုသွားပြီးတော့ တွေ့ရ ပါတယ်။ အဲဒါကတော့ ပထမတစ်ချက်ကတော့ ပြည်တွင်းမှာ ရှိတဲ့လုပ်ငန်းရှင်များအနေနဲ့ ပြည်တွင်း စီးပွားရေးလုပ်ကိုင်ဖို့လိုအပ်တဲ့ငွေကို ဘဏ်ကချေးယူပြီးတော့ ပြန်ဆပ်တဲ့နေရာမှာ မြင့်မားနေတဲ့ အတိုးနှုန်းကြောင့်လည်းကောင်း၊ လက်ရှိဒေါ်လာငွေ ကျဆင်းပြီးတော့ ကျပ်ငွေတန်ဖိုး မြင့်မားလျက်

ရှိပြီးတော့ ပို့ကုန်လုပ်ငန်းပမာဏကျဆင်းပြီး အကျိုးအမြတ်ရရှိမှု နည်းပါးနေခြင်းကြောင့်လည်းကောင်း လက်ရှိလုပ်ငန်းရှင်အများစုဟာ အခက်ကြုံလျက် ရှိပါတယ်။

နောက်အချက်တစ်ချက်အနေနဲ့ကတော့ အချို့အိမ်နီးချင်းနိုင်ငံများကနေပြီးတော့ မြန်မာနိုင်ငံအတွင်းကို နည်းအမျိုးမျိုးနဲ့ ငွေကြေးများစီးဝင်လာတယ်ဆိုကြောင်းကိုလည်းပဲ ပြောဆိုလျက်ရှိပြီးတော့ ပြည်တွင်းမှာရှိတဲ့ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအပေါ်မှာ မလိုလားအပ်တဲ့အကျိုးသက်ရောက်မှုများရှိလာ တာကိုလည်းပဲ သုံးသပ်ပြောဆိုလျက်ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဘဏ်အတိုးနှုန်းများ ပြင်ဆင်သင့်ကြောင်းကိုလည်းပဲ အောက်ပါအတိုင်းတင်ပြလိုပါတယ် -

ပထမတစ်ချက်ကတော့ အခုလက်ရှိသတ်မှတ်ထားတဲ့အပ်ငွေအပေါ် ၁၂ ရာခိုင်နှုန်းနဲ့ချေးငွေအပေါ် ၁၇ ရာခိုင်နှုန်းသည် ဒီဘဏ်အတိုးနှုန်းဟာ ၂၀၀၆ ခုနှစ်ကစတင်သတ်မှတ်ခဲ့ပြီးတော့ ယနေ့ထိနှစ်ပေါင်း ငါးနှစ်ကျော်ကြာ ပြုပြင်ပြောင်းလဲမှုမရှိသေးတာကို တစ်ချက်တွေ့ရပါတယ်။ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စားသုံးကုန်ဈေးဆနှုန်းကိန်း Consumer Price Index (CPI) အပေါ်တွက်ပြီးတော့ရတဲ့ မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၂၀၁၁ ခုနှစ်၊ မတ်လမှာ ၈.၂ ရာခိုင်နှုန်း၊ ဧပြီလမှာ ၈.၃ ရာခိုင်နှုန်း၊ မေလမှာ ၈.၂ ရာခိုင်နှုန်း၊ ဇွန်လမှာ ၇.၈ ရာခိုင်နှုန်းနဲ့ အခု ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှာ ၇.၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီမှာလည်းပဲ ဘဏ်များရဲ့စုဆောင်းငွေ ပေါ်အတိုးနှုန်းဟာ ငွေကြေးဖောင်းပွမှုနှုန်းထက်မြင့်နေမှသာ ဘဏ်များအပိုင်းက လုပ်ကိုင်လည်ပတ်နိုင်မှာဖြစ်ပြီးတော့ ပြည်သူများကလည်းပဲ ဘဏ်ကိုငွေအပ်နှံကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘဏ်အတိုးနှုန်း ပြုပြင်ပြောင်းလဲရေးအတွက်ကိုလည်းပဲ သုံးသပ်စဥ်းစားရန် လိုအပ်တဲ့အခြေအနေ ရှိကြောင်းကို တွေ့ရှိရပါတယ်။

ကျွန်တော့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့လည်းပဲ နိဂုံးချုပ် အောက်ပါအတိုင်း အကြံပြုတင်ပြလိုပါတယ်။ ပထမတစ်ချက်ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်များရဲ့ဘဏ်အတိုးနှုန်း သတ်မှတ်ချက်ဟာ ဒီသတ်မှတ်ချက်ကို အခြားငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနဲ့အတူ စဥ်းစားသုံးသပ်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ဘဏ်များကနေ လုပ်ငန်းရှင်ကိုငွေထုတ်ချေးရာမှာ သတ်မှတ်ထားတဲ့အတိုးနှုန်းကို နှစ်ဦးနှစ်ဖက်အတွက် သင့်လျော်တဲ့အတိုးနှုန်းဖြစ်သင့်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ တတိယအချက်နေနဲ့ကတော့ ဒီဘဏ်အတိုးနှုန်းတွေ ပြုပြင်ပြောင်းလဲမယ် ဆိုလို့ရှိရင်လည်းပဲ Step By Step တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်အကြံပြုလိုပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ ဒီမြန်မာငွေတန်ဖိုးမြင့်မားပြီးတော့ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းပြီးတော့ ယနေ့ကာလ မြန်မာ့စီးပွားရေးလုပ်ငန်းရဲ့ ပို့ကုန်လုပ်ငန်းများ အခက်အခဲကြုံတွေ့နေရတဲ့အချိန်မှာ လုပ်ငန်းများပြန်လည်လုပ်ကိုင်နိုင်တဲ့အခြေအနေမျိုး Recovery ရအောင် အခုလို မြင့်မားနေတယ်လို့ သုံးသပ်ရတဲ့ဘဏ်အတိုးနှုန်းပြင်ဆင်ရေးကို အခြားငွေကြေးဆိုင်ရာ ပြောင်းလဲမှုများနဲ့အတူ သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊၁၀ း ၅၄။**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ရှေးဦးစွာ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်း၊ ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ရဲ့ဘဏ်အတိုးနှုန်းများ ပြုပြင်ပြောင်းလဲ သတ်မှတ်ရေးနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်း တင်ပြလိုပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုဖို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတိုးနှုန်းများကို လိုအပ်သလိုသတ်မှတ်ပြီး ဘဏ်များ၏အပ်ငွေအပေါ် အတိုးနှုန်းများ၊ ချေးငွေအပေါ် အတိုးနှုန်းများကို ထိန်းကျောင်းပေးလျက် ရှိပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့လည်း ဗဟိုဘဏ်ဥပဒေ၊ နည်းဥပဒေများအရ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုတို့အတွက် လက်ရှိစီးပွားရေးနှင့် ငွေရေးကြေးရေးအခြေအနေပေါ်ကို လေ့လာပြီး ငွေကြေးမူဝါဒ နည်းလမ်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ငွေကြေးမူဝါဒနည်းလမ်းတစ်ခု ဖြစ်တဲ့ အတိုးနှုန်းပြောင်းလဲခြင်းကို ကျင့်သုံးရာမှာ ဗဟိုဘဏ်များအနေနဲ့ တိုင်းပြည်ရဲ့စီးပွားရေး ကျဆင်းနေတဲ့၊ ရပ်တန့်နေတဲ့အခြေအနေမှာ ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်နှင့် စီးပွားရေး အရှိန်မြှင့်တင်ဖို့အတွက် ငွေကြေးပမာဏကို ပိုမိုဖြည့်ဆည်းပေးရန် လိုအပ်တဲ့အတွက်ကြောင့် အတိုးနှုန်းကို လျှော့ချလေ့ရှိပါတယ်။ စီပွားရေးအရှိန်အဟုန်မြင့်လွန်းတဲ့ အခြေအနေနှင့် ငွေကြေး ဖောင်းပွမှုတွေမြင့်မားနေမယ်၊ ဒီအခြေအနေမှာဆိုရင် ငွေကြေးပမာဏကို လျှော့ချထိန်းချုပ်ဖို့အတွက် လိုအပ်တဲ့အတွက်ကြောင့် အတိုးနှုန်းကို မြှင့်တင်ပေးလေ့ရှိပါတယ်။ ဘဏ်အတိုးနှုန်းကို သတ်မှတ်တဲ့နေရာမှာ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များနဲ့ လက်ရှိအခြေအနေ၊ ငွေကြေး ပမာဏ၊ ပြည်တွင်းကုန်စျေးနှုန်း၊ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုစတဲ့ ဘက်ပေါင်းစုံကနေပြီးတော့မှ

စဉ်းစားဆောင်ရွက်ရမယ့်ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်၏ စီးပွားရေးအခြေအနေတွေကို အထောက်အပံ့ဖြစ်စေဖို့အတွက် ဘဏ်အတိုးနှုန်းတွေကို ပြန်လည် လေ့လာခဲ့တဲ့အခါမှာ ၁၉၉၀ ပြည့်နှစ်ကနေ ၁၉၉၄ ခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်း၊ ၁၉၉၅ ခုနှစ်မှာ ၁၂.၅ ရာခိုင်နှုန်း၊ ၁၉၉၆ ခုနှစ်ကနေပြီးတော့ ၁၉၉၈ ခုနှစ်အတွင်း ၁၅ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်း ၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အတွင်းမှာ ၁၀ ရာခိုင်နှုန်း အသီးသီးပြောင်းလဲပေးခဲ့ပါတယ်။ ၎င်းနဲ့ဆက်စပ်ပြီး ချေးငွေအပေါ်ပေးရတဲ့ အတိုးနှုန်းကိုလည်း ၁၉၉၀ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း ၁၅ ရာခိုင်နှုန်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း ၁၆.၅ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၅ အထိ ၁၅ ရာခိုင်နှုန်း အသီးသီးသတ်မှတ်ပေးခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ မြန်မာနိုင်ငံတော်ရဲ့ ဗဟိုဘဏ်အတိုးနှုန်းကို ၁၀ ရာခိုင်နှုန်းမှာ ၁၂ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ပြီး ဘဏ်များရဲ့ အပ်ငွေပေါ်မှာပေးရမည့် အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း ၁၂ ရာခိုင်နှုန်းထက် မများစေရန်နှင့် ချေးငွေအပေါ်မှာ တောင်းခံသည့် အမြင့်ဆုံးအတိုးနှုန်းဟာ ဗဟိုဘဏ်အတိုးနှုန်း၏ ၄း ရာခိုင်နှုန်း ဖြစ်သည့် ၁၇ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် သတ်မှတ်ပေးခဲ့ပါတယ်။ ၎င်းကို ဒါ့အပြင် စက်မှုဇုန် ဝင်ချေးငွေနှင့် စီမံကိန်းဝင်စိုက်ပျိုးရေး ချေးငွေများအတွက်ကိုတော့ ၁-၄-၂၀၀၆ ရက်နေ့ကစပြီးတော့ တစ်နှစ်ကို ၁၅ရာခိုင်နှုန်းထက် မပိုသောအတိုးနှုန်းဖြင့် ထုတ်ချေးရန် ညွှန်ကြားသတ်မှတ်ခဲ့ပါတယ်။ ဒီလိုသတ်မှတ်ခဲ့ခြင်းမှာ စက်မှုလုပ်ငန်းများအတွက် ဘဏ်ချေးငွေအတိုးနှုန်း လျှော့ပေါ့သတ်မှတ်ခြင်းအားဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ဘဏ်များရဲ့အပ်ငွေ၊ ချေးငွေများဟာလည်းပဲ နှစ်စဉ်အတိုးတက်လျက်ရှိပါတယ်။ စက်မှုလုပ်ငန်းချေးငွေအတွက် အတိုးနှုန်း အပါအဝင် ဘဏ်အတိုးနှုန်းများနဲ့ ဆက်စပ်လျက်ရှိတဲ့ စီးပွားရေးဆိုင်ရာ အချက်အလက်တွေကိုလည်း အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုလျက် ရှိပါတယ်။ ဘဏ်မှာစုဆောင်းသူများအနေနဲ့ စီပွားရေးလုပ်ငန်း ဆောင်ရွက်လို၍ ဘဏ်ကငွေချေးလိုသူ နှစ်ဦးနှစ်ဘက် သင့်တင့်မျှတပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မယ့် အတိုးနှုန်းပြောင်းလဲရေးကိုလည်း အမြဲတမ်းလေ့လာနေတာ ဖြစ်တဲ့အတွက်ကြောင့် ဗဟိုဘဏ်အနေနဲ့ သင့်တော်သောအချိန်ကာလမှာ ဘဏ်အတိုးနှုန်း ပြောင်းလဲရေးကို စီစဉ် ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြ လိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြန်မာနိုင်ငံမှ ပညာရှင်များ ပြည်ပနိုင်ငံများသို့ ထွက်ခွာမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးရွှေမောင်(ခ) အဒူရော်ဇက်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၅၈။**

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းနဲ့ ပတ်သက်ပြီး အနည်းငယ်ရှင်းပြခွင့်ပြုပါရန် ရိုသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ခေတ်အဆက်ဆက်ပြောင်းလဲလာခဲ့ရာ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကိစ္စ၊ အကြောင်းကြောင်းကြောင့် မြန်မာနိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင် မြောက်မြားစွာတို့သည် ပြည်ပနိုင်ငံများသို့ ထွက်ခွာသွားခဲ့ကြသဖြင့် Brain Drain ဖြစ်ပြီးတော့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် များစွာထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရပါတယ်။ ဥပမာတစ်ခုအနေနဲ့ တင်ပြရလျှင် လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းမှာ မြန်မာနိုင်ငံမှ အခြေခံပညာအထက်တန်းကို ထူးချွန်စွာအောင်မြင်ပြီးတော့ စင်္ကာပူနိုင်ငံမှာရှိတဲ့ ပိုလီတက္ကနစ်ကျောင်းတွေမှာ သုံးနှစ်ခန့် နည်းပညာများ သင်ကြားအောင်မြင်ရုံဖြင့် စင်္ကာပူနိုင်ငံမှ အလုပ်တွေပေး PR လို့ခေါ်တဲ့ အမြဲတမ်းနေထိုင်ခွင့်တွေပေးပြီး အချို့ကို နိုင်ငံသားများအဖြစ် အသိအမှတ်ပြုပြီးတော့ စင်္ကာပူနိုင်ငံကို အလုပ်အကျွေးပြုပေးနေတဲ့ မြန်မာပြည်မှ အတတ်ပညာရှင်၊ အသိပညာရှင်သုံးသောင်းမှ လေးသောင်းခန့်အထိရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒီ အသိပညာရှင်၊ အတတ်ပညာရှင် သုံး၊ လေးသောင်းခန့်မှာ မြန်မာနိုင်ငံမှ အခြေခံပညာအထက်တန်းစာမေးပွဲကို အောင်မြင်ခဲ့တဲ့သူများဖြစ်တဲ့အတွက်ကျွန်တော်တို့ နိုင်ငံတော်မှကုန်ကျခဲ့တဲ့ ငွေကြေးများ၊ အချိန်များ အားလုံးကအလဟဿဖြစ်သလို ဖြစ်သွားပါတယ်။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ပြောင်းလဲချီတက်နေပြီဖြစ်ရာ ပြည်သူလူထု၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များအား ပြည်ပနိုင်ငံများသို့ ထွက်ခွာခြင်းမပြုဘဲ မိမိနိုင်ငံနဲ့လူမျိုးအား အလုပ်အကျွေးပြုနိုင်ရန်အတွက် လိုအပ်သလို ဆောင်ရွက်ရန်လည်းကောင်း ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြသော ထူးချွန်ထက်မြက်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များအား မိမိတို့၏ အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူကာ တိုင်းပြည်နှင့်လူမျိုးအတွက် ကျရာတာဝန်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် နိုင်ငံသားတိုင်း ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခွင့် ရရှိအောင်နိုင်ငံတော်အစိုးရမှ

စီမံချက်တစ်ရပ်ချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ကူးပြောင်းခဲ့ပြီဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွား အတွက် မြန်မာနိုင်ငံမှပြည်ပနိုင်ငံများသို့ ပညာရှင်များ မထွက်ခွာအောင်၊ ထွက်ခွာသွားပြီးဖြစ်သော ပညာရှင်များအား အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိအောင် နိုင်ငံတော်အစိုးရမှ စီမံချက်တစ်ရပ် ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်း အပ်ပါသည်။ အားလုံးကို အထူးပင်ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၊၁၁ း ဝ၃။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်ရဲ့ မြန်မာနိုင်ငံမှ ပြည်ပသို့ပညာရှင်များ ထွက်ခွာသွားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ပြည်ထဲရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက လူငယ်အချို့ဟာ နိုင်ငံခြားတိုင်းပြည်ကို သွားရောက်ပြီးတော့ ပညာသင်ကြားရာမှ မိမိနိုင်ငံသို့ ပြန်လည်လာရောက်ခြင်းမရှိတော့ဘဲ နိုင်ငံခြားတိုင်းပြည်မှာသာ အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင် နေကြခြင်း၊ ပြည်တွင်းမှ အချို့ပညာရှင်များကလည်း ပြည်ပနိုင်ငံများကို အကြောင်းအမျိုးမျိုးပြပြီး အပြီးအပိုင်ထွက်ခွာသွားခြင်းများ ရှိနေတာကိုတွေ့ရှိရပါတယ်။ ဒါအပြင်အချို့ပညာရှင်များဟာ အပြီးအပိုင်ထွက်ခွာသွားခြင်း မဟုတ်ပေမယ်လို့ နိုင်ငံခြားတိုင်းပြည်မှာ အလုပ်သွားရောက် လုပ်ကိုင် နေကြခြင်းလည်းရှိပါတယ်။ တင်ပြတဲ့အတိုင်း မိမိနိုင်ငံရဲ့ အကျိုးမပြုဘဲ အခြားပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်နေခြင်းဟာ အခြားသော အကြောင်းအခြင်းအရာများကို အကြောင်းပြနေ စရာမလိုဘဲ အဓိကအားဖြင့်ကတော့ နိုင်ငံသားတစ်ဦးချင်းရဲ့ မျိုးချစ်စိတ်ဓါတ်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓါတ်ပေါ်မှာသာ အခြေခံကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အခုအခါမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတိုင်းဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ခံစားနိုင်အောင် ဥပဒေများပြဋ္ဌာန်းထားရှိပြီး

ဖြစ်ပါတယ်။ ဤဥပဒေတွေထဲမှာ အလုပ်အကိုင် အခွင့်အလမ်းနဲ့ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၆၆(ဂ)မှာ သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနဲ့ အနုပညာ ခေတ်မီတိုးတက်ရန် တီထွင်ကြံဆဖော်ထုတ် ရေးသားမှု၊ ယဉ်ကျေးမှုကိစ္စရပ်တွေမှာ လွတ်လပ်စွာသုတေသန ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၆၈ မှာ နိုင်ငံတော်က ပညာထူးချွန်တဲ့ နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ ၎င်းတို့၏အရည်အချင်းအလိုက် ချီးမြှင့်ထောက်ပံ့မယ်လို့ ပြဋ္ဌာန်းထားပြီးဖြစ် ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၀ မှာ နိုင်ငံသားများဟာ နိုင်ငံတော်အတွင်း အမျိုးသား စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းတွေကို ဥပဒေနဲ့အညီ လွတ်လပ်စွာ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြဋ္ဌာန်းထားပါတယ်။ ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၁ မှာ နိုင်ငံတော်သည် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း၊ အစရှိသည်တို့ကိုရရှိစေရန် ကူညီမယ်လို့လဲ ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၂ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင် လျှင် စီးပွားရေးကိစ္စရပ်များကို ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တွေကိုလည်း နိုင်ငံတော်က အာမခံမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်က အထက်ပါအတိုင်း နိုင်ငံသားများရဲ့ အခွင့်အရေးတွေကို အပြည့်အဝပေးပြီး ဖြစ်တဲ့အတွက် ပညာရှင်များအနေနဲ့ ပြည်တွင်းမှာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်နိုင် ကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ဆောင်ရွက်လျက်ရှိနေတာဖြစ်လို့ နိုင်ငံတော်အတွက် ဆောင်ရွက်ပေးမယ့်မည်သည့် မြန်မာနိုင်ငံသားပညာရှင်မျိုးကိုမဆို လက်ကမ်းကြိုဆိုလျက်ရှိကြောင်း တင်ပြလိုပါတယ်။ အချို့သော ပုဂ္ဂိုလ်များအနေနဲ့ ပြည်ပနိုင်ငံများကို သွားရောက်ကြရာမှာ တရားဝင်သွားရောက်ရာမှ စည်းကမ်း ဖောက်ဖျက်ပြီး ပြည်ပမှာဆက်လက် နေထိုင်ခြင်း၊ တရားမဝင်နည်းလမ်းနဲ့ ပြည်ပထွက်ခွာခြင်းစတဲ့ ဥပဒေနဲ့မညီတဲ့ နည်းလမ်းတွေကို အသုံးပြု လျက်ရှိကြောင်း တွေ့ရပါတယ်။ မည်သည့်တရားမဝင် သွားရောက်မှုမျိုးကိုမဆို တရားဥပဒေအရ အရေးယူအပြစ်ပေးနိုင်ကြောင်း တင်ပြလိုပါတယ်။ သက်ဆိုင်ရာဌာနများကလည်း အာဆီယံရဲတပ်ဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဥပဒေချိုးဖောက်ကျူးလွန်ပါက နိုင်ငံခြားတိုင်းပြည်တွေကို ရောက်ရှိနေသူများကို လည်း ဖမ်းဆီးနိုင်ရေးဆောင်ရွက်လို့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မိမိနိုင်ငံမှ ပညာရှင်တွေကို ပြည်ပကိုမထွက်ခွာသွားစေရေးနဲ့ ပြည်ပကိုရောက်ရှိနေတဲ့ ပညာရှင်တွေကို မိမိနိုင်ငံကို ပြန်လည်

ရောက်ရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့လည်း ပေါင်းစပ်ဆွေးနွေးပေးလျက်ရှိပါတယ်။ ပြည်ပနိုင်ငံများကို အလုပ်အကိုင်အခွင့်အလမ်းအတွက် ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ အလုပ်သမားဝန်ကြီးဌာနရဲ့ကြီးကြပ်မှုနဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီတွေက တဆင့်စေလွှတ်လုပ်ကိုင်တဲ့ မြန်မာလုပ်သားတွေရှိပါတယ်။ ဒီ မြန်မာလုပ်သားတွေဟာ Semi - Skilled Labour လို့ခေါ်တဲ့ တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား၊ General Worker လို့ခေါ်တဲ့ အထွေထွေလုပ်သားတွေသာ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ကနေပြီးတော့မှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအထိ နိုင်ငံခြား၊ နိုင်ငံပေါင်း ၁၅ နိုင်ငံကို အလုပ်သမားပေါင်း ၅၈၆၈၀၆ ဦးကို စေလွှတ်ခဲ့ပါတယ်။ ဒီအထဲမှာ ပညာရှင်တွေမပါပါဘူး။ ထို့အတူ အိမ်ဖော်အလုပ်ကို လုပ်မယ့်သူတွေလည်း စေလွှတ်ခြင်းမရှိပါဘူး။ ပညာရှင်များအတွက် ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းကို ပိုမိုဖန်တီးပေးနိုင်ရန်အတွက်လည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလို သူများအား နည်းပညာမြင့်မားတဲ့ စက်ရုံ၊ အလုပ်ရုံဌာနတွေသုတေသနနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ပြည်တွင်းမှာထူထောင်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးတဲ့အပြင် ပြည်ပရောက်နေတဲ့ မြန်မာနိုင်ငံသား ပညာရှင်များကိုလည်း အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင် နိုင်အောင် ဆွဲဆောင်စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပေါ် ပြန်လည်ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၂၀၁၃ ခုနှစ်၊ ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၁ း ၀၈။**

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးရွှင်လန်းကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှထူးချွန်တဲ့ အားကစားသမားများကို ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ အသုံးပြုရန်အတွက် ဝန်ကြီးဌာနတစ်ခုခုက တာဝန်ယူပြီးတော့ ခန့်အပ်ပြီးတော့ လခများ ပေးထားခဲ့ပါတယ်။ ဒီအားကစားသမား ဝန်ထမ်းတွေဟာ အသက်အရွယ်ကြီးရင့်၍ အားကစားမှ အနားယူသောအခါ ဝန်ကြီးဌာနကပဲ ဆက်လက်ပြီးတော့ လခများပေးထားခဲ့ပါတယ်။

ဒါပေမယ့်လို့ ဒီဝန်ထမ်းတွေဟာ ပညာရေးဘွဲ့မရရှိတဲ့အတွက်ကြောင့် ရာထူးတိုးတက် ခဲ့ခြင်းမရှိပါဘူး။ ဒါ့ကြောင့် မြန်မာနိုင်ငံ အားကစားသမားကောင်းများ ပေါ်ထွက်လာရေးအတွက် ဘဝအာမခံချက် ရရှိစေရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိကို သိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ တစ်ဆက်တည်း ကျွန်တော် ဆက်လက်မေးမြန်လိုတာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်မှာ ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲမှာ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာမှာ ဆုတံဆိပ်ပေါင်း ၁၀၄ ခုနှင့် နိုင်ငံအလိုက် ပထမရရှိ ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ် ပြိုင်ပွဲမှာလည်း ဆုတံဆိပ်ပေါင်း ၁၄၉ ခုနဲ့ နိုင်ငံအလိုက် ပထမ ရရှိခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မြန်မာနိုင်ငံမှာ ကျင်းပမယ့် ၂၇ ကြိမ်မြောက် ၂၀၁၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်စေမည့် အားကစားနည်းများကို အတွေ့အကြုံရင့်ကျက်သော နိုင်ငံတကာမှ နည်းပြ ဆရာများ ငှားရမ်းလေ့ကျင့်ပေးပါရန်နှင့် လက်ရည်စမ်းပွဲများ၊ ခြေစမ်းပွဲများကို နိုင်ငံခြားမှ ကစားသမားများ၊ အသင်းများနှင့်ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းလိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊၁၁ း ၁၁။**

**ဦးတင့်ဆန်း(ပြည်ထောင်စုဝန်ကြီး၊အားကစားဝန်ကြီးဌာန)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုမွန် ကောင်းတောင်း အပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းမှ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံ အားကစား သမားကောင်းများပေါ်ထွက်လာစေရေးအတွက် အရေးပါသော အားကစားသမားများ၏ ဘဝအာမခံချက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ ၂၀၁၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်စေမည့်အားကစားနည်းများကို အတွေ့အကြုံ ရင့်ကျက်သော နိုင်ငံတကာနည်းပြဆရာများ ငှားရမ်းလေ့ကျင့်ပေးပါရန်နှင့် လက်ရည်စမ်းပွဲများ၊ ခြေစမ်းပွဲများကို နိုင်ငံခြားမှကစားသမားများ၊ အသင်းများနှင့်ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း

တင်သွင်းလာခြင်းနှင့် ပတ်သက်၍ ကျွန်တော် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းမှ ပြန်လည်ရှင်းလင်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၁၉၆၁ ခုနှစ်၊ ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစား ပြိုင်ပွဲမှာ ဆုတံဆိပ်ပေါင်း ၁၀၄ ခုနှင့်၊ ၁၉၆၉ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲမှာ ဆုတံဆိပ်ပေါင်း ၁၄၉ ခုတို့နဲ့ နိုင်ငံ အလိုက် ပထမနေရာရရှိခဲ့တဲ့ နည်းတူ ၂၀၁၃ ခုနှစ်၊နေပြည်တော်မှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာလည်း အလားတူ အောင်မြင်မှုများရရှိရန် ယခုကတည်းက ကြိုးစားဆောင်ရွက် လျက်ရှိပါတယ်။ နိုင်ငံတကာအားကစားပြိုင်ပွဲများမှာ ပါဝင်ယှဉ်ပြိုင် အနိုင်ရရှိရေးအတွက် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများရှာဖွေ လေ့ကျင့်ပေးရေးကို ယခင်ကတည်း က စီမံချက်များစနစ်တကျရေးဆွဲချမှတ်ကာ ပြည်နယ်/တိုင်းဒေသကြီးများ အနှံ့လေးလတစ်ကြိမ် ကွင်းဆင်းရှာဖွေရွေးချယ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း မျိုးဆက်သစ်အားကစား သမားများ ၆၃၀၄ ဦး ရွေးချယ်ရရှိခဲ့ပြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ ရန်ကုန်မြို့နှင့်မန္တလေး မြို့တို့မှာ ခေတ်မီအားကစားနည်းစနစ်များ သင်ကြားလေ့ကျင့်ပေးခြင်း၊ အားကစားအဖွဲ့ချုပ်များတွင် စိစစ်ရွေးချယ် စခန်းသွင်းလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အားကစားဝန်ကြီးဌာနအနေနဲ့ အားကစားနည်းအလိုက် ပြည်နယ်/တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအသင်းများနှင့် တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့တို့မှ ပါဝင်ယှဉ်ပြိုင်သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနဲ့ သက်ဆိုင်ရာအားကစား အဖွဲ့ချုပ်များအလိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပ ပေးခဲ့တဲ့ အပြင်ဒေသအလိုက် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက်ကိုလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း အားကစားပစ္စည်းများ ပံ့ပိုးကူညီပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျောင်းသားထုအတွင်းမှ လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ကျောင်းသားအားကစားပြိုင်ပွဲ ရှစ်ကြိမ်ကျင်းပပေးခဲ့ပြီး၊ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစီးတဲ့ အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီကို ၂၀၀၈ ခုနှစ်မှာ စတင်ဖွဲ့စည်းကာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများ၊ အခြေခံပညာကျောင်းများတွင် အားကစားနည်းစနစ်များ သင်ကြား ပေးခြင်း၊ ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အားကစား ဝန်ကြီးဌာနအနေနှင့်လည်း ပညာရေးဝန်ကြီးဌာန အောက်ရှိ ကာယနည်းပြ ဆရာ၊ ဆရာမ ၉၃၉ ဦးကို ခေတ်မီအားကစားနည်းစနစ်များ မွမ်းမံသင်ကြားပေးခြင်း၊ လက်ရွေးစင်အားကစားသမား

ပေါင်း ၁၅၀ ဦးကို ရွေးချယ်လေ့ကျင့်ပေးပြီး ကျောင်းများတွင် ကာယနည်းပြများအဖြစ် တာဝန် ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးခြင်း၊ အားကစားပစ္စည်းများ ပံ့ပိုးကူညီပေးခြင်းနှင့် အားကစားကွင်း၊ အားကစားရုံများ အသုံးပြုနိုင်အောင် စီစဉ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် နှစ်စဉ်နွေရာသီ ကျောင်းပိတ်ရက်များမှာ အခြေခံပညာကျောင်းအသီးသီး၌ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ရာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အတွင်း တစ်ပြည်လုံးမှ ကျောင်းသား၊ ကျောင်းသူ ၁၅ သိန်း ကျော် အားကစားအခြေခံနည်းစနစ်များ သင်ကြားပေးနိုင်ခဲ့ပါတယ်။ အားကစားတိုးတက်မြင့်မားရေး အတွက် မရှိမဖြစ်လိုအပ်သော အားကစားကွင်း၊ အားကစားရုံများရဲ့ ရေရှည်အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့တဲ့အပြင် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း တစ်ပြည်လုံးမှာ အားကစားကွင်း ၁၈၇ ကွင်းနှင့် မိုးလုံလေလုံ အားကစားရုံ ၈၄ ရုံ၊ တင်းနစ်ကွင်း ၅၀ ကွင်းအပါအဝင် တခြားအားကစားကွင်းကစားရုံများ တိုးတက်ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာ နေပြည်တော်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရရှိစေရေးအတွက် အလားအလာရှိတဲ့ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးကို ဒေသအနှံ့ကွင်းဆင်းရွေးချယ်ခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများပြုလုပ်၍ ရွေးချယ်ခြင်းများအပြင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ အားကစားကလပ်များကို အခြေခံကျင်းပသော Champion Challenge Cup Tournament အားကစား ပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှစတင်ကာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၊စားစရိတ်၊ဝတ်စုံစရိတ်၊ နည်းပြထောက်ပံ့စရိတ်များ၊ အားကစားပစ္စည်းများ ပံ့ပိုးကူညီပေးသွားမည့်အပြင် ထိုက်တန်စွာဆုကြေးငွေ ချီးမြှင့်ပေးသွားမယ့် အစီအစဉ်များလည်း ဆောင်ရွက်ထားပါတယ်။ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာစေရေးအတွက် ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရန် ကျောင်းများသို့ အားကစားဝန်ကြီးဌာနမှ ရွေးချယ်လေ့ကျင့်ပေးထားသည့် အားကစားနည်း စနစ်မှူးများ စေလွှတ်တွဲဖက်ကာ ကျောင်းအချိန်ဇယားတွင် အားကစားအချိန်သတ်မှတ်၍ အားကစားနည်းစနစ်များ သင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပ နိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ရွေးချယ်ရရှိသော မျိုးဆက်သစ်အားကစားသမား များကို အားကစားအဖွဲ့ချုပ်အသီးသီးတွင် စခန်းသွင်းလေ့ကျင့်ခြင်း၊ အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းနှစ်ကျောင်းမှာ သင်ကြားလေ့ကျင့်ပေးခြင်း ဆောင်ရွက်ကာ မြန်မာ့လက်ရွေးစင်များအဖြစ်

ရွေးချယ်သွားမည် ဖြစ်ပါတယ်။ အားကစားအဖွဲ့ချုပ်အသီးသီး၏ လေ့ကျင့်ရေးနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုစည်းစနစ်တကျနှင့် အောင်မြင်မှုရရှိစေရေးအတွက် အားကစားအဖွဲ့ချုပ်တစ်ခုလျှင် အားကစားဝန်ကြီးဌာနမှ အားကစားအရာရှိ ၃ ဦး စေလွှတ်တွဲဖက်ဆောင်ရွက်စေခြင်း၊ စားစရိတ်ငွေများတိုးမြှင့် ကျွေးမွေးခြင်း၊ ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ အားကစားဝတ်စုံနှင့် ခေတ်မီအားကစားအထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးခြင်း၊ ဆေးကုသမှုများဆောင်ရွက်ပေးခြင်း၊ အားကစားစိတ်ပညာစစ်ဆေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် နိုင်ငံတကာမှ ခေတ်မီအားကစားနည်းစနစ်များကို လေ့လာသုတေသနပြုကာ ပြန်လည်အသုံးချနိုင်ရေး ဆေးပညာဖြင့်အားကစား တိုးတက်မြင့်မားရေးကို ထောက်ပံ့ပေးနိုင်ရေးအတွက် အားကစားဆေးပညာသုတေသနပြန်လည် အသုံးချနိုင်ရေးဆောင်ရွက်သွားရန် စီမံဆောင်ရွက် လျက်ရှိပါတယ်။ အားကစားအဖွဲ့ချုပ် ၁၈ ခုမှာ အရည်အချင်းမီနိုင်ငံခြားနည်းပြ ၂၈ ဦး ငှားရမ်းအသုံးပြုလျက်ရှိပြီး။ ကျန်အားကစားအဖွဲ့ချုပ်များတွင်လည်း အလားတူအရည်အချင်းမီ နိုင်ငံခြားနည်းပြများ ငှားရမ်းအသုံးပြုနိုင်ရေး၊ လက်ရွေးစင်အားကစားသမားများ မိမိတို့ထက်စံချိန်ကောင်းမွန်သော နိုင်ငံခြားလေ့ကျင့်ဘက် အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်၍ လက်ရှိစံချိန်များထက် ပိုမိုကောင်းမွန်လာစေရန်အတွက် စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။

ဒါ့အပြင် အားကစားနည်းအလိုက် ပြည်ပမှာသွားရောက်ပူးတွဲလေ့ကျင့်ခြင်း၊ လက်ရည်စမ်းယှဉ်ပြိုင်ကစားခြင်း၊ နိုင်ငံခြားအားကစားအဖွဲ့များနှင့် ဖိတ်ခေါ်၍ လက်ရည်စမ်းယှဉ်ပြိုင်ကစားခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရွေးစင်အားကစားသမားများရဲ့ ဘဝရပ်တည်ရေးအတွက် ဝန်ကြီးဌာနများတွင် ဝန်ထမ်းအဖြစ်ခန့်အပ်ပေးလျက်ရှိသည့်အပြင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများမှာ ဆုတံဆိပ်များရရှိပါက ထိုက်တန်စွာဆုငွေများချီးမြှင့်ခြင်း၊ အလုပ်မရှိသေးသည့်လက်ရွေးစင်ဟောင်းများကို အားကစားအဖွဲ့ချုပ်များ၊ အားကစားနဲ့ကာယပညာသိပ္ပံများနှင့် အားကစားကလပ်များ၊ အကြိုလေ့ကျင့်ရေးစခန်းများ၊ ပညာရေးဝန်ကြီးဌာနအောက် ကျောင်းများတွင် အားကစားနည်းစနစ်မှူးများအဖြစ် ခန့်အပ်တာဝန်ပေးဆောင်ရွက်နေပါတယ်။ အားကစားနှင့်ကာယပညာသိပ္ပံ ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ သင်တန်းသား ၃၅၀ ဦးစီသင်ကြားပေးလျက်ရှိရာမှ ၂၀၁၂-၂၀၁၃ စာသင်နှစ်မှစ၍ သင်တန်းသား ၆၀၀ ဦးစီအထိသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အားကစားသာမကပညာရေးပါ ထူးချွန်သူများ မွေးထုတ်ပေးနိုင်ရန်နှင့် အားကစားဝတ်စုံများ၊ ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ်များ၊ နေထိုင်စားသောက်မှုနှင့် ဆေးကုသမှု ခရီးစရိတ်များအပြင် တစ်ဦးချင်းလစဉ်ထောက်ပံ့ငွေများကိုပါ နိုင်ငံတော်မှအကုန်အကျခံဆောင်ရွက်

ပေးလျက်ရှိပြီး ထူးချွန်သူများကို အားကစားနည်းစနစ်မှုူးများအဖြစ်ပါ ခန့်အပ်တာဝန်ပေးဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံအားကစားသမားကောင်းများ ပေါ်ထွက်လာနိုင်ရေးအတွက် အရေးပါသော အားကစားသမားများ၏ လက်ရှိဘဝနှင့်အနာဂတ် ဘဝခိုင်မာရေး ဆောင်ရွက်လျက်ရှိပြီး ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးကို စဉ်းစားစီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ၂၇ ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်စေမည့် အားကစားနည်းများကိုအတွေ့အကြုံရင့်ကျက်သော နိုင်ငံတကာမှနည်းပြဆရာများကို ယခုထက်ပို၍ ငှားရမ်းလေ့ကျင့်ရန်နှင့် လက်ရည်စမ်းပွဲ၊ ခြေစမ်းပွဲများကို နိုင်ငံခြားမှအားကစားသမားများ၊ အသင်းများကို ဖိတ်ခေါ်ပြီး ယခုထက်ပို၍ယှဉ်ပြိုင်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၁ နာရီ ၅၀ မိနစ်မှာ ပြန်လည်စတင်ပါ့မယ်။ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည့်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**အချိန်၊၁၁း ၅၂။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦး စုပေါင်းလက်မှတ်ရေးထိုးထားပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ရက်စွဲနဲ့ ထုတ်ပြန်ခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်နိုင်ရေး တင်ပြလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြထားပါတယ်။ တင်ပြမည့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ် ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရှိပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်မှ လားဟူ တိုင်းရင်းသား ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များအမည်နဲ့ ကိုယ်စားလှယ်များ ၂၃ ဦးဟာ ငြိမ်းချမ်းရေးလိုလား သူများအတွက်ဆိုပြီး အိတ်ဖွင့်ပေးစာတစ်စောင်ကို ထုတ်ပြန်ကြေညာသွားတာ တွေ့ရပါတယ်။ အဲဒီ ကြေညာချက်ကို ကျွန်တော်အနေနဲ့ ဦးစွာဖတ်ကြား တင်ပြအပ်ပါမယ်။

**အိတ်ဖွင့်ပေးစာ။** ။ငြိမ်းချမ်းရေးလိုလားသူများအတွက် ရက်စွဲ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် တိုင်းရင်းသားလူမျိုးစုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသောနိုင်ငံဖြစ်ပါသည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမှုအမျိုးမျိုးကို နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမောင်နှမများ ခါးစည်းခံခဲ့ကြရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့်အကြောင်းများ အပြင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများ သက်ဆိုးရှည်ခဲ့ခြင်းသည်လည်း အဓိက အကြောင်းအရာတစ်ခုပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသည့် အစိုးရအဖွဲ့များကလည်း ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြခြင်း

ဖြစ်ပါသည်။ လက်ရှိ တာဝန်ယူနေသည့် သမ္မတဦးသိန်းစိန်၏ အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေး ရရှိရေးအတွက် ဒေသတာဝန်ရှိသူများ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် နယ်မြေဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် နည်းလမ်းများရှာကြံ၍ ပြောဆိုဆွေးနွေးဆောင်ရွက်လျက် ရှိနေခြင်းအတွက် သမ္မတ ဦးသိန်းစိန် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက် များကို အသိအမှတ်ပြု ကျေးဇူးတင်ရပါမည်။ ယခု ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့အစည်းများ၏ လက်နက်ကိုင်လမ်းစဥ် မည်သို့ပေါ်ပေါက်ခဲ့သည်၊ ခေတ်အဆက်ဆက် မည်သို့ရပ်တည်ခဲ့သည်၊ မည်သည့်ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက် နေသည်စသည့် အရင်းခံအကြောင်းများကို အမှန်အတိုင်းသိရှိအောင် လေ့လာရန်လည်း လိုအပ် ပါသည်။ အသိမှန်မှအတွေးမှန်၊ အမြင်မှန်၊ အလုပ်မှန်မည်ဖြစ်ပါသည်။ အလားတူ ယခင်အစိုးရ အဆက်ဆက် ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်များ မည်သည့်အတွက်ကြောင့် မအောင်မြင် ခဲ့ရသည်ကိုလည်း အရှိအတိုင်း အမှန်အတိုင်းသိရှိရန် လိုအပ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသော ဒို့တာဝန်အရေးသုံးပါးအပေါ်တွင် အစိုးရနှင့် ပြည်သူကရပ်တည်ခဲ့ကြပြီး ကျန်တစ်ဖက်ဖက်က သံသယလွန်ကဲခြင်း၊ အစွန်းရောက်ခြင်း၊ ဘေးပယောဂ ဝင်ရောက်နှောင့်ယှက်ခြင်း၊ ကတိပျက်ခြင်း၊ အကြမ်းဖက်မှုများ ပါဝင်ခဲ့ခြင်းများကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပျက်ခဲ့ရသည်များ ရှိခဲ့သော်လည်း စိတ်ထားစေတနာမှန်ကန်စွာဖြင့် ဒေသအကျိုး၊ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို တကယ်လိုလားပြီး ဆွေးနွေးဆောင်ရွက်ခဲ့ကြသော လက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးရယူ နိုင်ခဲ့ပြီဖြစ်သည်ကိုလည်း တွေ့မြင်ရမည် ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ ၁၇း၃၀ နာရီအချိန် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ် တာပိန်ရေအားလျှပ်စစ်စက်ရုံမှ အပြန်တွင် KIA အဖွဲ့မှ ပစ်ခတ် သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ဝန်ထမ်းနှင့် ပြည်သူများသေဆုံးသွားမှုများသည် ကြောက်မက်ဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာ လုပ်ရပ်များဖြစ်သလို ငြိမ်းချမ်းရေးဖြစ်မြောက်ရေးအတွက် ခြောက်လှန့်မှုမျိုးများ ဖြစ်လာ၍ စိတ်မကောင်းဖြစ်ရပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် သဘောထားကြီးပြီး စိတ်စေတနာ ကောင်းကောင်းထားရှိကာ ပြည်သူများအတွက်၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြည်သူ့ကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်သော ကျွန်ုပ်တို့မှ ကြိုဆိုထောက်ခံလျက် ရှိပါကြောင်းနှင့် အမှန်တကယ် ငြိမ်းချမ်းရေးရလိုကြလျှင် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွား ကို သာရှေးရှု၍ စေတနာအမှန်၊ သဘောထားအမှန်၊ ဆွေးနွေးလုပ်ဆောင်မှုအမှန်များဖြင့် ဆောင်ရွက်

ကြပါရန်နှင့် စစ်ပွဲများမရှိတော့သော်လည်း ပြည်ထောင်စုကြီးပြိုကွဲချိန့် သွားမည့်အန္တရာယ်မျိုးကို ရှောင်ရှားကြပါရန် အလေးအနက်ထား တိုက်တွန်းတောင်းဆိုအပ်ပါသည်။ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ လက်မှတ်ရေးထိုးထားပါတယ်။ (သြဘာသံများ)

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီ အစ်ကိုမောင်နှစ်မများဟာ နှစ်ကာလရှည်လျားစွာ အေးအတူ ပူအမျှ အတူတကွ ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြတာသမိုင်းမှာ အထင်အရှား ရှိခဲ့ပါတယ်။ ရင်းနှီးချစ်ကြည်သွေးစည်းခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုများထံကို လွတ်လပ်ရေးနှင့် အတူ ပေါ်ပေါက်လာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခရောက်ရှိလာချိန်မှစပြီး ကျွန်တော်တို့ နိုင်ငံရဲ့သမိုင်းဟာ ရုပ်ဆိုးအကျည်းတန်ခဲ့သလို တိုင်းပြည်ရဲ့ဖွံ့ဖြိုးမှုဟာလည်း ဒေသအတွင်းမှာ နောက်ကျကျန်နေခဲ့ရပါတယ်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခအပြီးအပိုင် ချုပ်ငြိမ်းရေးကို ခေတ်အဆက်ဆက် အစိုးရအဖွဲ့အသီးသီးကလည်း နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစား ဆောင်ရွက်ခဲ့သည် ကိုလည်း တွေ့ရပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ စိတ်စေတနာကောင်းများဖြင့် တိုင်းရင်းသား ညီအစ်ကိုများအပေါ်မှာ ပဋိပက္ခအရင်းခံအကြောင်းတရားနှင့် ရည်ရွယ်ချက်များကို သိပင်သိလျက်နဲ့ ဖခင်တစ်ဦးသဖွယ် မေတ္တာမပျက်ဘဲ ငြိမ်းချမ်းရေးစကား ပြောဆိုကမ်းလှမ်းလျက်ရှိတာကို အိတ်ဖွင့် ပေးစာမှာ ဖော်ပြထားပါတယ်။ နိုင်ငံတော်အစိုးရရဲ့ သဘောထားအမှန်၊ စိတ်စေတနာအမှန်ကို သိမြင်ကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းအများစုဟာ ငြိမ်းချမ်းစွာဖြင့် သံသယကင်းကင်း၊ ဘေးပယောဂကင်းကင်းနဲ့ အတူလက်တွဲ နေထိုင်ခြင်းဖြင့် မိမိတို့ တိုင်းရင်းသားများရဲ့အပေါ်မှာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အခွင့်ကောင်းများကို ပေးအပ်နိုင်ကြမည် ဖြစ်ပါတယ်။ အပြစ်မဲ့ပြည်သူများအပေါ်မှာ ဝမ်းနည်းကြောက်မက်ဖွယ်ရာ ပစ်ခတ်သတ်ဖြတ်မှုများကြောင့် စိတ်မကောင်းဖြစ်ရပါ ကြောင်းကိုလည်း ဖော်ပြထားတာတွေ့ရပါ တယ်။ မည်သို့ပင်ဖြစ်နေစေကာမူ နိုင်ငံတော်အစိုးရမှ သဘောထားကြီးစွာ၊ စိတ်စေတနာအမှန်နှင့် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းလျက် ရှိတာကို ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များမှ ကြိုဆိုထောက်ခံကြပြီး ပြည်ထောင်စုကြီး တစ်ခုလုံးရဲ့အကျိုးကို ရှေးရှုကာ ပြည်ထောင်စုကြီးအင်အားချိနဲ့သွားစေမည့် လုပ်ရပ်များ ရှောင်ရှားသွားကြဖို့ အလေးအနက်ထား တိုက်တွန်းတောင်းဆိုကြောင်းဖော်ပြထားတာကို လည်း တွေ့ရှိရပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးတို့ရဲ့ ယခုလိုထုတ်ပြန်ကြေညာချက်ဟာ နိုင်ငံတော်မှာ

လတ်တလော ဖြစ်ပေါ်နေမှုများကို ဝိုင်းဝန်းကူညီဖြေရှင်းပေးရာရောက်သလို အဲဒီဒေသမှာ နေထိုင်ကြတဲ့ ပြည်သူများရဲ့ ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ဆန္ဒကို ဖြည့်ဆည်းရာလည်းရောက်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့ သဘောထားဆန္ဒနှင့်လည်း ကိုက်ညီမယ်လို့ ယူဆမိပါသဖြင့် ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့် ပေးစာအား ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထက်ပါတင်ပြချက်နှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူလိုပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာကို မှတ်တမ်းတင်ရန်အတွက် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေး လိုလားသူများအတွက် အိတ်ဖွင့်ပေးစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ မဲဆန္ဒနယ်၏ "၂၁ ရာစုနှင့်ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး စတုတ္ထနေ့မှာ တင်သွင်းထားတဲ့ **"၂၁ ရာစုနှင့်ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်"**အဆိုနှင့်စပ်လျဉ်းပြီး

ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၂း၀၄။**

**ဦးဘရှိန် (ကျောက်ဖြူမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆွေးနွေးဖို့ဟာက ကျွန်တော်တို့ လွှတ်တော် အစည်းအဝေး စတုတ္ထနေ့မှာ တင်သွင်းထားတဲ့ သယံဇာတ ကျွန်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ၂၁ ရာစုနှင့် ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသောအကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ်မူကြမ်း ရေးဆွဲပြုစုပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တင်သွင်းဆွေးနွေး နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးရန်ဆိုတဲ့ အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်မှာ လက်ရှိအသုံးပြုနေတဲ့ အကျဉ်းထောင်များလက်စွဲဥပဒေဟာ ၁၈၉၄ ခုနှစ်တုန်းလောက်ကပဲ ပြုစုခဲ့တဲ့ဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေဟာ အင်မတန် အဖက်ဖက် ကပြည့်စုံပြီးတော့ အလစ်အဟာမရှိအောင် ပညာရှင်တွေ ပြုစုနိုင်ခဲ့တဲ့ ဥပဒေဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်တို့ တွေ့ရပါတယ်။ အဆိုရှင် ဦးသိန်းညွန့်က ၂၁ ရာစုနဲ့အညီဖြစ်တဲ့၊ လူ့ဂုဏ်သိက္ခာကို အာမခံနိုင်တဲ့ အကျဉ်းထောင်ဥပဒေတစ်ရပ် ဒီလာမယ့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ တင်သွင်းနိုင်ဖို့ အဆိုပြုထား ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီလက်တွေ့ကျင့်သုံးနေတဲ့ ၁၈၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဟာ အချိန်ကာလကို ကြည့်မယ်ဆိုလို့ရှိရင် ပထမကိုလိုနီခေတ်၊ နောက်ပါလီမန်ခေတ်၊ နောက်တော်လှန်ရေးကောင်စီခေတ်၊ နောက်လမ်းစဉ် ပါတီခေတ်၊ နောက်နဝတ၊ နယကခေတ်၊ ဒီခေတ် ငါးခေတ်ကို ဖြတ်သန်းပြီးတော့ ယခုအချိန်အခါမှာ ပါတီစုံဒီမိုကရေစီခေတ်ကို ကျင့်သုံးနေတဲ့ ကျွန်တော်တို့ ပါလီမန်ခေတ်ကို ရောက်လာပါပြီ။ ကျွန်တော်တို့ ပါလီမန်ခေတ်ကြီးနဲ့အတူ နိုင်ငံတကာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လည်း ခိုင်ခိုင်မာမာရှိနေပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၄၄ မှာ လူ့သိက္ခာကို ညှိုးနွမ်းသေးသိမ် စေတဲ့ပြစ်ဒဏ်တွေ ပြဋ္ဌာန်းခွင့်မရှိစေရလို့ ပြဋ္ဌာန်းထားသလိုပဲ အခန်း(၈)၊ ပုဒ်မ ၃၅၈ မှာ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုတို့ကို တားမြစ်သည်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ကျွန်တော် အခု အသက်မွေးဝမ်းကျောင်း ပြုနေတာက တရားလွှတ်တော်ရှေ့နေဖြစ်ပါတယ်။ ကျွန်တော်ဖြတ်သန်း လာခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော် အတွေ့အကြုံအရ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးနေတဲ့

ဒီအကျဉ်းထောင်များ ဥပဒေမှာ လက်တွေ့ ကျင့်သုံးလျက်ရှိတာက ဘာတွေရှိလည်းဆိုတော့ သံခြေချင်း ခတ်တာတွေ၊ စားသုံးမှုရိက္ခာ ဖြတ်တောက် တာတွေ၊ ကြိမ်ဒဏ်ရိုက်နှိပ်တာတွေ၊ သံမတလင်းပေါ်မှာမှ အိပ်ရမယ်လို့ စည်းကမ်းထားတာတွေ၊ အလုံပိတ်ထောင်ချထားတာတွေ လက်တွေ့ရှိနေပါသေးတယ်။ ဒါတွေဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းတားမြစ်ထားတဲ့အချက်တွေနဲ့ လိုက်လျော ညီထွေ မရှိလှတော့ပါဘူး။ ဒါကြောင့် ဒီအခြေခံဥပဒေ ပြဋ္ဌာန်းချက်တွေနဲ့ မညီညွတ်တော့တဲ့ အချက်တွေကို ပြင်ဆင်ပြောင်းလဲ ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာမှာကတော့ကာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေမှာ အကျဉ်းသားတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ လူလတ်တန်းစား တော်တော် အဆင့်မြင့် မိသားစုတွေနေရတဲ့ အဆင့်အတန်းမျိုးနဲ့တောင် နေနိုင်ကြပါတယ်။ ဒါကတော့ သူများနိုင်ငံတွေ။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ ဒီအကျဉ်းထောင်ဥပဒေ ကြည့်မယ်လို့ ဆိုရင် အင်မတန်ပြည့်စုံတဲ့ ဥပဒေ ဖြစ်ပေမယ့်လည်း အုပ်ချုပ်တဲ့ အရာထမ်း၊ အမှုထမ်းတွေအတွက်ပဲ သာသာထိုးထိုး ပြဋ္ဌာန်းပြီးတော့ကာ ကျွန်တော်တို့ အကျဉ်းချခံရဖို့ ရှိတဲ့သူတွေအတွက်ကျတော့ အခွင့်အလမ်းတွေ အင်မတန်နည်းပါတယ်။ သူများနိုင်ငံတွေလို ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာကိုတော့ ကျွန်တော်တို့က မပြောလိုပါဘူး။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီတဲ့ အချက်တွေကိုတော့ အမှန်တကယ် ပြောင်းလဲဖို့လိုသလို ကျွန်တော်တို့ရဲ့ လူ့ဂုဏ်သိက္ခာကို မြှင့်တင်တဲ့ အချက်အလက်တွေ ကိုလည်း ဒီအကျဉ်းထောင်ဥပဒေများ ရေးဆွဲတဲ့အခါ အမှန်တကယ်ပါဖို့ လိုအပ်ပါတယ်။ အဲဒါကြောင့် လက်ရှိကျင့်သုံးနေတဲ့ အကျဉ်းထောင်ဥပဒေကို ပြန်လည်ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ အဲလို ပြန်လည် ပြင်ဆင်တဲ့အခါ ကျွန်တော်တို့ ပါဝင်သင့်တဲ့အချက် တွေကတော့ကာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မလိုက်လျော၊ လိုက်လျောညီထွေ မဖြစ်တဲ့အချက်တွေကိုဖယ်ပြီးတော့ လိုက်လျောညီထွေအချက်တွေ ကိုပဲ ကျွန်တော်တို့ ရေးဆွဲရမယ်။ ရေးဆွဲတဲ့အခါလည်း လူ့ဂုဏ်သိက္ခာတွေကို ပိုမိုမြှင့်တင်တဲ့ အကြောင်းအချင်းရာ တွေကို ထည့်သွင်းရေးဆွဲဖို့ လိုအပ်တယ်လို့ တင်ပြဆွေးနွေးရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၂ း ၀၉။**

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒီနေ့ အစည်းအဝေးကို တက်ရောက်နေကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ သယ်န်ကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့် တင်သွင်းသွားတဲ့

၂၁ ရာစုနှင့်ညီညွတ်သော လူ့ဂုဏ်သိက္ခာကိုအာမခံသော အကျဉ်းထောင်များ အက်ဥပဒေအသစ် တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို တင်သွင်း ဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုအပေါ်မှာ ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးမီကာလက အတိအကျ ပြောရရင် ၂၄-၆-၂၀၁၁ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌကြီး တွေ့ဆုံမှာကြားခဲ့တာ ရှိပါတယ်။ အဲဒီမှာကြားတဲ့ လမ်းညွှန်တဲ့အထဲမှာ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လက်ရှိခေတ်နှင့်လျော်ညီ၍ ပြည်သူနှင့် နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းပြီး ပြည်သူနှင့် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်နိုင်တဲ့ ဥပဒေများ ဖြစ်တည်ပေါ်ထွန်းရေးနဲ့ ထိုဥပဒေများ အတိုင်း ပြည်သူ၊ အစိုးရနှင့် တရားရေးအဖွဲ့အစည်းများက ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့က ဥပဒေနှင့်အညီ နေထိုင်ဆောင်ရွက်စေရေး၊ ဆောင်ရွက်ရေးဟာ အရေးကြီးတဲ့ အကြောင်းလမ်းညွှန် ခဲ့ပါတယ်။ အင်မတန် လျော်ကန်သင့်မြတ်တဲ့ အမိန့်မှာကြားချက်ဖြစ်လို့ ကြားရသူအားလုံးက ဝမ်းမြောက်ဝမ်းသာ ပီတိထောမနာ ဖြစ်ကြရပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုယခုလို သမိုင်းဝင်တဲ့ အပြောင်းအလဲကာလကြီးမှာ ပြည်ပနိုင်ငံများက စိတ်ဝင်တစား သတိကြီးစွာထားပြီး ကြည့်ရှုအကဲခတ် နေကြတာကို အားလုံးသိကြပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီကို တကယ်ပြောင်းတာလား။ ဟန်ဆောင်ပြောင်းတာလားဆိုတာကို အထူးသတိထား စောင့်ကြည့်နေကြပါတယ်။ ဒါဟာ ကျွန်တော်တို့ အတွက် အခွင့်အလမ်းအဖြစ် အသုံးချဖို့ အခွင့်အရေးကောင်းကြီးတစ်ခု ဖြစ်ပေါ်နေပါတယ်။ ကျွန်တော်တို့ရဲ့လက်ရှိစီးပွားရေးမျက်နှာစာကို ကြည့်ရင်ခေတ်နှင့်အညီ ပြုပြင်တဲ့အတွက် ဈေးကွက် စီးပွားရေးဟာ အောင်မြင်မှုတွေ တချို့ရှိပါတယ်။ မြန်မာနိုင်ငံကုန်သွယ်မှုမှာ ယခင်နှစ်က ၂၀၀၉-၂၀၁၀ မှာ ဒေါ်လာသန်း ၁၁.၇ ဘီလီယန် ဒေါ်လာရှိသော်လည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မှာ ၁၅ ဘီလီယန်ကျော်ထိ တိုးတက်လာတာတွေ့ ရပါတယ်။ ယခင်နှစ်က ပို့ကုန်ကဏ္ဍမှာ ဒေါ်လာသန်း ၇၅၈၇ သန်းရှိခဲ့ရာမှယခုနှစ်မှာဒေါ်လာသန်း ၈၈၆၃ သန်းထိတိုးတက်ခဲ့ပါတယ်။ ဒါတွေဟာလောလောဆယ် အခက်အခဲ တွေကြားထဲက ဖြစ်ထွန်းနေတဲ့ တိုင်းပြည်ကိုမျက်နှာပန်း လှစေတဲ့ တိုးတက်မှု တွေဖြစ်ပါတယ်။ လက်ရှိစီးပွားရေး အကြပ်အတည်းတွေကို ကျွန်တော်တို့ အားလုံး သတိမူမိ ကြပေမယ့်လို့ ဝိုင်းဝန်းပြီးတော့ဒီအခက်အခဲတွေကို ကြိုးပမ်းဖြေရှင်းကြလျှင် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ သို့သော်လည်းပဲ လူမှုရေးမျက်နှာစာမှာတော့ အရုပ်ဆိုး အကျည်းတန်တာတွေ ရှိနေပါသေးတယ်။ အဲဒါကတော့ ဒီနေ့ နာမည်ပျက်နေတဲ့ အကျဉ်းဦးစီးဌာန လိုက်နာကျင့်သုံးနေတဲ့ ခေတ်နဲ့မညီတဲ့ လုပ်ထုံးလုပ်နည်းတွေက ပြုပြင်ရေးဆွဲဖို့ လိုအပ်နေပြီ ဖြစ်တယ်လို့ မြင်ရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ အကျဉ်းထောင်လက်စွဲနှင့်အညီ အကျဉ်းသမားများရရှိမယ့် အခွင့်အရေးအပြည့်အဝမရခြင်း၊ ဆေးကုသမှုအခွင့်အရေး အပြည့်အစုံမရခြင်း၊ မိသားစုများနဲ့တွေ့ခွင့်မရခြင်း၊ အနိုင်အထက်ပြုခံရခြင်း၊ ကိုယ်ထိလက်ရောက် နှိပ်စက်ခံရခြင်း၊ အကျဉ်းသားအချင်းချင်း ရိုက်နှက်မှုခံနေရခြင်း၊ အကျဉ်းသားမိသားစုများနှင့် ဝေးရာထောင်များသို့ ပြောင်းရွှေ့ခံရခြင်းစသည့်ဖြင့် စိတ်မချမ်းသာဖွယ်ရာများကို ကြားသိနေရပါတယ်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၃၈၄ အရ Direction of Warrant for exeution ဝရမ်းအတည်ပြုရာမှာ လိုက်နာရမယ့် ညွှန်ကြားချက်မှာ "ထောင်ဒဏ်ကို အတည်ပြုထုတ်ပေးသည့် ဝရမ်းမှန်သမျှကို ၎င်းအကျဉ်းသား ခံရမယ့် သို့မဟုတ် အကျဉ်းခံရမယ့် အကျဉ်းထောင် သို့မဟုတ် အခြားနေရာကို ကြီးကြပ်အုပ်ချုပ်သည့်အရာရှိက ထပ်ဆင့်ညွှန်ကြားထားပါတယ်။" ထောင်ချဝရမ်းပုံစံမှာ ထောင်အမည်ကိုဖော်ပြလျက် ပေးပို့ခဲ့သော်လည်း ထောင်ထဲရောက်ရှိသော အကျဉ်းသားကို တရားသူကြီးကသတ်မှတ်တဲ့ အကျဉ်းထောင်မှာ ခဏတစ်ဖြုတ်သာထားပြီး မိဝေး၊ ဖဝေး၊ ခင်ပွန်း၊ ဇနီး၊ သားသမီးများနှင့်ဝေးရာသို့ ပြောင်းရွှေ့ခြင်းများရှိနေကြောင်း သိရပါတယ်။ ဒါအပြင်လည်း အကျဉ်းသားတွေကို ရှေ့တန်းသို့ ပို့တာကအစ ကြားနေရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မိန့်ခွန်းတွေထဲမှာ "မိမိတို့နိုင်ငံဟာအောက်ကျနောက်ကျ ဖြစ်နေကြောင်း၊ သူများကို အပြစ်တင်နေမယ့်အစား၊ ညည်းညူနေမယ့်အစား နိုင်ငံတိုးတက်ကြီးပွားပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် ပြီးခဲ့တဲ့အတိတ်က သင်ခန်းစာကိုရယူပြီး ကျွန်တော်တို့ နိုင်ငံသားတိုင်းဟာ ဝိုင်းဝန်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း" ပါရှိပါတယ်။

ဥက္ကဋ္ဌကြီး အမိန့်ရှိခဲ့သလို "လွှတ်တော်မရှိခဲ့တဲ့အချိန်၌ မိမိတို့နိုင်ငံနှင့် ပြည်သူများကို ပြစ်တင်ဝေဖန်မှု၊ ဖိနှိပ်မှုမျိုးစုံခံခဲ့ရသည်ကို မမေ့အပ်ကြောင်း"၊ "ပြီးခဲ့တာတွေပြီးပြီ။ ပြန်မရနိုင်၊ ပြန်မလာနိုင်၊ ရနိုင်တာကတော့ရှိသည်။ အဲဒါသင်ခန်းစာ"ဆိုတဲ့ လမ်းညွှန်ချက်ဟာ ကျွန်တော်တို့အားလုံးကို မှောက်ထားတာကို လှန်ပြလိုက်သလို သိမြင်ခံစားရပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ပင်ကိုယ်အားဖြင့် ပင်ကိုယ်ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားကြွယ်ဝသူတွေ ဖြစ်ပါတယ်။ စည်းနဲ့ ဘောင်နဲ့ လုပ်ကြမယ်ဆိုရင်လည်း နိုင်ငံတကာစံနှုန်းတွေကို လိုက်လျောညီထွေ လုပ်နိုင်တတ်သူတွေ ဖြစ်ကြပါ တယ်။

ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ ယခုလို ဒီမိုကရေစီစနစ်ကို ချီတက်ရာမှာ လူ့သိက္ခာကို အာမခံနိုင်တဲ့အကျဉ်းထောင်များ အက်ဥပဒေကို ပြုပြင်ရေးဆွဲသင့်ကြောင်း ထောက်ခံရင်း နိဂုံးချုပ်အပ်ပါ တယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်း၊ မော်လိုက်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း ၁၅**။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ခင်ဗျား။ ကာယသုခ ကိုယ်၏ချမ်းသာခြင်း၊ စိတ္တသုခ စိတ်၏ချမ်းသာခြင်းနှစ်ပါးနဲ့ ပြည့်စုံပြီး ပီတိနှလုံးရွှင်ပြုံးနိုင်ကြပါစေလို့ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၅-၈-၂၀၁၁ နေ့က သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် အဆိုတင်သွင်းတဲ့ ၂၀ ရာစုနှင့်ညီသော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအမံများ ပြုလုပ်ပေးပါရန်ဟူသော အဆိုကို ဥပဒေပုဒ်မအချို့၊ နည်းဥပဒေအချို့ကို ကောက်နှုတ်ပြီး သာဓကတင်ပြကာ အကျဉ်းထောင်များ အက်ဥပဒေသစ် ထပ်မံရေးဆွဲသင့်ကြောင်း ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို လေ့လာကြည့်တဲ့အခါ ၁၈၉၄ ခုနှစ်က အကျဉ်းထောင်နှင့် နည်းဥပဒေများကို (The Prison Act) ဥပဒေအမှတ် ၉ နဲ့ ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိပါတယ်။ အဲဒီဥပဒေဟာ ၁၈၉၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်ပြီး အာဏာတည်ကြောင်း သတ်မှတ်ပြဋ္ဌာန်း ထားခဲ့ပါတယ်။ ဒါအပြင် အဲဒီ အက်ဥပဒေကို ၁၉၅၄ ခုနှစ်ကလည်း ၁၄/၅၅ နဲ့ ထပ်မံပြင်ဆင်ထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီလို ပြင်ဆင်ချက်ရေးဆွဲစဉ်က ပုဒ်မ ၁၊ ပုဒ်မခွဲ(၈)၊ အပိုဒ်ခွဲ(၁)မှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် အာဏာသက်ရောက်မှု မရှိတာကို လေ့လာတွေ့ရှိ ရပါတယ်။ ပုဒ်မ ၁၊ ပုဒ်မခွဲ(၈)၊ အပိုဒ်ခွဲ(၂)၊ (၃)တို့အရ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၁၉၅၉ ခုနှစ်မှာ အာဏာသက်ရောက်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၁ ကို လေ့လာဆန်းစစ်တဲ့အခါမှာ လက်ရှိအကျဉ်းထောင်ဥပဒေတွေဟာ တစ်နိုင်ငံလုံးမှာ အာဏာသက်ရောက်မှုမရှိဘဲ ခွဲခြားနားသတ်မှတ်ပြီး အာဏာသက်ရောက်မှုရှိနေတာ လေ့လာတွေ့ရှိရပါတယ်။

ယခုခေတ်၊ ယခုအချိန်မှာဆိုလို့ရှိရင် အကျဉ်းထောင်များ အက်ဥပဒေဟာ အက်ဥပဒေပဲဖြစ်စေ၊ နည်းဥပဒေကိုပဲဖြစ်စေ ကျွန်တော်တို့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ အာဏာတည်သင့်တယ်လို့ ယူဆပါတယ်။ ဒီအကျဉ်းထောင်ဥပဒေဟာ ကိုလိုနီခေတ်၊ လွန်ခဲ့သောနှစ်ပေါင်း ၁၁၆ နှစ်ကြာမြင့်နေပြီး ဖြစ်ပါတယ်။ ယခုခေတ် ၂၁ ရာစုနှစ် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးစတဲ့ ခေတ်စနစ်တွေဟာ လုံးဝကွဲပြားခြားနားနေပြီ ဖြစ်တဲ့အတွက် ဒီလို တိုးတက်နေတဲ့အချိန်အခါမှာ တိုးတက်တဲ့ဥပဒေသစ်များကို ပြင်ဆင်ရေးဆွဲ သတ်မှတ်သင့်ပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီနေ့ ဒီဥပဒေတွေဟာ ပြည်နယ်/ တိုင်းဒေသကြီးခွဲခြားကာ အာဏာသက်ရောက်မှု မရှိသင့်တော့ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ တစ်ပြေးညီ အာဏာသက်ရောက်သင့်သော ဥပဒေ ဖြစ်သင့်ပါတယ်ဆိုတဲ့အကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဆက်လက်ပြီးတော့ ခေတ်နှင့်လိုက်လျောညီထွေမရှိတဲ့ ပုဒ်မအချို့ပြင်ဆင်သင့်ကြောင်း လေ့လာ ဆန်းစစ် တင်ပြသွားပါမယ်ခင်ဗျား။ အကျဉ်းထောင်ဥပဒေ အခန်း ၂၊ ပုဒ်မ ၇(က)၊(ခ)တို့မှာ ဝန်ထမ်းခွင့်ပြု အင်အားနဲ့ လစာနှုန်းထားများ ယနေ့အထိ ပြင်ဆင်ထားခြင်း မရှိသေးပါဘူး။ အကျဉ်းထောင်တပ်သား ဆိုလို့ရှိရင် ၁၀၀ ကျပ်၊ တပ်ကြပ်ဆို ၁၉၀ ကျပ်၊ တပ်ကြပ်ကြီးဆိုရင် ၂၀၀ ကျပ်၊ အထူးလစာနှုန်းနဲ့ ၁၅၄ ဦးမှာ ၁၅၀ ကျပ်နှုန်း၊ ထောင်မှူးကြီးက ၂၅၀ ကျပ်နှုန်းလို့ အဲဒီလို လစာနှုန်းထားများကို သတ်မှတ်ထားပါတယ်။ အဲဒီလစာနှုန်းထားများမှာ ယခုခေတ်ကာလအထိ ပြင်ဆင်ရေးဆွဲခြင်း မရှိသေးဘူး။ စာပေအရေးအသားလည်း ပြန်လည်ပြင်ဆင်ရေးသားခြင်း မရှိသေးဘူးဆိုတာ တွေ့ရှိရတဲ့အတွက် ခေတ်နဲ့အညီ လိုက်လျောညီထွေမရှိဘူးဆိုတာ လေ့လာ တွေ့ရှိရပါတယ်။ ဒါ့ပြင် ပုဒ်မ ၈၊ ပုဒ်မခွဲ(၁)၊ (၂)၊ (၃)နှင့် (၄)တို့ရှိ စကားရပ်များမှာ အိန္ဒိယနိုင်ငံတွင် နေထိုင်သော အကျဉ်းထောင် တပ်သား၊ တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ထောင်မှူးကြီး စသဖြင့် သုံးစွဲထားတဲ့ အတွက် ယနေ့ကာလအရ စာပေအရေးအသားရော၊ အသုံးအနှုန်းရော ပြင်သင့်ပြီဆိုတာ လေ့လာ တွေ့ရှိရပါတယ်။

အကျဉ်းထောင်ဥပဒေ အခန်း(၁၅)၊ ပုဒ်မ ၆၆၅ လက်စွဲဥပဒေအပိုဒ် ၁၈၉၄ မှာ အကျဉ်းသား များကို A အမျိုးအစား၊ B အမျိုးအစား၊ C အမျိုးအစား ဆိုပြီးတော့မှ အမျိုးအစားသုံးမျိုး၊ သုံးစားခွဲခြား ထားတာ လေ့လာတွေ့ရှိရပါတယ်။ သို့သော် ဒီနေ့မှာ အကျဉ်းသား သုံးမျိုးကို ခွဲခြားထားခြင်းမရှိတော့ ကြောင်း လေ့လာတွေ့ရှိပါတယ်။ ဒါ့အပြင် အကျဉ်းထောင်လက်စွဲ အပိုဒ် ၁၀၈၄ မှာ အကျဉ်းသား တစ်ဦး တစ်နေ့စားသောက်စရိတ် ရှစ်ပဲ၊ ကျွန်တော်တို့ ဟိုခေတ်ကအသုံးအနှုန်း ဖြစ်ပါတယ်။ ရှစ်ပဲဆိုလို့ရှိရင် တစ်ပဲကို လေးပြား၊ ၃၂ ပြားဖိုးပဲ ရှိပါတယ်။ အဲဒီရှစ်ပဲဆိုတဲ့ အသုံးအနှုန်းဟာ ပြင်ဆင်သင့်ပြီဆိုတာ တွေ့ရှိရပါတယ်။ ဒီနေ့ ကျွန်တော်တို့ အကျဉ်းသားတစ်ဦး စားသောက်စရိတ်ဟာ

၅ ကျပ်၊ ၁၀ ကျပ်ပဲ သာမန်အားဖြင့် လေ့လာတွေ့ရှိရပါတယ်။ ဒီကနေ့ ဒီအချိန်ခါနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့ အကျဉ်းသားများဟာ မဝတ၀ အကျဉ်းထောင်ထဲမှာ စားနေရတယ်ဆိုတဲ့အကြောင်း တွက်ချက်နဲ့စားနေ ရတဲ့အကြောင်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အကျဉ်းသားတစ်ဦး တစ်နေ့ စားသောက်စရိတ်ဟာ အလွန်နည်းပါးနေတဲ့အတွက် ထိုက်သင့်တဲ့နှုန်းထားနဲ့ တိုးမြှင့်ပေး သင့်ပြီဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီနေ့ ဒီအချိန်အခါ ဒီစနစ်နဲ့ဆိုလို့ရှိရင် ဒီဥပဒေတွေဟာ လုံးဝပြင်ဆင်သင့်ပြီး ခေတ်နှင့်လုံးဝလိုက်လျောညီထွေ မရှိတော့ဘူး။ ဆန့်ကျင်နေပြီဆိုတာ ကျွန်တော်တို့ လေ့လာသိရှိရ ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၀၈ ခုနှစ်၊ ပြည်သူလူထုဆန္ဒမဲ ၉၉.၀၇ ရာခိုင်နှုန်း မဲပေးပြီးတော့မှ အတည်ပြုပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့ တာဝန်များ အခန်းပါ အခြေခံဥပဒေပုဒ်မ ၃၄၅ မှ ၃၉၀အထိ ပြဋ္ဌာန်းထားတဲ့ လူ့အခွင့်အရေးများကို တန်းတူညီမျှ ခံစားသင့်ပြီလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် အကျဉ်းထောင်များ အက်ဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ အကြောင်း အမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံနေရသူများမှာ အကျဉ်းထောင်ထဲတွင်မှာလည်းပဲ ကျဉ်းကြပ်မှုရှိနေ တယ်။ အချုပ်ခန်းတွေ ထဲမှာလည်းပဲ ကျဉ်းကြပ်မှုရှိတယ်ဆိုတာလည်း ကျွန်တော်ကိုယ်တိုင် တရားလွှတ်တော် ရှေ့နေလုပ်ခဲ့တဲ့အတွက် ဒီဟာတွေဟာ ကျွန်တော်တို့ နိစ္စဓူဝတွေ့မြင်နေရတယ် ဆိုတာ ကျွန်တော် ကိုယ်တွေ့တွေ့ရှိပါတယ်။ အကျဉ်းသားတွေဟာ ဆိုလို့ရှိရင် ကျွန်တော် ကလေးမြို့ကို သွားရောက်တဲ့အခါ မှာ ၅၀ လောက်ဆံ့တဲ့ အချုပ်ခန်းထဲမှာ ၁၅၀ လောက် ထည့်ထားပါတယ်။ နောက်တစ်ခါ ၁၇၅ ယောက်လောက်ဆံ့တဲ့ အခန်းတွေမှာ ၂၀၀ နီးပါး လောက်ထည့်ထားပါတယ်။ ၁၀ ယောက်ကအိပ်ပြီးတော့ ၁၀ ယောက်က ရပ်တောင် ရပ်နေရပါတယ်။ ဒါတွေဟာ လုံးဝမဖြစ်သင့်တဲ့ အခြေအနေမျိုးတွေဆိုတာ ကျွန်တော်မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရပါ တယ်။ ကျွန်တော်တို့ ဆက်လက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံနေရသူတွေဟာ အစားအသောက် ဆင်းရဲခြင်းဒုက္ခ၊ အဝတ်အစား ဆင်းရဲခြင်းဒုက္ခ၊ အနေအထိုင် ဆင်းရဲခြင်းဒုက္ခ၊ ကြပ်တည်းကျဉ်းမြောင်းခြင်းဒုက္ခ၊ ကျန်းမာရေးချို့တဲ့တဲ့ဒုက္ခ၊ စာပေလေ့လာရရှိမှုချို့တဲ့တဲ့ဒုက္ခ၊ လူမှု ဆက်ဆံရေးချို့တဲ့တဲ့ဒုက္ခတွေကို အမျိုးမျိုးခံစားနေရတာကို ကျွန်တော်တို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဒီအကျဉ်းထောင်ဥပဒေကို လုံးဝပြင်ဆင် သင့်ပြီဖြစ်ပါတယ်။ ဒီနေ့ လူမှုဘဝအနိဋ္ဌာရုံတွေ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့နေရတဲ့အတွက် ဒီလို မဖြစ်သင့်တော့ပါဘူးဆိုတဲ့ အကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးက ၃၁-၃-၂၀၁၁ ရက်နေ့က နိုင်ငံတော်သမ္မတကြီး ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သော မိန့်ခွန်းနိဂုံးချုပ်မှာ

မြန်မာ့လူဘောင်အဖွဲ့အစည်းကို သဟဇာတမျှတပြီး စည်းလုံးညီညွတ်တဲ့ လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ဖို့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အာမခံနိုင်ဖို့ဆိုတဲ့ ပြည်တွင်းရေးရာ မူဝါဒများကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ကတိပြုပြောကြား အပ်ပါတယ်ဆိုတဲ့ နိုင်ငံရေးအနှစ်သာရကို အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံနေရသူများဟာ ဒီမိုကရေစီ အနှစ်သာရကိုခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခု လက်ရှိအကျဉ်းထောင်များ အက်ဥပဒေကို ပြင်ဆင်၍ အသစ်ရေးဆွဲသင့်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းထောင်ဥပဒေပုဒ်မ ၄၆၊ ထောင်ပိုင်ဝန် ချမှတ်နိုင်သည့် ပြစ်ဒဏ်များမှာ ပုဒ်မ ၄၆ မှာ ပုဒ်မ ၁၂ ခုရှိတဲ့အနက်က ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ကိုတော့ မပြော လိုတော့ပါဘူး။ ပုဒ်မခွဲ ၉ မှာ ၉၆ နာရီထက် မပိုသော ကန့်သတ်အစား အစာဒဏ်ချခြင်း၊ ပုဒ်မခွဲ ၁၀ မှာ ၁၄ ရက်ထက်မပိုသော တိုက်ပိတ်ထောင်ဒဏ်ချမှတ်ခြင်း၊ ပုဒ်မခွဲ ၁၁ မှာ တိုက်ပိတ်ထောင်ဒဏ်နှင့် ပူးတွဲ၍ အစားအစာဒဏ်ပေးခြင်း၊ ပုဒ်မခွဲ ၁၂ မှာ အချက်ရေ သုံးဆယ်ထက်မပိုသည့် ကြိမ်ဒဏ်ပေးခြင်း စသည့်ပြစ်ဒဏ်တွေဟာ ဒီကနေ့ ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လုံးဝစပ်ဟပ်မှုမရှိတော့ဘူးလို့ ဆန့်ကျင်နေပြီဖြစ်တဲ့အတွက် ဒီကနေ့ ဒီခေတ်ကာလနဲ့ လိုက်လျောညီထွေ မရှိတော့တဲ့အတွက် အကျဉ်းထောင်ဥပဒေကို အသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း တွေ့ရှိရပါတယ်။ အခြားအခြားသော အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေများ ကိုလည်း ရှိပါသေးတယ်။ အချိန်ကို လေးစားတဲ့အနေနဲ့ ဖော်ပြလိုခြင်း မပြုတော့ပါ။ ဒါကြောင့် ယခု လက်ရှိ အကျဉ်းထောင် ဥပဒေနဲ့ နည်းဥပဒေများကို ပြင်ဆင်သင့်ပြီဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ၂၅-၈-၂၀၁၁ နေ့က သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အဆို တင်သွင်းသွားတဲ့ ၂၁ ရာစုနှင့်အညီ ညီညွတ်သော လူ့ဂုဏ်သိက္ခာကို အာမခံသောအကျဉ်းထောင်များ အက်ဥပဒေသစ် တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ် ပြုလုပ်ပေးပါရန် ဟူသောအဆိုကို လေးနက်တည်ကြည်စွာ ထောက်ခံတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းလှကျော်၊ လင်းခေးမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်**၊၁၂း ၂၇။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အစည်းအဝေး တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးတင်ပြချက်ကိုတော့ ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉-၂-၁၉၉၂ နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ်(၁/၉၂)တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး စောမောင်က တည်ဆဲဥပဒေများအနက် အချို့သောဥပဒေများသည် ပြောင်းလဲလာသည့်အခြေအနေနှင့် ဆီလျော်မှုမရှိခြင်းကြောင့်လည်းကောင်း၊ အချိန်ကြာမြင့်စွာ ကျင့်သုံးခြင်းမရှိခြင်းကြောင့်လည်းကောင်း၊ လာမည့်အနာဂတ်ကာလတွင်လည်း ကျင့်သုံးရန်မရှိတော့၍လည်းကောင်းဟုဖော်ပြ က The State Prisoners Regulation ဥပဒေအပါအဝင် အက်ဥပဒေပေါင်း(၁၃၇)ခု ရုပ်သိမ်း လိုက်ပါသည်။

The Burma Code Volume 1 စာမျက်နှာ ၂၉၄ နှင့် ၂၉၅ တွင်ပါရှိသည့် အဆိုပါ The State Prisoners Regulation ဥပဒေကို ရုပ်သိမ်းလိုက်ခြင်းအားဖြင့် Jail Manual(၁၈၉၄) အကျဉ်းထောင်များလက်စွဲဥပဒေ အခန်း(၁၅)ပါ အကျဉ်းထောင်များ၏ (A,B,C) အတန်းအစား ခွဲခြားမှု၊ စားသောက်နေထိုင်ရေး၊ နေရာထိုင်ခင်းကိစ္စများနှင့် အခြားအရေးပါသောကိစ္စရပ်များ အလိုလိုရပ်စဲသွားခဲ့ပါသည်။ အမြဲတမ်းပြစ်မှု ကျူးလွန်လေ့ရှိသူအား A အတန်းအစား၊ ယုံကြည်မှု ကြောင့် အပြစ်ဒဏ်ကျခံရသူများအား B အတန်းအစား၊ ရိုးရိုးအဆင့်အတန်းအား C တို့ ပျောက်ကွယ်သွားပြီး အကျဉ်းသားအားလုံး တန်းတူဖြစ်သွားပါသည်။ ထို့အတွက်ကြောင့် အကျဉ်းသားများ၏ နေထိုင်မှု၊ စားသောက်မှုအဆင့်အလိုက် အခွင့်အရေးများ ဆုံးရှုံးခဲ့ရပါသည်။ လက်ရှိအခြေအနေအရ အကျဉ်းသားများ များပြားလာမှုကြောင့် နေရာထိုင်ခင်း ဦးရေမျှတမှုမရှိဘဲ ကျပ်တည်းစွာ နေထိုင်ကြရပါတယ်။ ယာယီအကျဉ်းထောင် ဆောက်လုပ်ပေးရန် အကျဉ်းထောင် လက်စွဲဥပဒေ ပုဒ်မ ၇ က ပြဋ္ဌာန်းထားပါသော်လည်း ပြုလုပ် ပေးနိုင်ခဲ့ခြင်းမရှိပါဘူး။ ၇၀၊ ၈၀ ပေ အခန်းမှာ လူဦးရေ ၂၅၀ ခန့် ကြပ်သိပ်စွာနေထိုင်အိပ်ရပါတယ်။အကျဉ်းထောင်လက်စွဲစာအုပ်မှာ ပြဋ္ဌာန်းထားတဲ့ခုတင်၊ အိပ်ရာခင်း၊ ပရိဘောဂများကိုမပေးနိုင်တော့ဘဲ ကြမ်းပြင်တွင်တစ်ပြေးညီ ပြစ်မှုခွဲခြားခြင်းမရှိတော့ဘဲ အိပ်ကြရပါတယ်။ နေထိုင်ကြရပါတယ်။ ပထမဦးစွာရောက်လာသော အကျဉ်းသားအသစ်က အကျယ်တစ်ပေခွဲခန့် အိပ်စရာနေရာရပါတယ်။ တန်းစီးများကို ပေးကမ်းနိုင်မှသာလျှင် အိပ်ရာနေရာ ရခြင်းဖြစ်ပါတယ်။ အချိန်ကြာလာမှ နှစ်ပေလောက်ရပါတယ်။ ပြဋ္ဌာန်းချက်အတိုင်းနေရခြင်း မရှိပါဘူး။ စားသောက်မှုမှာလည်း တစ်ပြေးညီ ဖြစ်ပါတယ်။ တစ်ပတ်နှစ်ခါ အသားဟင်းကျွေးပါတယ်။ တစ်ဦးလျှင် လက်မတုံးတစ်တုံးသာရပါတယ်။ ပြဋ္ဌာန်းချက်ပါအတိုင်း အသားငါးမစားရပါဘူး။ အိမ်သာ

ကိုလည်း တန်းဖွင့်ချိန်မှ သွားရပါတယ်။ စာအုပ်၊ မဂ္ဂဇင်းဖတ်ခွင့်ရှိသော်လည်းပဲ စာရေးသားခွင့် မရှိပါဘူး။ ရေချိုးသည့်အခါ ခွက်အရေအတွက်ဖြင့်ရေပြီး ရေချိုးရပါတယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ လွန်စွာအားနည်းကြောင်း တွေ့ရပါတယ်။ အကျဉ်းထောင်ဆေးခန်းမှာ ဆေးမရှိပါဘူး။ ဘယ်ရောဂါဖြစ်ဖြစ် ပါရာစီတမော သာရပါတယ်။ မြို့နယ်ဆရာဝန်တစ်ဦးက တစ်ပတ်တစ်ကြိမ် အကျဉ်းသားများအား ကျန်းမာရေးစစ်ဆေးပါတယ်။ ဆေးမှတ်တမ်းမှာ ဆေးအမည် ရေးထားပေးပါသော်လည်း လက်တွေ့မှာ ဆေးဝါးများပေးနိုင်ခြင်း မရှိပါဘူး။ ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးနေသူကို ဆေးရုံချက်ချင်းမပို့နိုင်ပါဘူး။ ဆေးရုံပို့ဖို့ရန် အဆင့်ဆင့်ခွင့်တောင်းခံရပါတယ်။ အခြေအနေလွန်ပြီးမှ ထောင်ထဲမှာသေရမယ့် အခြေအနေရောက်မှ ဆေးရုံသို့ ပို့ခွင့်ရပါတယ်။ ထိုကဲ့သို့သောဖြစ်ရခြင်းမှာအကျဉ်းထောင်ဥပဒေ၏ခေတ်နှင့်မလျော်ညီတော့သော အကြောင်းအရင်း များကြောင့် ဖြစ်ရသည်ဟု ယုံကြည်မိပါသည်။ အကျဉ်းသားများ လူ့အခွင့်အရေးပြည့်ဝစွာရရှိနိုင်ရေး၊ အကျဉ်းထောင်ရှိဝန်ထမ်းများ ခေတ်နှင့်လျော်ညီစွာ စီမံအုပ်ချုပ်ရေး၊ ယုံကြည်မှုကြောင့် ပြစ်ဒဏ် ကျခံနေရသူများ ၎င်းအဆင့်အတန်းနှင့် လျော်ညီသောအခွင့်အရေး အပြည့်အဝရရှိစေရေးတို့အတွက် အကျဉ်းထောင်လက်စွဲဥပဒေကို နိုင်ငံတကာအဆင့်နှင့်ကိုက်ညီသော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော၊ အကျဉ်းထောင်များ အက်ဥပဒေသစ်အဖြစ် ပြည့်စုံစွာရေးဆွဲ ပြဋ္ဌာန်းပေးရန် လိုအပ်နေပါတယ်။ သို့ဖြစ်ပါသောကြောင့် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ကိုယ်စားလှယ်၏ ၂၁ ရာစုနှင့် ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသောအကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်း ရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေး နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၂း ၃၄။**

**ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး၊ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည် ဖြစ်ပါတယ်။ ယခု သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းထားတဲ့အဆိုဖြစ်တဲ့ ၂၁ ရာစုနှင့်ညီညွတ်တဲ့၊ လူ့ဂုဏ်

သိက္ခာကိုအာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုနှင့်ပတ်သက်ပြီး ကျွန်တော်က ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေအကိုးအကားများ ဖတ်ကြားတင်သွင်းခွင့် ပြုလိုပါတယ်။ အဆိုမှာတွေ့ရတဲ့ လူ့သိက္ခာသေးသိမ်စေတဲ့ အရေးယူဆောင်ရွက်မှုများရှိခြင်းဆိုတာ ခေတ်နှင့်အညီ လူ့ဂုဏ်သိက္ခာကို အာမခံတဲ့ အကျဉ်းထောင်များ အက်ဥပဒေတစ်ရပ် မူကြမ်းရေးဆွဲရန် လိုအပ်ခြင်း ဆိုတဲ့အပိုင်းနှစ်ပိုင်း တွေ့ရှိရပါတယ်။ ဥပဒေအပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့် အရှေ့က ကိုယ်စားလှယ်တော်ကြီးများ တင်သွင်းသွားတဲ့အထဲမှာ တော်တော်များများ ကျွန်တော် ဆွေးနွေးမယ့်ဟာတွေပါသွားပါတယ်။ အချုပ်ဆိုရရင်တော့ ဒီဥပဒေဟာ ၁၈၉၄ ခုနှစ်က ရေးဆွဲခဲ့တာဖြစ်ပြီးတော့ ပြင်ဆင်မှုတွေအနေနဲ့ ၁၉၅၄ နောက် (၁၄/၅၅)နဲ့ ပြင်ဆင်ထားတာ တွေ့ရတယ်။ ဒီထဲမှာ အဓိကအကျဉ်းသားများကို ခေတ်နဲ့မလျော်ညီတဲ့ပုဒ်မများ၊ ပြစ်ဒဏ်များ တွေ့ရှိရပါတယ်။ ဒီအကျဉ်းထောင် လက်စွဲအကျဉ်းထောင်အက်ဥပဒေနဲ့ နည်းဥပဒေများလက်စွဲ ဒီလက်စွဲကို ရှိနေခြင်းကြောင့် လက်စွဲကို လက်ညှိုးထိုးပြီး အကျဉ်းထောင်ထဲမှာ ပုံစံအမျိုးမျိုးနဲ့ အကျဉ်းသားအချင်းချင်း အုပ်ချုပ်စေခြင်း၊ အကျဉ်းထောင်တစ်ထောင်မှ နောက်တစ်ထောင်ကို ပြောင်းရွှေ့စေခြင်း၊ အကြိမ်ကြိမ်ပြောင်းရွှေ့စေခြင်း၊ အကျဉ်းနည်းဖြင့်အပြစ်ပေးခြင်း၊ အိမ်ကမိသားစု များနှင့်တွေ့ဆုံခွင့် ပိတ်ပင်ခြင်းစတဲ့ ပြစ်ဒဏ် ပေါင်းများစွာကို အကျဉ်းထောင်မှာ ကျင့်သုံးနေတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဖြတ်သန်းလာတဲ့ အကျဉ်းဘဝကို ထုတ်နှုတ်၍ အနည်းငယ် ကိုးကားခွင့်ပြုပါခင်ဗျား။ ကျွန်တော်ဟာ ၁၉၈၈ တပ်မတော်အစိုးရ အာဏာသိမ်းပြီး လေးရက် မြောက်မှာ ပုဒ်မ ၅(ည)ဖြင့် ပဲခူးထောင်မှာ ဖမ်းဆီးခံရပါတယ်။ တစ်နှစ်နဲ့ နှစ်လလောက် အချုပ်သား ဘဝနဲ့ နေထိုင်ခဲ့ရပါတယ်။ အဲဒီမှာ ကြေညာချက် အသီးသီးဖြင့် နိုင်ငံတော်မှ လွတ်ငြိမ်းခွင့်ပေးတာတွေ ကြုံခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ မပါဝင်ခဲ့ပါဘူး။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမလုပ်ခင်မှာ ကျွန်တော်တို့ကို ပြစ်ဒဏ်ချမှတ်ပါတယ်။ ပြစ်ဒဏ်ချမှတ်ပြီးတော့ အင်းစိန်ထောင်ရောက်တဲ့အချိန်မှာ အင်းစိန်ထောင်မှာ သီးသန့်ဆောင်၊ ထောင်မကြီးမှာ ရိုးရိုးအကျဉ်းကျဆောင်၊ အကျဉ်းတိုက်၊ အထူးတိုက်၊ စစ်ခွေးများမွေးမြူထားတဲ့ စစ်ခွေးတိုက် အဲဒီလို အသီးသီးရှိပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ဟာ အကျဉ်းဆောင်အဆောင်မှာနေစဉ်မှာ အကျဉ်းသားအချင်းချင်း အုပ်ချုပ်တာကို

ကျွန်တော်တို့ ခံရတဲ့အခါမှာ စောစောက ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသွားသလိုရေချိုးတဲ့အခါမှာ ခပ်တစ်ခွက်ဆိုပြီးတော့ အော်ပါတယ်။ အဲ့တစ်ခွက်ဆိုတဲ့ဟာကို နောက်တစ်ကြိမ် ထပ်ခပ်လို့မရပါဘူး။ အဲဒီအချိန်မှာ ခပ်ခွက်ဆိုပြီးတော့ ရေခွက်ကိုယ့်လက်ထဲမှာ ရေပါလာပြီးမှ ချိုးလိုက်တဲ့အခါမှာ ချိုးဆိုတဲ့စကား မပါသေးတဲ့အတွက် နောက်ကဖြောင်းဆိုပြီးတော့ ကျောကိုရိုက်လိုက်တယ်။ အဲဒီရိုက်တဲ့သူသည် ကျွန်တော်တို့ရေချိုးမယ့် အုတ်ကန်ပေါ်မှာ သူကဖိနပ်မချွတ်ဘဲနဲ့ လမ်းလျှောက်နေပါတယ်။ နောက်တစ်ကြိမ် ခပ်တစ်ခွက်ဆိုပြီးတော့ သုံးခွက်ပြီးတာနဲ့ ခွက်ချလို့အော် လိုက်ပါတယ်။ ကျွန်တော် ဘာအော်လိုက်မှန်း မသိတဲ့အတွက် စဉ်းစားနေတုန်းပဲ ရှိသေးတယ်။ နောက်ကနေဖြောင်းဆိုတဲ့ အသံရောက်လာပါတယ်။ အဲဒီတော့ ရေခွက်ချဆိုတဲ့အချိန်မှာ ဆပ်ပြာတိုက်ရပါတယ်။ အဲဒါပြီးတော့ နောက်ထပ်သုံးခွက် ထပ်ချိုးရပါတယ်။ အဲဒီတော့ ခြောက်ခွက်၊ ကျွန်တော့် သက်တမ်းခုနှစ်နှစ်ထောင်ကျတဲ့အထဲမှာ ခြောက်နှစ်ကျော်ကျော် နေခဲ့ရပါတယ်။ ဒီကာလထဲမှာ ထောင်ပေါင်းခုနှစ်ထောင် ပြောင်းပြီးနေခဲ့ရပါတယ်။ ထောင်ခုနှစ်ထောင်မှာ တစ်ထောင်နှင့်တစ်ထောင် ပုံစံအနည်းငယ်သာကွဲသွားပေမယ့် အုပ်ချုပ်တဲ့ ကျွန်တော်တို့ ခံစားရတဲ့ဒုက္ခတွေကတော့ အတူတူပါပဲ။ အဲတော့ အကျဉ်းသားအချင်းချင်း အုပ်ချုပ်တယ်ဆိုတာ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းကအုပ်ချုပ်တာဆိုရင် ကျွန်တော်တို့ လက်ခံနိုင်ပါတယ်။ တချို့အကျဉ်းသားတွေမှာ အသိဉာဏ်မဲ့တာပါပါတယ်။ လက်လွတ်စပယ်လုပ်တာတွေပါပါတယ်။ အဲဒီတော့ အဲဒါတွေကို ကျွန်တော်တို့အကျဉ်းထောင်လက်စွဲဆိုတဲ့ဥပဒေကို လက်ညှိုးထိုးထိုးပြီးတော့ ဒီထဲမှာ ဒါပါလို့ဆိုတဲ့ဟာမျိုးနဲ့လုပ်နေတာကိုလည်း တွေ့ရပါတယ်။ ဟောင်းနွမ်းနေတဲ့ အကျဉ်းထောင် အက်ဥပဒေတွေ၊ နည်းဥပဒေတွေ ဒါတွေဟာ ပြင်ဆင်ဖို့သင့်တယ်ဆိုတာကိုတော့ အမှန်တကယ် လိုအပ်နေပါတယ်။ အချိန်ကိုငဲ့ညာပြီးတော့ အနည်းငယ်ပဲ တင်ပြပါမယ်။ ဒီထောင်တစ်နေရာကနေ တစ်နေရာကိုပြောင်းရွှေ့တဲ့အခါမှာ ကျွန်တော်တို့ကို ခြေချင်းခတ်ပါတယ်။ ခြေချင်းခတ်တယ်။ ခတ်ပြီးတဲ့အခါမှာ နောက်တစ်ထောင်ရောက်ရင် ပြန်ပြီးဖြုတ်ပေးရပါတယ်။ ဒါပေမယ့် မဖြုတ်ပေးဘဲနဲ့ နောက်တစ်ထောင်ရောက်တဲ့အခါမှာလည်း ဒီခြေချင်းကို ထပ်ခတ်ထားပြီးတော့ တိုက်ပိတ်ထားပါတယ်။ အဲဒီလိုမျိုးလုပ်ထားတာတွေက အကျဉ်းသားနဲ့ ထောင်အာဏာပိုင်တွေနဲ့ကြားမှာ ပဋိပက္ခလည်း ပိုပြီးများစေပါတယ်။ ကျွန်တော်တို့ဟာ ဘာကြောင့်ပဲဖြစ်ဖြစ် မိမိစိတ် ယုံကြည်ချက်ဖြင့် လုပ်ကိုင်သော်လည်း မိမိတို့အပြစ်ပေးတဲ့အခါမှာ ကျေကျေနပ်နပ်နဲ့ ကျွန်တော်တို့ ခံယူကြပါတယ်။ ဒီအတွက် အာဃာတတရားဆိုတာလုံးဝမရှိပါဘူး။ အခုလွှတ်တော်တွေပေါ်လာတဲ့ အခါမှာ အင်မတန်မှ စိတ်နှစ်လုံးချမ်းမြေ့

ဖွယ်ရာအထိ ကျွန်တော်တို့ ခံစားရပါတယ်။ ပီတိလည်းဖြစ်ရပါတယ်။ ကျွန်တော်တို့တွေ လွှတ်တော်မှာ ကျွန်တော်တို့နဲ့ တစ်ချိန်တုန်းက ကြည့်လို့မရတဲ့သူတွေ ဖြစ်ကောင်းဖြစ်မယ်။ ကျွန်တော်တို့ခံစားလို့မရတဲ့သူတွေ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာနဲ့ ဆက်ဆံရတာ၊ အတူတူထမင်းစားရတာ၊ အတူတူပြောရတာတွေက အင်မတန်မှ ပီတိဖြစ်စရာတွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေ အကျဉ်းဘဝနဲ့ ခံစားရတဲ့အခါမှာ ဒီဥပဒေ တွေဟာ ပြင်ဆင်ဖို့သင့်တဲ့ ဥပဒေတွေပဲ။ ကျွန်တော်တို့အပြင်ရောက်ရင် ဒါတွေကိုပြင်ဆင်ဖို့အတွက်ကို လုပ်နိုင်ရင်ကောင်းမှာပဲဆိုတဲ့ စိတ်ကူးမျိုးရခဲ့ပါတယ်။ သို့သော် ဒါဟာ အိပ်မက်ပဲလို့ ကျွန်တော်တို့ ထင်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအိပ်မက်ဟာ မမျှော်လင့်ဘဲနဲ့ ကျွန်တော်ကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတယ်ဆိုတာ အင်မတန်မှ ရခဲတဲ့ ကိစ္စတစ်ခုရတယ်လို့ ကျွန်တော်တို့ အဲဒီလိုပဲ ယူဆပါတယ်။ ဒါဟာ အင်မတန်မှ တိုင်းပြည်မှာ အတော်ကောင်းမွန်တဲ့ရှေးရှုတဲ့ တကယ့်ဒီမိုကရေစီစနစ်ကိုသွားနေတဲ့ နိုင်ငံတော်အဖြစ် ကျွန်တော်တို့ဟာ မျက်ဝါးထင်ထင်တွေ့လာရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့အတူတူ တောထဲရောက်သွားသူ၊ ပြည်ပရောက်သွားသူ၊ ထောင်ထဲမှာကျန်နေသေးတဲ့သူတွေ နှစ်ပေါင်း ၆၀ ကျော်၊ ၇၀ ကျော်၊ ၈၀ ကျော်တွေ ကျပြီးနေတဲ့သူတွေ တကယ်တော့ နိုင်ငံတကာ ထောင်တွေမှာ နော်ဝေဆိုတဲ့ထောင်မှာဆိုရင် ၂၁ နှစ်ထက် ပိုပြီးချလို့မရပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ချတဲ့ဥပဒေတွေမှာ၊ ပြစ်ဒဏ်တွေမှာ သေဒဏ်၊ ကျွန်းဒဏ်၊ ပြီးတော့ ထောင်ဒဏ်၊ ကျွန်းဆိုတာ တစ်သက်တစ်ကျွန်းဆိုတာ အနှစ် ၂၀ အဖြစ်သတ်မှတ်တာ။ ဒါပေမယ့် အနှစ် ၂၀ ထက် ကျော်နေတဲ့ ထောင်ဒဏ်တွေ ရှိနေကြပါတယ်။ အဲတော့ ကျွန်းဒဏ်ထက်မြင့်နေတဲ့ ထောင်ဒဏ်ဆိုတာ ဒါဟာလည်း အဓိပ္ပာယ်မရှိတဲ့ကိစ္စတစ်ခု ဖြစ်နေတယ်လို့ ကျွန်တော်တို့ တထစ်ချပြောလိုပါတယ်။ အဲဒီတော့ ဒီထောင်ဒဏ်တွေ ထောင်ထဲမှာကျင့်သုံးနေတဲ့ အက်ဥပဒေ၊ နည်းဥပဒေ၊ လက်စွဲဥပဒေတွေ ဒါတွေကို ရှေ့ကပုဂ္ဂိုလ်များ တင်ပြသွားသလို ကျွန်တော် အများကြီး မပြောလိုသော်လည်း ကျွန်တော်တို့ တိုက်ပိတ်ခြင်းဆိုတဲ့ စာ ၁၄ ရက်၊နောက် သုံးလ၊ တချို့နေရာတွေမှာ သုံးရက်ပိတ်ပြီး တစ်ရက်ဖွင့်ပေးရတာတွေ ရှိပါတယ်။ ကျွန်တော် ထောင်ထဲမှာ နေတဲ့ကာလတစ်လျှောက်လုံးမှာ တစ်လကျော်ကျော်လေးပဲ ကျွန်တော် အဆောင်မှာနေခွင့်ရပါတယ်။ ကျန်တဲ့အားလုံးက တိုက်ပိတ်ပါပဲ။ ကျွန်တော်တော်တော်ဆိုးခဲ့လို့လားဆိုတော့ အထဲမှာလည်း မဆိုးပါဘူး။ ကျွန်တော် အတတ်နိုင်ဆုံးကတော့ ကောင်းကောင်းမွန်မွန် နေပါတယ်။ ဒါပေမယ့် အကြိမ်ကြိမ် နေရာပြောင်းရတာတွေ၊ နာမည်အပြင်မှာ နာမည်ရှိခဲ့တာတွေ အပြင်ကလူတွေက ကျွန်တော်အထဲမှာ ရောက်တဲ့အတွက်ပြောကြတာပဲ။ အဲတော့ ကျွန်တော်တို့တွေက အထဲမှာ

ဘယ်လောက်ပဲ စည်းကမ်းသေဝပ်စွာနဲ့ နေသည်ထားအုံး။ အကျဉ်းသားအချင်းချင်းအုပ်ချုပ်တဲ့စနစ် ရယ်၊ ကျွန်တော်တို့အပေါ် ဒီလက်စွဲဥပဒေကြီး ရှိနေတာရယ်က ဘယ်လိုမှ လွန်ဆန်လို့မရနိုင်ခဲ့ပါဘူး။ ကျွန်တော် မန္တလေးထောင်၊ နန်းတွင်းထောင်ထဲမှာ ရောက်တဲ့အချိန်မှာ ထောင်ပိုင်ကြီးကို ကျွန်တော် ပြောပါတယ်။ ကျွန်တော့် ဒေါက်ကြီးကိုဖြုတ်ပေးပါ။ ဒေါက်ကြီးက ဒေါက်နှစ်ချောင်းမှာ ခြေကျင်းက လေးချောင်း၊ ဒေါက်က နှစ်ချောင်း၊ စုစုပေါင်း နှစ်ပိဿာကျော်ကျော် ရှိပါတယ်။ အဲဒါတွေ ဒေါက်နှစ် ချောင်းဆိုတာ အလယ်ခေါင်မှာ ကန့်လန့်ထားတဲ့ သံချောင်းနှစ်ချောင်းပါ။ အဲဒီနှစ်ချောင်းနဲ့ လေးချောင်းနဲ့ပေါင်းရင် ခြောက်ချောင်းပါ။ ကျွန်တော်တစ်လျှောက်လုံး ခြေထောက်ကိုကားပြီး နေနေ ရပါတယ်။ ထွက်လာတဲ့အချိန်မှာ ကျွန်တော့်ခြေထောက်နှစ်ချောင်းဟာ စေ့လို့မရတဲ့ အထိရောက်သွား ခဲ့ပါတယ်။ ဒါပေမယ့် အာဃာတဘာမှမရှိခဲ့ပါဘူး။ နိုင်ငံရေးကို ဘာမှမလုပ်တော့ဘဲနဲ့ နေနေခဲ့တဲ့အထိ ကျွန်တော် အပြင်မှာလည်း ကောင်းစွာနေခဲ့တယ်။ ယခု အဲဒီဒေါက်ကြီးကို ဖြုတ်ခိုင်းတဲ့အချိန်မှာ ကျွန်တော်လုပ်တာမဟုတ်တဲ့အတွက် မဖြုတ်ပေးနိုင်ဘူးလို့ မန္တလေးထောင်ပိုင်ကြီးက ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ထောင်ပိုင်ကြီးအပြင် ဘယ်သူ့ကိုပြောနိုင်သေးသလဲ။ ဘယ်သူ့မှ မပြောနိုင်ပါ ဘူး။ ကျွန်တော်အခြားဟာပြောပါဆိုတော့ ကျွန်တော်ရေမချိုးရသေးဘူး။ ရေမချိုးရတဲ့အတွက် ရေချိုးချင် ပါတယ်။ ရေမချိုးတာ ဘယ်လောက်ကြာပြီလည်းလို့ မေးပါတယ်။ တစ်လကျော်ပါပြီ။ သူ့ကို ရေချိုး ထုတ်လိုက်ပါ။ နေ့လည် နေပူကျဲကျဲ ထောင်ပိတ်ချိန်၊ တန်းပိတ်ချိန် ၁၂ နာရီအချိန် မန္တလေးမှာ အတော် ပူတဲ့နေရာ နေပူထဲမှာ ကျွန်တော့်ကို ရေချိုးခိုင်းတယ်။ အဲဒီတော့ ဘာကြောင့်လည်း ကျွန်တော်က မေးတဲ့အခါမှာပြောရင် လက်စွဲကိုပဲလက်ညှိုးထိုးပါတယ်။ အဲဒီတော့ ဒီအကျဉ်းထောင် လက်စွဲကြီးဟာ ဖြုတ်သင့်ပါပြီဆိုတာ ကျွန်တော်တို့ အဲဒီလိုမျိုး မြင်လာပါတယ်။ ပြီးတော့ ရန်ကုန်ထောင်၊ အခြားထောင် တွေလည်းရှိပါတယ်။ ရန်ကုန်၊ အင်းစိန်ထောင်မှာ ပုံစံဆိုတာရှိပါတယ်။ ပုံစံကြီးနဲ့ ပုံစံလေး။ ပုံစံကြီးမှာ အသံရှည်စွဲပြီး အော်ပါတယ်။ ပုံ.....စံဆိုတဲ့အသံနဲ့ ပုံစံဆိုတဲ့အသံ နှစ်မျိုးရှိပါတယ်။ ပုံစံလို့ခေါ်ရင် တစ်ပွင့်အထက် တစ်ပွင့်အဆင့်ပုဂ္ဂိုလ်လာပါတယ်။ အဲဒါဆိုရင် ရိုးရိုးဆောင့်ကြောင့်ထိုင်နေရပါတယ်။ ပုံ.......စံလို့ အကျယ်ကြီးအော်လိုက်တဲ့အခါမှာ ကျွန်တော်တို့က ဆောင့်ကြောင့်ထိုင် ဒူးခေါင်းနှစ်လုံးကြား ခေါင်းကိုငုပ်ပြီးတော့ လက်ကိုဖြောင့်ဖြောင့်နဲ့ ဆန့်တန်း ထားရပါတယ်။ အဲဒါကို ကျွန်တော်တို့က လက်မခံနိုင်ဘူး။ အင်္ဂလိပ်လက်ထက်မှာ ဒါမရှိဘူး။ ဒါကို ဖျောက်ပေးပါ။ ပယ်ဖျက်ပေးပါဆိုတော့ ကျွန်တော့်ကို စစ်ခွေးတိုက်ပိတ်လိုက် ပါတယ်။ အဲဒီလိုမျိုးတွေ

ရှိခဲ့တဲ့ဟာတွေက အကျဉ်းထောင်လက်စွဲကိုပဲ လက်ညှိုးထိုးနေတဲ့အတွက် ဒီအကျဉ်းထောင်လက်စွဲဟာ ခေတ်နဲ့လျော်ညီစွာ၊ အခြားနိုင်ငံတွေနဲ့လျော်ညီစွာ လုပ်ပေးသင့်ပါတယ်လို့ ကျွန်တော် အဲဒီလို မြင်ပါတယ်။ ဒါကြောင့် ကျွန်တော် အဆိုကို တင်သွင်းထားတဲ့ ဦးသိန်းညွန့်ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁း၀၀နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လည် ၁၃း၄၅ နာရီမှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ အစည်းအဝေး ပြန်လည်မစတင်မီမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စက်ခလုတ်အသုံးပြုပြီးတော့ ဆန္ဒမဲပေးမှု အနေအထားလေးကို လက်တွေ့စမ်းသပ်မှုလေးဆောင်ရွက်ဖို့ရှိပါတယ်။ အဲဒါကြောင့်မို့လို့ မိမိရဲ့ Voting Card များကို မိမိရဲ့စက်ခလုပ်တွင်းမှာ စနစ်တကျ ထည့်သွင်းပေးထားကြဖို့ဖြစ်ပါတယ်။ မေခွန်းအဆိုနဲ့ပတ်သက်လို့ ဖြေကြားရှင်းလင်းရန်ရောက်ရှိနေတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများရဲ့ Voting Card များကိုတော့ စက်ထဲကိုမထည့်ဘဲနဲ့ ခေတ္တဖြုတ်ထားပေးဖို့ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ဒီကနေ့အစည်းအဝေး တက်ရောက်မှုလေးကို တင်ပြပါမယ်။ ကျွန်တော်တို့ဒီနေ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တက်ရောက်မှု စုစုပေါင်း ၃၈၇ ဦးရှိပါတယ်။ ကျွန်တော်ရဲ့ ဘယ်ဘက်ခြမ်း တပ်မတော်သားအများစုရှိတဲ့ Block One မှာတပ်မတော်သားကိုယ်စားလှယ် ၁၀၀ ဦး ရှိပါတယ်။ ကျွန်တော့်ရဲ့ ရှေ့တည့်တည့်မှာရှိတဲ့ Block Two မှာ ကိုယ်စားလှယ်စာရင်းရှိတာ ၁၀၇ ယောက် ရှိပြီးတော့ ယနေ့ ခွင့်တိုင်ကြားပြီးပျက်ကွက်တာ နှစ်ဦးရှိတဲ့ အတွက် ၁၀၅ ဦးရှိပါတယ်။ ကျွန်တော်တို့ Block Three မှာ ကိုယ်စားလှယ် ယနေ့ တက်ရောက်တဲ့ ကိုယ်စားလှယ် ၉၄ ယောက်ရှိပါတယ်။ Block ဒီ အစွန်ဆုံး Block မှာတော့ ကိုယ်စားလှယ်စာရင်းရှိတာ ၈၉ ယောက်မှာ နှစ်ယောက်ခွင့်တိုင်ထားတဲ့အတွက် လက်ရှိ ၈၇ ယောက်ရှိပါတယ်။ ဥက္ကဋ္ဌကြီး မပါဝင်ဘဲ လက်ရှိကိုယ်စားလှယ်ကြီးများ ၃၈၆ ဦး ရှိပါတယ် ခင်ဗျား။ အဲဒီအခါမှာ စက်ခလုတ်စမ်းသပ်မှုနဲ့ ပတ်သက်လို့ ပိုမိုရှင်းလင်းလွယ်ကူအောင် Block တစ်ခုချင်းစီကို ကျွန်တော်တို့ အနေနဲ့ စမ်းသပ်သွားမှာ ဖြစ်ပါတယ်။ စက်ခန်းအနေနဲ့ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ်များရှိတဲ့ Block One ဘက်ကို အရင်စမ်းသပ်ပါမယ်။ကျန်တဲ့ တစ်ခြမ်းမှာရှိတဲ့ Block သုံးခုက စက်ခလုတ်

များကို စက်ခန်းကနေပြီးတော့ ထိန်းသိမ်းထားဖို့၊ ထိန်းချုပ်ထားဖို့ ဖြစ်ပါတယ်။ ဒီတော့ စက်ခန်း အနေနဲ့ စက်ခလုတ်နဲ့ဆန္ဒမဲပေးမယ့် Voting စနစ်ကို ဘုတ်ပေါ်မှာ တင်ပေးဖို့ ဖြစ်ပါတယ်။ ခုံအမှတ် ဒီ ၄၃၊၄၄ မှာထိုင်နေတဲ့ ကိုယ်စားလှယ်ကြီးများ Voting Card လေးတွေစနစ်တကျ ပြန်ထည့်ပေးဖို့ ဖြစ်ပါတယ်။ ရပါပြီခင်ဗျား။ ဒီ ခုံနံပါတ် ၂၄၊ ၂၅ ကိုယ်စားလှယ်ကြီးများ Voting Card လေးကို သေချာစနစ်တကျထည့်၊ Voting Card ထည့်တဲ့အခါမှာ မီးအနီရောင်လေးငြိမ်းသွားအောင် ထည့်ထားပြီးမှ အသက်ဝင်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဆန္ဒမဲပေးတဲ့ဟာလေးကို အကျဉ်းချုပ် ပြန်လည်တင်ပြလိုပါတယ်။ ကျွန်တော်ကနေပြီးတော့မှ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါပြီလို့ တင်ပြတဲ့ အခါမှာ ကျွန်တော်တို့ အသင့်ရှိစေလိုပါတယ်။ ဆက်လက်ပြီးတော့ ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ကြေညာတဲ့ အခါမှာ မီးအစိမ်းတန်း လင်းလာပါမယ်။ Voting ကနေပြီးတော့ မီးအစိမ်းတင်ပေးပါ။ ကျွန်တော်တို့ မပေးသေးပါဘူး ခင်ဗျား။ အဲဒီတော့ မီးအစိမ်းလင်းလာတဲ့အချိန်မှာ ဆန္ဒမဲပေးနိုင်ကြပါပြီလို့ တစ်ပြိုင်တည်း ကြေညာပါမယ်။ အဲဒီအချိန်မှာပဲ မိမိပေးလိုတဲ့ ထောက်ခံ၊ ကန့်ကွက်၊ ကြားနေဆိုတဲ့ ခလုတ်ကိုနှိပ်ဖို့ ဖြစ်ပါတယ်။ အဲဒီမီးအစိမ်းတန်းဟာ စက္ကန့် ၃၀ တိတိကြာပါမယ်။ တကယ်လို့ မိမိပေးတဲ့ဟာကို ပြောင်းလဲပြီး တော့ပေးလိုမယ်ဆိုရင် ဒီ စက္ကန့် ၃၀ အတွင်းမှာ ပြန်ပြီးတော့ ပြောင်းလို့ရပါတယ်။ စက္ကန့် ၃၀ အတွင်းမှာ နောက်ဆုံးပေးတဲ့ ဆန္ဒမဲပေးမှုဟာ အတည်ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဟာလေးကို ပြန်ပြီးတော့ စမ်းသပ်ပါမယ်။ ဒီတော့ စက်ခန်း အနေနဲ့ ပထမဦးစွာဒီဘက်က တပ်မတော်သားအများစုရှိတဲ့ တပ်မတော်သားအများစု လူ ၁၀၀ ရှိတဲ့ ကိုယ်စားလှယ်ဘက်ကနေ စတင်ပြီး စမ်းသပ်ပါမယ်။ စမ်းသပ်မှု ပိုမိုမြန်ဆန်ဖို့အတွက် ကိုယ်စားလှယ်များ အားလုံးကနေပြီးတော့မှ သတ်မှတ်ထားတဲ့အတိုင်းလေး ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ စက်ခန်းက ဒီဘက်က လူ ၁၀၀ အတွက်ပဲ ဖြစ်ပြီးတော့ ကျန်တဲ့ Block၊ ကျွန်တော်တို့ ဒီဘက်က တပ်မတော်သား ၁၀၀ ကိုပဲ ဆန္ဒမဲပေးခိုင်းတာဖြစ်တဲ့အခါမှာ ကျန်တဲ့နေရာက ကိုယ်စားလှယ် သုံးယောက်ကဝင်ပြီးပေးတဲ့အတွက် ၁၀၃ ယောက်ဖြစ်တဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒါကျွန်တော်တို့ အနေနဲ့ကြိုတင် မေတ္တာရပ်ခံထားတာ ဖြစ်ပါတယ်။ စမ်းသပ်မှုမြန်မြန် လွယ်ကူပြီးတော့ ပြီးဆုံးသွားအောင် ကျွန်တော်တို့ ပြန်လည်ပြီးတော့ ဆောင်ရွက် ပါမယ်။ တပ်မတော်သားကိုယ်စားလှယ် ၁၀၀ ရှိတဲ့ Block Oneဘက်က ကိုယ်စားလှယ်များအားလုံး ဆန္ဒမဲပေးဖို့ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။ အဲတော့ကျန်ရှိတဲ့ ဆန္ဒမဲပေးရန် ကျန်ရှိသူများရှိတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ Block

Two ဘက်က ကိုယ်စားလှယ် ကျွန်တော်တို့ ရှေ့တည့်တည့်မှာ ကိုယ်စားလှယ် ၁၀၅ ဦးရှိပါတယ်။ ကျန်တဲ့ Block များက ကိုယ်စားလှယ်များ ဆန္ဒမဲပေးခြင်းမပြုဘဲနဲ့ ဒီ Block Two က ကိုယ်စားလှယ်များလည်း ဆန္ဒမဲပေးကြရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံးနဲ့ စမ်းသပ်ပါမယ်ခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံး ၃၈၇ ယောက်ရှိတာမှာ ဥက္ကဋ္ဌကြီးမပါတဲ့အတွက် ၃၈၆ ယောက်ရှိပါတယ်။ ကိုယ်စားလှယ်၃၈၆ ဦးလုံး အားလုံးဆန္ဒမဲပေးကြဖို့ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီခင်ဗျား။ ကျွန်တော်တင်ပြစရာ တစ်ခုရှိပါတယ်။ ကိုယ်စားလှယ်ကြီးများတစ်ယောက် ယောက်ကနေ ထောက်ခံကို နှစ်ကြိမ်ဆက်နှိပ်မိရင် Cancel ဖြစ်တဲ့ သဘောမျိုးနဲ့ ပြန်ပြီးလျော့သွားတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ အဲဒီဟာမျိုးကို အကြောင်းအရာတစ်ခု တည်းကိုနှစ်ခါထပ်ပြီးတော့နှိပ်မိရင် ပြန်ပြီးတော့ လျော့သွားပါတယ်။ အဲတော့ ကျွန်တော်တို့က ပထမ ကိုယ်ကထောက်ခံပေးပြီးထားလို့ ကြားနေပြန်ပြောင်းမယ်ဆိုလည်း ကြားနေကို တစ်ကြိမ်၊ ကြားနေကနေ ကန့်ကွက်ပြောင်းမယ်ဆို ကန့်ကွက်ကိုတစ်ကြိမ်၊ နှစ်ကြိမ်ဆက်ပြီးတော့ နှိပ်လိုက်ရင်တော့ သူကကိုယ်မှာ မဲဆန္ဒပေးတဲ့ဟာက အရေအတွက် လျော့နည်းသွားတဲ့ အနေအထား မျိုးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအနေအထားမျိုး တွေ့ရတာဖြစ်ပါတယ်။ နောက်တစ်ကြိမ် ထပ်ပြီးတော့ ကျွန်တော် ပြန်လည်စမ်းသပ်လိုပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ပါပြီ ခင်ဗျား။ လက်ရှိစမ်းသပ်မှုအရ ကျွန်တော်တို့ ဒီစက်ခလုတ်ပိုင်းဆိုင်ရာ ပြင်ဆင်ထားတဲ့ အနေအထားလေး ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများ ကိုင်တွယ်ပြီးတော့ ဆန္ဒမဲပေးတဲ့နေရာမှာ စောစောက ကျွန်တော်တို့ သူရဲ့ကန့်သတ်ချက်လေးတွေကို ကိုင်ဆောင်ရွက်သွားမယ်ဆိုရင်တော့ မှန်ကန်မယ့်အနေအထား ရှိပါတယ်ခင်ဗျား။ နောက်တစ်ကြိမ် ထပ်မံပြီးတော့ စမ်းသပ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ မကြာမီ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အစည်းအဝေး ဆက်လက် ဆောင်ရွက်သွားပါမယ်။ အချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်ဖို့ လိုပါတယ်။ ဒါကြောင့် ရှေ့ကတင်ပြ သွားတဲ့ အကြောင်းအရာတွေဆိုလို့ရှိရင်တော့ အဲဒါတွေချန်လှပ်ပြီးတော့ သီးခြားအကြောင်းအရာ

ကိုသာ တင်ပြသွားဖို့ တိုက်တွန်းပန်ကြားအပ်ပါတယ်။ ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၄ း ၀၀။**

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်ပြဆွေးနွေးသွားတဲ့ ၂၁ ရာစုနှင့် ညီညွတ်သော လူ့သိက္ခာကိုအာမခံသော အကျဉ်းထောင်များအက်ဥပဒေတစ်ရပ် မူကြမ်းရေးဆွဲပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကျန်တဲ့ပုဂ္ဂိုလ်များက ဥပဒေအကြောင်းအရာတွေရော၊ သမိုင်း အကြောင်းအရာတွေရော ပြည့်ပြည့်စုံစုံတင်သွင်းသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီနေ့ ဒီမိုကရေစီ နိုင်ငံတော်နဲ့ယှဉ်တွဲပြီး ဖော်ဆောင်ရမယ်ဆိုတဲ့ အနေအထားပဲ တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ ဒီမိုကရေစီကျင့်စဉ် နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေသည့်အနေဖြင့်(က) ခေတ်အဆက်ဆက်မှ အငြိမ်းစားဝန်ထမ်းများ၏ မတူကွဲပြားခြားနားနေသော အငြိမ်းစားလစာများကို တည်ဆဲလစာနှုန်းထားများအတိုင်း တိုးမြှင့်ခံစားခွင့်ပြုခြင်း(ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊ ဒါတွေဟာ လူမှုဘဝတိုးတက်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိတယ်ဆိုတာ သိသာပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လူမှုဘဝ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင်လည်း အကြောင်း အမျိုးမျိုးကြောင့် အကျဉ်းချခံထားသော အကျဉ်းသား ဘဝများကိုပါ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ (က) အကျဉ်းချခံထားသော သူများအတွက်လာမယ့် ဥပဒေကြမ်းမှာ ဥပဒေမှာပြင်ဆင်တဲ့နေရာမှာ ဖြည့်စွက်ဖို့ဆိုပြီးတော့ ငါးချက်ရှိပါတယ်။ အဲဒါကတော့(က) အကျဉ်းသားများရဲ့ အစားအသောက်စရိတ် တိုးမြှင့်သတ်မှတ်ပေးခြင်း (ခ)အကျဉ်းထောင်နယ်မြေများ ဒေသအလိုက်ဖြစ်ပေါ်နေသော ရာသီဥတုဒဏ်ကို သင့်လျော်သော အကာအကွယ်ပေးခြင်း (ဂ)အကျဉ်းသားများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုစရိတ်ကို တိုးမြှင့်သတ်မှတ်ပေးခြင်း

(ဃ)အကျဉ်းသားများ၏ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်လာရေးနှင့် အသိဉာဏ်တိုးတက်ရန် သတင်းစာ၊ မဂ္ဂဇင်းများ ဖတ်ရှုခွင့်နှင့် ဖတ်ရှုနိုင်ရန် စီစဉ်ပေးခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများအား အခါအားလျော်စွာ ကြည့်ရှုနားထောင်နိုင်ရန် စီစဉ်ပေးခြင်း (င)အကျဉ်းသားတို့အား တွေ့ဆုံခွင့် ထောင်ဝင်စာရက်သတ္တပတ်အတွင်း တွေ့ဆုံနိုင်ခွင့်အကြိမ်များ ပိုမိုသတ်မှတ်ခြင်းနှင့် တွေ့ဆုံချိန်ပိုမို သတ်မှတ်ခြင်းစတဲ့ အကျဉ်းသားများရဲ့ အခွင့်အရေးများကို ၂၁ ရာစုနှင့်ညီညွတ်သော လူ့သိက္ခာကို အာမခံသော အကျဉ်းထောင်အက်ဥပဒေများ လိုအပ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအက်ဥပဒေကို ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းနိုင်ရေး အဆိုကိုထောက်ခံ တင်ပြရင်း တင်ပြဆွေးနွေးအပ်ပါတယ် ခင်ဗျား။ လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းဆာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၄ း ၀၅။**

**ဦးထွန်းဆာ(ခေါ်)ဦးစိုင်းထွန်းဝင်း(တန့်ယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကိုယ်စိတ်နှစ်ဖြာကျန်းမာကြလျက် မင်္ဂလာ အပေါင်းနှင့် ပြည်စုံတဲ့နေ့တစ်နေ့ ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ တန့်ယန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခေါ်) ဦးစိုင်းထွန်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအကျဉ်းထောင်လက်စွဲဥပဒေ (Jail Manual 1894)ကို လေ့လာတဲ့ အခါမှာ လက်စွဲအပိုင်း(၁၅) ပုဒ်မ၆၆၅ မှာ ပြစ်ဒဏ်ကျ အကျဉ်းသားများအား A,B,C သုံးမျိုးခွဲထားတာတွေ့ရပါတယ်။ ပုဒ်မ ၆၆၆ မှာ အမြဲပြစ်မှုကျူးလွန်ခြင်းမဟုတ်သော အကျင့် စာရိတ္တကောင်းမွန်သူများကို (A)အတန်းအစားအကျဉ်းသား၊ ပုဒ်မ ၆၆၇ မှာလူမှုအဆင့်အတန်း၊ ပညာအခြေအနေ သို့မဟုတ် အထက်တန်းကျသည့်နေထိုင်မှုစနစ်တွင် ပါဝင်သူများ၊ ၎င်းတွင် ဥရောပသားများ၊ အင်္ဂလိပ်ကပြားများနှင့် အဆင့်အတန်းမြင့်စွာ နေထိုင်နိုင်သော မြန်မာ သို့မဟုတ် အခြားအကျဉ်းသားများကို (B)အဆင့်အတန်းအကျဉ်းသားများဟု သတ်မှတ်ထားပြီး ပုဒ်မ ၆၆၈ မှာ အတန်းအစားတွင် မပါဝင်သူများကို (C) အတန်းအစားများအဖြစ် သတ်မှတ်ဖော်ပြထားပါတယ်။

နိုင်ငံရေးပင်စင်ဥပဒေမှာ(၁)မတရားအသင်းအက်ဥပဒေအရ အရေးယူခံရသော(၂) နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု(၃)အကြည်ညိုပျက်အောင်လုပ်မှု (၄)နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလို သူများ၏ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သော ဥပဒေများအရ အပြစ်ပေးခံရသည့်အမှုများကို နိုင်ငံရေးပြစ်မှုများအဖြစ် သတ်မှတ်ပါတယ်။ ပုဒ်မ ၆၇၀ နှင့် ၆၇၁ မှာ အကျဉ်းသားအတန်းအစား အသီးသီးတို့ရဲ့ရယူခွင့်၊ ဝယ်ယူခွင့်တို့ကို ပြဋ္ဌာန်းထားပါတယ်။ အကျဉ်းသားအတန်းအစား အသီးသီး၏ နေထိုင်မှု၊ စားသောက်မှု၊ ဝတ်စားဆင်ယင်မှုနှင့် အကျဉ်းထောင်အတွင်းစာရေး၊ စာဖတ်ခွင့်များကို အပြည့်အဝရရှိစေရန်အာမခံပါတယ်။ တရားရုံးလက်စွဲမှာ အမိန့်ချမှတ်သည့်တရားသူကြီးက အကျဉ်းသား

ကို A,B,C အတန်းအစားခွဲခြား ပေးရပါတယ်။ အကျဉ်းထောင်မှူးများကလည်း တရားသူကြီးက ခွဲမပေးလျှင် ပြန်လည်၍ အဆင့်အတန်းခွဲပေးရန် တောင်းဆိုရပါတယ်။ လက်ရှိတရားရုံးများမှာလည်း အကျဉ်းသားများအား အဆင့်အတန်းခွဲပေးရပါတယ်။ သို့သော် လက်တွေ့ဘဝမှာ အကျဉ်းသားများ ပိုမိုများပြားလာခြင်း၊ နေရာထိုင်ခင်းခက်ခဲခြင်းတို့ကြောင့် အကျဉ်းသားများ တန်းတူရည်တူ နေကြရပါတယ်။ ကြမ်းပြင်ပေါ်မှာ ပုံစံတူအိပ်ကြရပါတယ်။ တစ်ပြေးညီ ထောင်ဝတ်စုံများ ဝတ်ကြရပါတယ်။ အစားအသောက်များ တူညီစားသောက်ရပါတယ်။ ယခုလက်ရှိကျင့်သုံးသော အကျဉ်းထောင်ဥပဒေမှာ ရှေးနှစ်ပေါင်းများစွာက ကြာမြင့်လှပြီဖြစ်သဖြင့် ခေတ်နှင့်လျော်ညီခြင်း မရှိတော့ပါ။ ဥပဒေစကားလုံး အသုံးအနှုန်းများမှာ ယခုလက်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အမည်များ၊ ရာထူးများနှင့် ကိုက်ညီမှုမရှိပါ။ ထို့အပြင် အခန်း(၂)၊ ပုဒ်မ(၅)ရှိ ဗဟိုအကျဉ်းထောင်များနှင့် ခရိုင်အကျဉ်းထောင်များ အမည်တွင်တောင်ကြီးရှိ တောင်လေးလုံး အကျဉ်းထောင်ကဲ့သို့သော အကျဉ်းထောင်များအမည်မပါရှိပါ။ ပုဒ်မ ၅၆၅၊ ၅၈၃ နှင့် အပိုင်း ၁၆ ရှိ အကျဉ်းသားအခေါ်အဝေါ်များ သည်လည်းခေတ်နှင့်လျော်ညီခြင်း မရှိတော့၍ ပြင်ဆင်ရန် လိုအပ်ပါသည်။ လက်ရှိ အကျဉ်းသားများသည် အဆိုပါဥပဒေတွင်ပါဝင်သော လူ့ဂုဏ်သိက္ခာကို အာမခံသည့် အခွင့်အရေးများဆုံးရှုံးမှုမရှိစေရန်လည်း လိုအပ်နေပါသည်။ သို့ဖြစ်တဲ့ အတွက် ဦးသိန်းညွန့် သယ်ံနိုးကျွန်း မဲဆန္ဒနယ်ကိုယ်စားလှယ်၏ ၂၁ ရာစုနှင့် ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော၊ အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေး နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။( သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ချိန် ၊၁၄ း ၀၉။**

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်ဒွဲဘူဖြစ်ပါတယ်။ သယ်ံနိုးကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ၂၁ ရာစု နှင့်ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကိုအာမခံသော၊ အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ်မူကြမ်း ရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်

အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဥ်များ ပြုလုပ်ပေးပါရန် ဆိုတဲ့အဆိုကိုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင်။ မြန်မာနိုင်ငံမှာ ၁၈၇၂ ခုနှစ်မှာ၊ စစ်တွေမြို့မှာ ပထမဦးဆုံး ဗြိတိသျှတို့က အကျဉ်းထောင်ကို တည်ဆောက်ဖွင့်လှစ်ခဲ့တယ်လို့ ဖတ်ရှုခဲ့ရပါတယ်။ နှစ်ပေါင်း ၆၇ နှစ် ကြာပြီးနောက် ၁၈၉၄ခုနှစ်၊ ဇူလိုင်လ၁ရက်နေ့မှာ မြန်မာနိုင်ငံ အကျဉ်းထောင်များအက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့တယ်လို့ ဖတ်ရှုလေ့လာရပါတယ်။ အခုဆိုရင် ဒီဥပဒေဟာသက်တမ်း ၁၁၇ နှစ် ပြည့်ခဲ့ပြီးဖြစ်ပါတယ်။ အင်္ဂလိပ်တို့က A Primary Purpose of a Prison is to Protect a Society against Crimesလို့ သုံးနှုန်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုအား ရာဇဝတ်မှုများမှ ကာကွယ်ရန်ဆိုတဲ့ အဓိကရည်ရွယ်ချက်နဲ့ အကျဉ်းထောင်များကို ထားရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ လူ့အဖွဲ့အစည်းကို နှိပ်စက်ကလူပြုနေတဲ့ ဒုက္ခပေးနေတဲ့ လူ့ဗာလ၊ လူသတ်၊ ဓားပြ၊ မုဒိမ်း၊ သူခိုး၊ ကြမ်းပိုး၊ ခါးပိုက်နှိုက်စတဲ့လူတွေက ပြည်သူလူထုကို ဒုက္ခမပေးနိုင်ဖို့အတွက် သီးခြား ထိန်းသိမ်း ထားရှိရန် တစ်နည်းအားဖြင့် ပြစ်ဒဏ်ပေးထားရန် အဓိကရည်ရွယ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မတို့နိုင်ငံမှာ ဖြတ်သန်းလာတဲ့ အကျဉ်းထောင်များရဲ့သမိုင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ကိုလိုနီခေတ်အကျဉ်းထောင်ရဲ့ အယူအဆကတော့ ရက်စက်ကြမ်းကြုတ်ခြင်းသည် ရာဇဝတ်မှုကို မဖြစ်စေနိုင်လို့ယူဆပြီး အကျဉ်းထောင်ကို ရောက်လာသူ လူဆိုး၊ လူမိုက်တွေကို အကျဉ်းထောင်အတွင်းမှာရှိတဲ့ လူမျိုးခြား ကုလားဝန်ထမ်းများနဲ့ လူမိုက်ကြီးများက စိတ်ရှိလက်ရှိနှိပ်စက် ကြခြင်းဖြင့် အကျဉ်းထောင်ကို ကြောက်ရွံ့သွားပြီး နောက်တစ်ခါ မလာရဲအောင်၊ ရာဇဝတ်မှုမကျူးလွန်အောင် ရက်စက်စွာ ဖိနှိပ် အုပ်ချုပ်ခဲ့ကြပါတယ်။

ပါလီမန်ဒီမိုကရေစီခေတ်မှာတော့ တိုင်းတပါးအုပ်ချုပ်သူများရဲ့နေရာမှာ မြန်မာတိုင်းရင်းသား အချို့ ရောက်ရှိလာပြီး ရက်စက်ကြမ်းကြုတ်ခြင်းသည် ရာဇဝတ်မဖြစ်စေနိုင်ဟူသော အယူအဆကို ပြောင်းလဲလက်ခံလာခဲ့ပေမယ့် အကျဉ်းထောင်အုပ်ချုပ်မှုအပိုင်းတွေမှာ ဝန်ထမ်းတွေကိုကူညီအုပ်ချုပ် နေတဲ့အကျဉ်းသား အရာရှိများဖြစ်တဲ့ တန်းစီး၊ ဗာယာ၊ စည်းကမ်းထိန်း စသည်တို့ဟာနှစ်ကြီး၊ ပြစ်ဒဏ်ကြီး လူမိုက်ကြီးများဖြစ်နေပြီး လူမိုက်ကြီးများက လူမိုက်ကလေးများအပေါ် ရက်စက်မှုဖြင့် အုပ်ချုပ်နေဆဲ ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီ ရောက်တဲ့အခါမှာ ကွန်မြူနစ်နဲ့ဆိုရှယ်လစ်များက လုပ်အားဆိုတဲ့ စကားရပ်ကို အလေးထားလာပြီး ပြစ်မှုကြွေးကို ချွေးဖြင့်ဆပ်မယ်ဟူတဲ့ အယူအဆ များဖြင့် ပြောင်းလဲလာခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးအလုပ်စခန်းများ၊ လမ်းဖောက်လုပ်ရေး

စခန်းများမှာ အကျဉ်းသားများကို ရဲဘက်ဆိုတဲ့အခေါ်နဲ့ အလဟဿအလေအလွင့်ပြုန်းတီးနေတဲ့ အကျဉ်းသားများရဲ့ လုပ်အားကို အကျိုးရှိစွာ အသုံးချနိုင်ရန်ဟူတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်၊ နောက်ပိုင်းကာလမှာ ဆိုရှယ်လစ်ခေတ်က ပုံသဏ္ဌာန်အတိုင်း ဆက်လက်တည်ရှိနေပေမယ့် ထိုကာလနိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ အကျဉ်းထောင်များကို စာရိတ္တပြုပြင်ပြောင်းလဲရေးစခန်းများအဖြစ်သို့ ရှေးရှုစေခဲ့သော လမ်းညွှန်မှုများကို ပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ပြစ်မှုကြွေးကို ချွေးဖြင့်ဆပ်မယ်ဆိုတဲ့အယူအဆမှ အကျဉ်းသားများထောင်မှ လွတ်မြောက်သည့်အခါ လူကောင်းများဖြစ်အောင် ပြောင်းလဲပေးရန်ဆိုတဲ့အယူအဆကို ပြောင်းလဲခဲ့ပြီး စာရိတ္တပြုပြင်ရေးစခန်းများအဖြစ်သို့ အသုံးပြုနိုင်ရန် ပြောင်းလဲဆောင်ရွက်လျက်ရှိနေပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင်။ ခေတ်အဆက်ဆက်မှာရှိခဲ့တဲ့ အကျဉ်းထောင်များနှင့် ပတ်သက်ပြီး လေ့လာကြည့်တဲ့အခါမှာ ပြစ်ဒဏ်ပေးသော လမ်းကြောင်း ပေါ်တွင်ရှိသော အကျဉ်းထောင်များနှင့် ပြုပြင်ပြောင်းလဲပေးသော လမ်းကြောင်းပေါ်တွင်ရှိသော အကျဉ်းထောင်များဟု ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ယနေ့ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်ကတော့ ပြုပြင်ပြောင်းလဲရေးစနစ် ဖြစ်ပါတယ်။

အကျဉ်းသားများ နေထိုင်စားသောက်မှုနှင့် ပတ်သက်ပြီး နိုင်ငံတကာအမြင်၊ နိုင်ငံတကာအဆင့်အတန်းဖြင့် သတ်မှတ်ထားတဲ့ လူနေမှုအဆင့်ဟာ ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ လူလတ်တန်းစားအဆင့်ရဲ့ အခြေအနေလောက်ရှိတယ်လို့ နှိုင်းယှဉ်တွေ့ရှိ ရပါတယ်။ လေဝင်လေထွက်ကောင်းသော အဆောက်အဦ၊ ခုတင် သို့မဟုတ် ကွပ်ပျစ်မှာ ချောင်ချိစွာနေထိုင်ရခြင်း၊ ရေလောင်းအိမ်သာကဲ့သို့သော မိလ္လာစနစ်မျိုး၊ သန့်ရှင်းလွယ်ကူစွာရရှိနိုင်တဲ့ သုံးရေ၊ သောက်ရေ၊ ကောင်းမွန်ပူနွေးသောထမင်း၊ နေ့စဉ် သင့်တင့်သောဟင်းလျာ (ပဲသီး၊အသီးအရွက်ကြော်)စသည်ဖြင့် ဖြစ်ပါတယ်။ အသားကျွေးတဲ့နေ့မှာလည်း ကောင်းမွန်စွာ ချက်ပြုတ်ထားသော၊ နူးနပ်သောအသား၊ ငါး၊ ကြက်ဥတို့ကို ပုံမှန်ကျွေးမွေးရမယ်လို့ နိုင်ငံတကာအဖွဲ့အစည်းများက ကိုယ်စားလှယ်များကနေပြီး အကျဉ်းဦးစီးဌာနများကို အကြံပြုဆွေးနွေးခဲ့ကြောင်းနဲ့ ၎င်းတို့ရဲ့အကြံပြုချက်များအရ အဖက်ဖက်မှ အဆင်ပြေအောင် ကြိုးစားဆောင်ရွက်ပေးနေ ကြောင်းလည်း စုံစမ်းသိရှိရပါတယ်။ အကျဉ်းဦးစီးဌာနဆိုတာကလည်းလူသားဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများနဲ့ ဖွဲ့စည်းထားတဲ့အတွက် လူတစ်ယောက်ချင်း၊ တစ်ဦးချင်းအနေနဲ့ အားနည်းချို့ယွင်းချက်များရှိမှာဖြစ် ပါတယ်။ ယနေ့ခေတ်အခါမှာ အားနည်းနေပြီဖြစ်တဲ့တချို့ ဥပဒေတွေကို လက်ကိုင်စွဲပြီးမှ ဒီအကျဉ်းသားတွေအပေါ် ခေါင်းပုံဖြတ်မှုများ

လည်းရှိနေကြောင်း လေ့လာသိရှိရပါတယ်။ အဲဒီကိစ္စများနှင့်ပတ်သက်ပြီး အရေးယူမှုများလည်း များစွာရှိကြောင်း သိရှိရပါတယ်။ ဥပမာအနေနဲ့ ၂၀၀၉ ခုနှစ်၊ မန္တလေးမြို့မှာ ရိက္ခာဆန်ကိစ္စ အလွဲသုံးစားပြုမှုနဲ့ပတ်သက်ပြီး အကျဉ်းဝန်ထမ်းအားလုံးကို ဦးရေပေါင်း ၇၀၀ ကျော်ရှိပါတယ်။ အဲဒီအကျဉ်းဝန်ထမ်းအားလုံးကို နယ်ပြောင်းလိုက်ပါတယ်။ နောက်တစ်ခုကထောင်မှူးနဲ့ ဒုထောင်မှူး ကိုလည်း ၁၀ နှစ်စီ ထောင်ချခဲ့ကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါတွေကို အပြစ်တင် ပြောဆိုနေရုံနဲ့လည်း အကျိုးမရှိနိုင်ပါဘူး။ ဒါကြောင့် ဘက်စုံထောင့်စုံကရှုမြင်ပေးပြီး ဝိုင်းဝန်းပြုပြင် ထိန်းသိမ်းခြင်း၊ ပြည်သူများက ပူးပေါင်းပါဝင်ကူညီခြင်းဖြင့်သာ ပြည်သူကအားထားရသောဌာနတစ်ခု အဖြစ်သို့ ရောက်လာနိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံလျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြီး ယခုထက် သာလွန် ကောင်းမွန်သော နိုင်ငံတော်ရဲ့ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသော နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော ပြုပြင်ပြောင်းလဲပေးသော လမ်းကြောင်းပေါ်တွင်ရှိသော အကျဉ်းထောင်များ ထူထောင်နိုင်ရေးအတွက် အစိုးရ၊ ပြည်သူနဲ့၊ ပြည်သူ့ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက် ကြမယ်ဆိုရင် အောင်မြင်မှုကို အမှန်တကယ်ရရှိမယ်လို့ ယုံကြည်ပါတယ်။ အကျဉ်းသားဝန်ထမ်းများ အနေနဲ့ လူဆိုး၊သူခိုး၊ဓားပြ၊ရာဇဝတ်သားတွေကို ဆက်ဆံပြောဆိုမှုနဲ့ အသက်ကြီးကြီး၊ မျက်စိကမှုန်မှုန် ကူညီမယ့် သားသမီးနောက်ခံကမရှိ အမယ်အိုကခိုင်းလို့ လုပ်နေကျတိုင်း ဈေးဝယ်ထွက် ကားမောင်းရင်း ယာဉ်တိုက်မှုဖြစ်ပွားကာ လူသေမှုနဲ့ အကျဉ်းထောင်ထဲရောက်လာတဲ့ အငြိမ်းစား ကျောင်းဆရာကြီးတစ်ဦးကို ပြောဆိုဆက်ဆံမှုတို့ဟာ တူညီနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် စားသောက် နေထိုင်မှုစနစ်ကတော့ အကျဉ်းသားများအားလုံး တန်းတူညီတူသာဖြစ်တယ်ဆိုတာလည်း လေ့လာတွေ့ ရှိရပါတယ်။

ဆက်လက်ပြီး ဦးသိန်းညွန့်ရဲ့အဆိုမှာ ၂၁ ရာစုနှင့် ညီညွတ်သောဆိုတဲ့ စကားရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုလျှင် ပြဋ္ဌာန်းဥပဒေများရေးဆွဲရာမှာ ခေတ်ကာလကိုပိုင်းခြား သတ်မှတ် ဖို့မလိုအပ်ပါဘူး။ ရာစုနှစ်များစွာတိုင်အောင် ပြည်သူလူထုအတွက် အကျိုးပြုနိုင်မယ့် ဥပဒေဖြစ် နေမယ်ဆိုရင် ပိုမိုကောင်းမွန်ပါမယ်လို့ အပြုသဘောဖြင့် ဆွေးနွေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄၄ မှာ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ် ပြဋ္ဌာန်းခွင့်မရှိစေရဟု အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဥပဒေအသစ်တစ်ရပ် ရေးဆွဲမည်ဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အခြေခံထားပြီး ရေးဆွဲရမည်ဖြစ်ကြောင်းကိုလည်း ကိုယ်စားလှယ် ကြီးများအားလုံး သိရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဦးသိန်းညွန့်ရဲ့အဆိုမှာ လူ့ဂုဏ်သိက္ခာကို အာမခံသောဟူတဲ့စကားရပ်ကို ထည့်သွင်းရေးသားရန် မလိုအပ်ဘူးလို့ ဥပဒေကြောင်းအရ

ဆွေးနွေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားပြီး ဖြစ်ပါတယ်ရှင်။ အကျဉ်းထောင်များ အက်ဥပဒေအသစ်ဆိုတဲ့စကားရပ်ကို ဆွေးနွေးရမယ်ဆိုလျှင် အက်ဥပဒေဆိုတာ ဥပဒေနဲ့ တန်ဖိုး တူညီတဲ့ အသုံးအနှုန်းတစ်ခုဖြစ်သော်လည်း အက်ဆိုသော အသုံးအနှုန်းကို ကျွန်မတို့မြန်မာနိုင်ငံမှာ အင်္ဂလိပ်အုပ်ချုပ်ခဲ့တဲ့စနစ်မှာ ထုတ်ပြန်ခဲ့တဲ့ ဥပဒေများမှာ သုံးနှုန်းခဲ့ကြပြီး ၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီအစိုးရတက်ပြီးနောက်ပိုင်းမှာ ယနေ့တိုင်ဥပဒေများ ရေးဆွဲရာမှာ အက်ဥပဒေဟု မသုံးနှုန်း တော့ဘဲ အက်ဆိုတဲ့ စကားလုံးကိုချန်လှပ်ပြီး ဥပဒေဟုသာသုံးနှုန်း ကြကြောင်းလေ့လာတွေ့ရှိရပါ တယ်။ ဆက်လက်ပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်း ဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးရန်ဆိုတဲ့ စကားရပ်နဲ့ပတ်သက်ပြီး တော့ ဆွေးနွေးလိုပါတယ်။ ဥပဒေတစ်ရပ်ရပ်ကို ရေးဆွဲရန်အတွက် တိုတောင်းတဲ့အချိန် ကာလတစ်ခု ကို သတ်မှတ်ပေးခြင်း မပြုသင့်ဘူးလို့ ထင်မြင်မိပါတယ်။ နိုင်ငံတော် တစ်ဝန်းလုံးမှာ လွှမ်းခြုံနိုင်မယ့် ဥပဒေတစ်ရပ်ရေးဆွဲနိုင်ရန်အတွက် အချိန်ကာလမှာ အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း လည်း ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများရှင်။ အဆိုရှင် ဦးသိန်းညွန့်ရဲ့ ၂၁ ရာစုနှင့် ညီညွတ်သော ၊လူ့ဂုဏ်သိက္ခာကို အာမခံသော၊ အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန် ဟူတဲ့အဆိုမှာ ပါဝင်ဖွဲ့စည်းထားတဲ့ ဝေါဟာရ အသုံးအနှုန်းများဟာ သင့်မြတ်လျော်ကန်မှုမရှိပါ ကြောင်း ကျွန်မအနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ ယေဘူယျအားဖြင့် အကျဉ်းသားများအတွက် ပြုပြင်ပြောင်းလဲရေးကို ဦးတည်သောစနစ်ကိုအခြေခံပြီး လက်ရှိနိုင်ငံတော်ရဲ့ ပကတိအရှိတရားများနဲ့ လိုက်လျောညီထွေမှုရှိသော လက်ရှိအကျဉ်းထောင်ဥပဒေများမှာ လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပြီး အဲ့ဒီဥပဒေများမှာ အဆင့်အတန်းခွဲခြား သတ်မှတ်ခြင်းကိုသာ ဆက်လက်ကျင့်သုံးဖို့ သင့်မြတ်ပါကြောင်း ဆွေးနွေးလိုပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်မအနေနဲ့ အထူးတင်ပြလိုတာကတော့ ကျွန်မတို့အနေနဲ့ ဒီအကျဉ်းထောင်ဥပဒေကို အသစ်ပြုလုပ်ဖို့ဆိုတာ ကျွန်မတို့ လက်ရှိတင်သွင်းရမယ့် အချိန်ကာလနှင့် အင်မတန်တိုတောင်းတဲ့အတွက် ဥပဒေတစ်ရပ် ကို တင်သွင်းခြင်း မလုပ်သင့်ပါဘူး။ ဒါပေမယ့် လက်ရှိမှာအသုံးမကျတဲ့ ဥပဒေတွေ လိုအပ်တဲ့ဥပဒေတွေတော့ ဒီဥပဒေမှာ ပြင်ဆင်ဖြည့်စွက်ဖို့ လိုအပ်ပါတယ်။ ဒီအဆိုရှင် တင်သွင်းထားတဲ့ကိစ္စကို ကျွန်မတို့အနေနဲ့ ကျွန်မအနေနဲ့ ကန့်ကွက်တာမဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအနေနဲ့ သူရဲ့ အဆိုအားလုံး၊ အဆို

တစ်ခုလုံးကို ကျွန်မတို့ တတိယအကြိမ်မှာ တင်သွင်းဖို့၊အသစ်တစ်ခုလုံး ပြုပြင်ပြီးတင်သွင်းဖို့ဆိုတာ မဖြစ်နိုင်ကြောင်းကိုသာ ကျွန်မအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ လက်ရှိအနေအထားမှာတော့ ကျွန်မတို့ဟာဆိုလို့ရှိရင် လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ပြီး နောင်တစ်ချိန် ကျွန်မတို့ အချိန်ကာလအတိုင်းအတာ တစ်ခုရောက်လို့ရှိရင် ဥပဒေအသစ်တစ်ခုလုံးကို ပြုပြင်သုံးစွဲနေမယ် ဆိုရင် ပြည်သူလူထုအတွက် ပိုမိုပြီးတော့ သင့်မြတ်မည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန် ၊၁၄ း ၂၁။**

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်၏ ချမ်းသာခြင်းကိုယ်၏ ကျန်းမာခြင်းနှင့်ပြည်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ သဃ်န်ကျွန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်၏ အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုလိုနီခေတ်ကျွန်ဘဝနယ်ချဲ့ ဗြိတိသျှများ အုပ်ချုပ်ခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးနောက် အကျဉ်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိဝန်ထမ်း များသည် ဗမာလူမျိုးများ ဖြစ်သကဲ့သို့ အကျဉ်းသား၊ အရပ်သားများမှာလည်း မြန်မာနိုင်ငံသား တိုင်းရင်းသား လူမျိုးများဖြစ်ကြပါတယ်။ မြန်မာအချင်းချင်း ညှင်းပန်းနှိပ်စက်မှုမရှိတော့ပါ။ ဗြိတိသျှ ဗြိတိသျှ ဗြဟ္မစိုရ်တရားကို အခြေခံ ထား၍ အုပ်ချုပ်စေခဲ့ပါတယ်။ အကျဉ်းထောင်ဦးစီးဌာနသည် Prisons Department မှ Correctional Department အဖြစ် အသွင်ကူးပြောင်းအုပ်ချုပ်ခြင်းကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ကမ္ဘာကြီးသည် အမြဲပြောင်းလဲနေပါတယ်။ အတွေးအခေါ် အယူအဆများ၊ လုပ်နည်းလုပ်ဟန်များ၊ နည်းစနစ်များ၊ နည်းပညာများသည် ကမ္ဘာကြီးနှင့်အတူ ပြောင်းလဲနေပါတယ်။ အကျဉ်းထောင်များမှာလည်း ပြောင်းလဲသွားသော အတွေးအခေါ်အယူအဆ များနှင့်အညီ လိုက်ပါပြောင်းလဲနေတာကို တွေ့ရမှာဖြစ်ပါတယ်။ စောစောက တင်ပြသွားတဲ့ ဒေါ်ဒွဲဘူ တင်ပြသလို ကိုလိုနီခေတ်ကအယူအဆနှင့် ဆိုရှယ်လစ်ခေတ်ကအယူအဆများမတူဘဲ ပြောင်းလဲ နေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ၂၂-၁-၁၉၉၉ ခုနှစ်တွင်

နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျွန်းဝါး၊ သစ်နှင့် စိုက်ပျိုးရေးစခန်းကို ရောက်ရှိစဉ်က အကျဉ်းဦးစီးဌာနအတွက် လမ်းညွှန်ချက်ကိုးချက် ချမှတ်ပေးခဲ့ပါတယ်။ လူသားဆိုင်ရာရှုထောင့်မှ ကြည့်မြင်သော လမ်းညွှန်ချက်များဖြစ်ပါတယ်။ အကျဉ်းထောင်များကို စာရိတ္တပြုပြင် ပြောင်းလဲရေးစခန်းများ အဖြစ်သို့ လမ်းညွှန်ခဲ့သဖြင့် အကျဉ်းထောင်များကို စာရိတ္တပြုပြင် ပြောင်းလဲရေးစခန်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းထောင်များကို ပြစ်မှု လမ်းကြောင်းပေါ်မှ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ပြီး အကျဉ်းသားများ ထောင်မှလွတ်မြောက်သည့်အခါ လူကောင်းများဖြစ်အောင် ပြောင်းလဲပေးရန်ဆိုသည့် အယူအဆသို့ ပြောင်းလဲခဲ့ပါတယ်။ အကျဉ်းဦးစီးဌာန၏ စိတ်ဓါတ်၊ အတွေးအခေါ်၊ စည်းကမ်းနဲ့စွမ်းရည်တို့ ပြောင်းလဲနိုင်စေရန် စွမ်းရည်မြင့်သင်တန်းများစွာ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့တာကိုလည်း လေ့လာတွေ့ ရှိရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းထောင်အလုပ်စခန်း များအတွင်းသို့ လာရောက်လေ့လာကြသော ဧည့်သည်အဖွဲ့အစည်းများမှာ ICRC၊ ပီညဲရိုး၊ အိုဂျေ၊ ကွင်တားနားတို့ ဖြစ်ပါတယ်။ ကွင်တားနားသည် ၂၀၁၁ ခုနှစ်တွင် စစ်တွေ၊ ဘူးသီးတောင်၊ အင်းစိန် တို့ကို လေ့လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ကွင်တားနား၊ အင်းစိန်အကျဉ်းထောင် သို့ ရောက်ရှိလာပြီး အကျဉ်းထောင်၏အခြေအနေ တိုးတက်လျက်ရှိကြောင်း ပြောကြားသွားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအကျဉ်းထောင် များတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံရသူ စုစုပေါင်း ၅၄၆၃၇ ဦး ရှိကြောင်း သက်ဆိုင်သူများထံမှ စုံစမ်းသိရှိရပါတယ်။ အကျဉ်းသားများတစ်ဦးရဲ့ တစ်လကုန်ကျစရိတ်များမှာ ၅၅၀၀၀ ကျပ်ဖြစ်ပါတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ယောက်ရဲ့ အောက်ခြေ ဝန်ထမ်းသည် လစာ ၃၅၀၀၀ သာ ရရှိပါတယ်။ အဲဒါကို နှိုင်းယှဉ်လိုက်ရင် အကျဉ်းသားတစ်ဦးရဲ့ ကုန်ကျစရိတ်သည် လုံလောက်တယ်လို့ ကျွန်တော်တို့က တွေ့ရမှာဖြစ်ပါတယ်။ ထို့ပြင် အကျဉ်းသားများထဲမှ HIV ရောဂါပိုးရှိသော အကျဉ်းသားများကို ၂၀၁၁ ခုနှစ်တွင် ဆွစ်ဇာလန် နိုင်ငံ၊ နယ်စည်းမခြား ဆရာဝန်အဖွဲ့က နှစ်သိမ့်ဆွေးနွေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်းနှင့် ပိုးသတ်ဆေးများဖြင့် ကုသခြင်းများတို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ သောက်သုံးရေကို ရေသန့်စနစ်သို့ ပြည်တွင်းအလှူရှင်များရဲ့ လှူဒါန်းမှုဖြင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရေလောင်းအိမ်သာစနစ်သို့

အကျဉ်းထောင်အားလုံးတွင် ပြောင်းလဲပေးပြီးဖြစ်ပါတယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ဖတ်ရှုနိုင်အောင် စီစဉ်ပေးခဲ့ပါတယ်။ ထောင်ပတ်ပြေးပွဲများ၊ ပိုက်ကျော်ခြင်း၊ ဝိုင်းခြင်း အားကစား နည်းများ စီစဉ်ပေးနိုင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဘာသာရေးဟောပြောသည့် တရားပွဲ များ၊ ဝိပဿနာစခန်းများကိုလည်း ထောင်အားလုံးတွင် ဖွင့်လှစ်စေခဲ့ခြင်းဖြင့် အကျဉ်းသားများရဲ့ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ့်မွေ့လာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အကျဉ်းထောင်များတွင် ဘဝသစ်စိုက်ပျိုး ထုတ်လုပ်မှုစခန်းများ ဖွင့်လှစ်နိုင်ခဲ့၍ အိုးမဲ့၊ အိမ်မဲ့၊ လယ်မဲ့၊ အလုပ်လက်မဲ့ အကျဉ်းသားများကို ပြစ်ဒဏ်ကျခံပြီးနောက် အိုးပိုင်၊ အိမ်ပိုင်၊ လယ်မြေပိုင် ဘဝသစ်တစ်ခုဖြင့် အတည်တကျနေထိုင်စေရန် စီမံပေးနိုင်ခဲ့ပါတယ်။ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးသည့် အရေးယူ ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။ ထို့ပြင် လူငယ်များအားဂုဏ်သိက္ခာရှိစွာ ဘဝရှင်သန်နိုင်ရေး အတွက် လူငယ်အကျဉ်းသားများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာများ ဖွင့်လှစ်၍ သင်ကြားပေးစေခဲ့ပါတယ်။ ဒါ့အပြင် စာမတတ်သူပပျောက်အောင် စာသင်ကြားပေးခဲ့ပါတယ်။ အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများဖြစ်ကြတဲ့ စက်ချုပ်လုပ်ငန်း၊ အမွေးတိုင်လုပ်ငန်း၊ ကြိမ်ဝါးလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယာဉ်စက်လုပ်ငန်းများပါ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အကျဉ်းသားများ ထောင်မှလွတ်ပါက လူကောင်းများဖြစ်အောင် ပြောင်းလဲရန်ဆိုသည့် ရည်ရွယ်ချက် ဖြစ်ပါတယ်။ ယခုကဲ့သို့ သိက္ခာရှိ၍ မွန်မြတ်သောပြောင်းလဲမှုများ ရာစုနှစ်ပေါင်းများစွာ တည်တံ့ ခိုင်မြဲရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အကျဉ်းဦးစီးဌာနမှ အကျဉ်းသားများ ဥပဒေ၊ နည်းဥပဒေ တတိယမူကြမ်းအားလည်း ရေးဆွဲပြီးကြောင်းကို လေ့လာသိရှိရပါတယ်။ အထက်ပါပြောင်းလဲဆောင်ရွက်မှုများကို ကြည့်ခြင်းအားဖြင့် အစိုးရအဆက်ဆက်သည် ဗြဟ္မစိုရ်တရား ရှေ့ထားပြီး ရရှိခဲ့သောအချိန်ကာလ၊ နိုင်ငံတော်၏ ဓနအင်အားပေါ်တည်မှီ၍ ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါပြုပြင်ပြောင်းလဲ မှုများသည် ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် ဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအား ဆန့်ကျင်စေမည့် ပြောင်းလဲမှု၊ ဆောင်ရွက်မှုများ မဟုတ်ကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်သမ္မတကြီး၏ အစိုးရက ဆက်လက်ဆောင်ရွက်မည့် ဥပဒေပြုရေး အစီအစဉ် ၁၀ ချက်တွင် တည်ဆဲဥပဒေမှ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆီလျော် သော အချက်များကို ပြန်လည်ပြင်ဆင်၍ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖော်ဆောင်နိုင်သည့် ဥပဒေကြမ်းများ တင်သွင်းခြင်းကို ဆောင်ရွက်ပါမည်လို့

အတိအလင်း မိန့်ကြားထားပြီး ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုရှင်ရဲ့ တင်ပြချက်အဆိုမှာ ဆက်လက်တင်သွင်းရန် မလိုအပ်ပါကြောင်းနဲ့ ပြန်လည်ရုပ်သိမ်းပေးပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်မြင့်၊ ဇီးကုန်းမဲဆန္ဒနယ်မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၄ း ၃၀**။

**ဦးခင်မောင်မြင့်(ဇီးကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ သယ်န်းကျွန်းမဲဆန္ဒနယ်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်အက်ဥပဒေများသည် ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သည့်အပြင် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် အရေးယူဆောင်ရွက်မှုများ၊ ခွင့်ပြုထားသည်များ ရှိနေသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသည့်အတွက် မြန်မာနိုင်ငံအပါအဝင် လက်မှတ်ရေးထိုးထားသာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပါ အပိုဒ် ၄ နှင့် ၅ တို့နှင့်လည်း ညီညွတ်မှုမရှိကြောင်း၊ သို့ဖြစ်ရာ ၂၁ ရာစုနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်အက်ဥပဒေသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုတင်သွင်းထားခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ အဆိုရှင်တင်ပြထားသော ၂၁ ရာစုနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာ ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဆိုတာ ဘာကိုဆိုလိုပါသလဲ။ ဘယ်ပေတံနဲ့ တိုင်းတာရမှာလဲ။ ပထမဦးစွာ အဆိုရှင်အား မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄ တွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄တို့ တွင်လည်းကောင်း လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်မျိုး ပြဋ္ဌာန်းခွင့်မရှိစေရဟု ပြဋ္ဌာန်းထားပါတယ်။ ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေများနဲ့ လိုက်လျောညီထွေဖြစ်စေသော ပြစ်မှုဆိုင်ရာ ဥပဒေများတွင် ပြစ်ဒဏ်ပေးခြင်းနှင့်စပ်လျဉ်း၍

တရားရုံးများသည် လူ့ဂုဏ်သိက္ခာ မညှိုးနွမ်းစေဘဲ ရည်ရွယ်ချက်လေးမျိုးဖြင့် ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီရည်ရွယ်ချက်တွေကတော့ -

(၁) ဟန့်တားသည့် ပြစ်ဒဏ်၊

(၂) ကာကွယ်သည့်ပြစ်ဒဏ်၊

(၃) ပြုပြင်သည့်ပြစ်ဒဏ်၊

(၄) ထိုက်တန်သည့်ပြစ်ဒဏ် တို့ဖြစ်ကြပါတယ်။

၂၀၁၀ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မခွဲ(ဆ)မှာ တရားရုံးများက အစဉ်တစိုက်ကျင့်သုံးခဲ့တဲ့ တရားစီရင်ရေးဆိုင်ရာမူများမှာလည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးရာမှာ အကျင့်စာရိတ္တပြုပြင်ရေးဆိုတဲ့ ဦးတည်ရေးမူများကို အစဉ်တစိုက်ကျင့်သုံးခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ ကြေညာချက် (Universal Declaration of Human Right)စည်းကမ်းချက် ၄ မှာ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်သပေါက် (သို့မဟုတ်) အစေခံကျွန်အဖြစ် ထိန်းချုပ်ခံရခြင်း မရှိစေရ။ ကျေးကျွန်အဖြစ် ထိန်းချုပ်ခံရခြင်း မရှိစေရ။ ကျေးကျွန်စနစ်နှင့် ကျွန်ရောင်းဝယ်ရေးစနစ်တို့ကို ယင်းတို့ရဲ့ အသွင်သဏ္ဌာန်အားလုံး အပါအဝင် ဤကမ္ဘာမြေပြင်မှ ချုပ်ငြိမ်းသွားအောင် ပိတ်ပင်တားဆီးကြရမည်ဟု ကြေညာထားရှိပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ နိုင်ငံတော်အစိုးရ အဆင့်ဆင့်လက်ထက်တိုင်းမှာ ခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့ ဥပဒေများကိုလည်းကောင်း၊ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အဟန့်အတားဖြစ်စေတဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ပုဒ်မပေါင်း ၆၂ ခုဖြင့် စတင်ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ တစ်ခုချင်းအလိုက် လိုအပ်သလို ရှင်းလင်းချက်၊ အပိုဒ်များ ခွဲခြားဖော်ပြ ပြဋ္ဌာန်း ထားပါတယ်။ အဆိုပါ အကျဉ်းထောင်ဥပဒေကို ၁၉၁၀ ပြည့်နှစ်မှာတစ်ကြိမ်၊ ၁၉၁၁ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၁၃ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၁၄ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၂၃ ခုနှစ်နောက်ပိုင်းများတွင်လည်း ခေတ်နှင့်အညီ လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထိုပြဋ္ဌာန်းခဲ့တဲ့ အကျဉ်းထောင်အက်ဥပဒေများနဲ့ အကျဉ်းထောင်လက်စွဲများတွင် အကျဉ်းသားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

အပိုဒ် ၁။ အကျဉ်းသားများရဲ့ ဂုဏ်သိက္ခာအဆင့်အတန်းအလိုက်(A, B, C) အဆင့်ခွဲခြားခြင်းကို အကျဉ်းထောင်လက်စွဲစာပိုဒ် ၆၆၆၊ ၆၆၇၊ ၆၆၈ နှင့် ၆၆၉ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၂ ။ ထိုအခွင့်အရေးများတွင် တာဝန်များအပိုင်းကို အကျဉ်းထောင်များ လက်စွဲအပိုဒ် ၆၇၀၊ ၆၇၁

တွင်လည်းကောင်း။ အပိုဒ် ၃။ အကျဉ်းသားများ အကျဉ်းထောင် ရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အကျဉ်းထောင်များအက်ဥပဒေပုဒ်မ ၂၆/၁၊ ၂၆/၂၊ ၂၆/၃ တို့တွင် ထောင်ဆရာဝန်၏ စစ်ဆေးချက်အရ ကျန်းမာရေးစစ်ဆေးချက်နှင့် ပြောင်းရွှေ့ရန် အခြေအနေကောင်းကြောင်း ထောက်ခံချက်နှင့် အကျဉ်းသားများ၏ စိတ်ဆန္ဒနှင့် ဆန့်ကျင်လျက် မပြောင်းရွှေ့ရန်ကိုလည်း ဖော်ပြထားပါတယ်။ အပိုဒ် ၄။ တစ်ဦးနှင့် တစ်ဦး မည်သို့(A, B, C)အဆင့် ခွဲခြားရမည့်အပိုင်းကို နည်းဥပဒေပုဒ်မ ၂၇ မှာလည်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အပိုဒ် ၅။ ရှေ့နေအပါအဝင် ပြင်ပပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်မည့်အပိုင်းကို နည်းဥပဒေ ၄၀ တွင်လည်း ဖော်ပြထားပါတယ်။ အပိုဒ် ၆။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျ အကျဉ်းသားများ၏ အလုပ်ချိန်နှင့် သတ်မှတ်ခြင်းကို ယင်းဥပဒေပုဒ်မ ၃၄/၃၅/၃၆ တို့တွင် လည်းကောင်း၊ အပိုဒ် ၇။ သက်ဆိုင်ရာအကျဉ်းဦးစီးဌာန၏ ရုံးတာဝန်ရှိပုဂ္ဂိုလ်၏ လုံခြုံရေးအရစိစစ်ပြီး မိသားစုများ ဆက်သွယ်ခွင့်၊ စာရေးခွင့်၊ စာဖတ်ခွင့်များကို ခွင့်ပြုခဲ့ပါတယ်။ ဥပမာအားဖြင့် စာရေးဆရာ ဦးနုဟာ ကာမတဏှာဝတ္ထုကို လည်းကောင်း၊ လူထု ဦးလှဟာ လှောင်ချိုင့်ထဲက ငှက်ငယ်ဆိုတဲ့ စာအုပ်ကိုလည်းကောင်း ထောင်နှင့်လူသား ထောင်တွင်းမှ ပေးစာများ အစရှိတဲ့စာအုပ်များကိုလည်ကောင်း၊ စာရေးဆရာ တင့်တယ်ဟာ ကမ္ဘဖလ စာအုပ်များကို လည်းကောင်း ရေးသားခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ အပိုဒ် ၈။ အကျဉ်းသားများရဲ့ စားဝတ်နေရေး၊ သွားလာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာကိစ္စများ၊ အားကစား၊ ရေကောင်း ရေသန့်သုံးစွဲနိုင်ရေး၊ ရုပ်မြင်သံကြား ဖျော်ဖြေရေးကိစ္စများအပြင် အသက်မွေးဝမ်းကြောင်း ပညာရပ်များ၊ စာပေပညာသင်ကြားရေးကိစ္စများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါတယ်။ တရားမမှုများနဲ့ ရင်ဆိုင်နေရတဲ့ အကျဉ်းသားများကိုလည်း ဥပဒေအရအခွင့်အရေးများရရှိအောင် ခွင့်ပြုထားသော ပြဋ္ဌာန်းချက်များလည်း ပါရှိပါတယ်။ အပိုဒ် ၉။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၁၀-၂၀၀၀ ပြည့်နှစ်၊ အမိန့်အမှတ် ၁/၉၉ ဖြည့်စွက်အမိန့်အရ တည်ဆဲဥပဒေများအရ အတင်းအဓမ္မ လုပ်အားပေးဆင့်ဆိုခြင်းမှာ တရားမဝင်သည့်အပြင် အပြစ်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများသည် ၁၉၀၇ ခုနှစ်၊ မြို့ပြများဥပဒေပုဒ်မ ၇(၁)နှင့် ပုဒ်မ ၉(ခ)တို့တွင် လည်းကောင်း၊ ၁၉၀၇ ခုနှစ် ကျေးရွာအက်ဥပဒေပုဒ်မ ၈(၁)နှင့် ၁၀(ဂ)တို့တွင်လည်းကောင်း၊ မည်သို့ပင်ပါရှိစေကာမူ လုပ်အားပေးရန် သို့မဟုတ် ဝန်ဆောင်မှုပေးရန် ဆင့်ဆိုရန်မပြုရဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ချက် အရ အကျဉ်းသားများသာမက နိုင်ငံသားအားလုံးနှင့်လည်း သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်ကို လိုက်နာကျင့်သုံးလျက် ရှိပါတယ်။

ထို့အပြင် ၂၀၀၀ ပြည့်နှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၉ တွင်လည်း နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူ အကျိုးအတွက် ဆောင်ရွက်လျှင် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မ စေခိုင်းခြင်းကို တားမြစ်သည်ဟု ပါရှိသည့်အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ အခန်း(၈) တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အချက်ပေါင်း ၁၈ ချက်ဖြင့် ပြဋ္ဌာန်းထား ပါတယ်။ ထိုအချက်များထဲမှာ အကျဉ်းသားများ မပါဝင်ရဆိုပြီးတော့ ခြွင်းချက်မထားရှိပါဘူး။ ထိုအခွင့်အရေးများသည် နိုင်ငံသားများဖြစ်သော အကျဉ်းသားများလည်း တန်းတူခံစားပိုင်ခွင့်ရှိကြပါ တယ်။ အခြေခံဥပဒေ ပုဒ်မ ၃၄၅ မှ ၃၇၈ အထိ အခွင့်အရေးများကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဆိုပါအခြေခံဥပဒေ ၃၇၇ တွင် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်ပေး စာချွန်တော်အမိန့်၊ အမှုခေါ်စာချွန်တော် အမိန့်များကိုလည်း ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အကျဉ်းထောင်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲဥပဒေတို့ကို ခေတ်နှင့်လျော်ညီစွာ အဆင့်ဆင့် ဥပဒေများ ပြင်ဆင်သတ်မှတ်ပေးခဲ့သည့်အပြင် လူ့အခွင့်အရေးနှင့် ထိခိုက်စေသော အချက်အလက် များပါဝင်ပါက ခေတ်ကာလနှင့် လျော်ညီစွာ ပြုပြင်ဆောင်ရွက်ခဲ့သည်များကိုလည်း တွေ့ရှိရပါတယ်။ ဥပဒေတစ်ရပ်အနေဖြင့် ဟောင်းပင်ဟောင်းသော်လည်း မကောင်းလျှင်ပယ်ရမည် ဖြစ်သလို ကောင်းသောဥပဒေအဟောင်းများ အိပ်ပျော်နေပါကလည်း နိုးထစေရမှာဖြစ်ပါတယ်။ ဒီနေ့ ကျင့်သုံးလျက်ရှိတဲ့ အကျဉ်းထောင်ဥပဒေနှင့် အကျဉ်းသားလက်စွဲတို့မှာ လူ့ဂုဏ်သိက္ခာကို အာမခံနိုင်ရေးအတွက် ခေတ်နဲ့အညီ အမြဲပြုပြင်ပြောင်းလဲရှင်သန် လျက်ရှိသော ဥပဒေဖြစ်ပါတယ်။ ထို့ကြောင့် ကောင်းသောဥပဒေများကို လိုအပ်ပါက နိုင်ငံတော် အစိုးရက ပြုပြင်သုံးစွဲခြင်းဖြင့် ကောင်းသည်ထက် ပို၍ကောင်းသော လူ့ဂုဏ်သိက္ခာကို အာမခံသော ဥပဒေကြမ်းဖြစ်လာမည်ဟု ယုံကြည်ပါတယ်။ သို့ဖြစ်ပါ သောကြောင့် သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားသောအဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း အပြုသဘောဖြင့် ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

## ဦးသိန်းညွှန့် သယံနိုင်းကျွန်းမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကိုရယူခြင်း

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၄ း ၄၀။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သယံနိုင်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့်ရဲ့ အကျဉ်းထောင်များ အက်ဥပဒေ ပြင်ဆင်ဖို့နဲ့ ပတ်သက်ပြီးတော့ တင်သွင်းတဲ့ အဆိုပေါ်မှာ ပြန်လည်ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်များ အက်ဥပဒေဟာ ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေဖြစ်တဲ့အတွက် ခေတ်နှင့်လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်နေတဲ့ ဥပဒေများအနက် တစ်ခုဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲရတဲ့ ဥပဒေ ၅၅ မျိုးကို လေ့လာသုံးသပ်တင်ပြနိုင်ရန် ပြင်ဆင်ခဲ့ပါတယ်။ အဲဒီဥပဒေ ၅၅ ရပ် ထဲက အကျဉ်းဦးစီးဌာနက ကျင့်သုံးလျက်ရှိတဲ့ ယခုတင်ပြတဲ့ ၁၈၉၄ ခုနှစ် အကျဉ်းထောင်များ အက်ဥပဒေအပါအဝင် ဥပဒေ ၃ မျိုးကို ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်သင့်တဲ့အချက်ကို ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့က စပြီး ပြုစုခဲ့ပါတယ်။ ဒီဥပဒေတွေကတော့ အခုနက တင်ပြတဲ့ The Prison Act 1894 မြန်မာနိုင်ငံ အကျဉ်းထောင်များ အက်ဥပဒေ ၁၈၉၄ မြန်မာနိုင်ငံဥပဒေအမှတ် ၉ ဖြစ်ပါတယ်။ ဒုတိယ အက်ဥပဒေကတော့ The Prisoner Act ဖြစ်ပါတယ်။ The Agree of the 1900 ဖြစ်ပါတယ်။ အကျဉ်းသားများ အက်ဥပဒေ ၁၉၀၀ ပြည့်နှစ်၊ ဥပဒေအမှတ် ၃ ဖြစ်ပါတယ်။ နောက် ဥပဒေတစ်ခုကတော့ Identification of the prisoner Act ဖြစ်ပါတယ်။ ၁၉၂၀ ရဲ့ Act 33 ဖြစ်ပါတယ်။ အကျဉ်းသားများ စိစစ်မှတ်ပုံတင်ခြင်း အက်ဥပဒေ၊ ဥပဒေ အမှတ် ၃၃ ဖြစ်ပါတယ်။ ဒီဥပဒေတွေကို စတင်ဘာသာပြန်ဆိုခြင်း၊ ဘာသာပြန်ဆိုချက်များကို စိစစ်တင်ပြခြင်း၊ ပြင်ဆင်ဖြည့်စွက် ပယ်ဖျက်သင့် အက်ဥပဒေများကို လေ့လာသုံးသပ်ခြင်း ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ

လုပ်ဆောင်ပြီးစီး ခဲ့ပါတယ်။ ဒီအက်ဥပဒေသုံးမျိုးကို မြန်မာနိုင်ငံ အကျဉ်းထောင်ဥပဒေ ၂၀၁၆ ခုနှစ်အဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှာ ဥပဒေမူကြမ်းကို ပြည်ထဲရေး ဝန်ကြီးဌာနက ရှေ့နေချုပ်ရုံးသို့ စိစစ်ရန် ပေးပို့ခဲ့ပါတယ်။ ရှေ့နေချုပ်ရုံးက မြန်မာနိုင်ငံအကျဉ်းထောင်ဥပဒေ ၂၀၁၆(ပထမမူကြမ်း)အပြင် မြန်မာနိုင်ငံ အကျဉ်းထောင်နည်းဥပဒေ ၂၀၁၆(ပထမမူကြမ်း)ကိုပါ ထပ်မံပြင်ဆင်ဖြည့်စွက်ဖို့ အကြောင်းပြန်ကြား ချက်အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့က ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြန်လည်စိစစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီဥပဒေမူကြမ်းကို ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ ဥပဒေစိစစ်လေ့လာ သုံးသပ်ရေးအဖွဲ့က ပြင်ဆင်ပြီးတော့ ဒုတိယမူကြမ်းအဖြစ် ထပ်မံစိစစ်ခဲ့ပါတယ်။ ဒီဥပဒေ စိစစ်လေ့လာသုံးသပ်ရေး အဖွဲ့က ဒုတိယမူကြမ်းကို ထပ်မံစိစစ်လေ့လာ သုံးသပ်ပြီးတော့ မြန်မာနိုင်ငံ အကျဉ်းထောင်ဥပဒေနဲ့ နည်းဥပဒေ ၂၀၁၆(တတိယမူကြမ်း)အဆင့်ကို ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ပြုစုပြီး ဖြစ်ပါတယ်။

ယနေ့မှာတော့ နိုင်ငံသမ္မတ ရုံးကလည်း ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့က ခေတ်နဲ့ လိုက်လျောညီထွေမှုမရှိတဲ့ ဥပဒေတွေကို ပြင်ဆင်ရေးဆွဲရန် တည်ဆဲဥပဒများအား ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲနိုင်ရန် လိုအပ်တဲ့ဥပဒေရှိက ပြုစုပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားရယူပြန်လည်တင်ပြဖို့ ညွှန်ကြားခဲ့ပါတယ်။ ဒီညွှန်ကြားချက် အရ အကျဉ်းထောင်ကြားမှာကျင့်သုံးလျက်ရှိတဲ့ ဥပဒေနဲ့နည်းဥပဒေတွေကို ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနက ရှေ့နေချုပ်ရုံးကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှာ ထပ်မံပြီးတော့ စိစစ်ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ဒီ မြန်မာနိုင်ငံအကျဉ်းထောင်ဥပဒေ ၂၀၁၆ မူကြမ်းကို ဥပဒေကြမ်းအဖြစ် လွှတ်တော်ကိုတင်သွင်းနိုင်ရန် ပြင်ဆင်ထားရှိပြီးဖြစ်တဲ့အတွက် လုပ်ထုံး၊ လုပ်နည်းမူများနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုပြုချက်မှာပါတဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်းအပိုဒ် ၄ မှာ မည်သူ့ကိုမျှ ကျေးကျွန်းအဖြစ် သို့တည်းမဟုတ် အစေအပါးအဖြစ် နိုင်ထက်စီးနင်း စေခိုင်းခြင်းမပြုရ၊ လူကို ကျေးကျွန်သဖွယ် အဓမ္မစေခိုင်းခြင်း၊ အရောင်းအဝယ်ပြုခြင်း နဲ့ ထိုသဘောသက်ရောက်သော လုပ်ငန်းဟူသမျှကိုပိတ်ပင်တားမြစ်ရမယ်လို့ ဖော်ပြထားပါတယ်။ အပိုဒ် ၅ မှာ မည်သူ့ကိုမျှ ညှင်းပန်း နှိပ်စက်ခြင်း သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော ဆက်ဆံမှုမပြုရ သို့တည်းမဟုတ် ပြစ်ဒဏ်ပေးမှုကိုမပြုလုပ်ရလို့ဖော်ပြထားပါတယ်။ ဤအပိုဒ် ၄ နဲ့ ၅ အချက်တွေနဲ့ ပတ်သက်ပြီးတော့ မိမိတို့အနေနဲ့ အကျဉ်းထောင်တွေမှာသာမက မည်သည့်လူ့အဖွဲ့အစည်းအတွင်းမှာ

မှ ဒီလိုပြုမူကျင့်ကြံခြင်းမျိုးကို လုံးဝလက်မခံတဲ့အပြင် ဒီလို ပြုကျင့်ပါကလည်း ဥပဒေအရအရေးယူရန် တည်ဆဲဥပဒေများပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ လူ့အသိုင်းအဝိုင်းက လက်မခံတဲ့ကိစ္စဖြစ်ပါတယ်။ အသစ်ပြင်ဆင်ရေးဆွဲထားတဲ့ မြန်မာနိုင်ငံ အကျဉ်းထောင်ဥပဒေနဲ့ နည်းဥပဒေ ၂၀၀၆ မှာလည်း လူ့အခွင့်အရေး စံချိန်စံနှုန်းနှင့်အညီ ကုလသမဂ္ဂရဲ့ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနဲ့ ပတ်သက်ပြီးတော့ အနိမ့်ဆုံးအဆင့် စံနှုန်း(The Standard Minimum Ruler For the treatment of Presenter )အတိုင်း၊ အခြေခံ စည်းမျဉ်းများအတိုင်း ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ယခင်ခေတ်ကာလက ဖွဲ့စည်းပုံအတိုင်းရေးဆွဲ ထားတဲ့အကျဉ်းထောင် အရာထမ်း၊ အမှုထမ်းတွေရဲ့ တာဝန်ဝတ္တရားသတ်မှတ်ပြဋ္ဌာန်းချက်တွေဟာ ယနေ့ခေတ်ကာလ လက်ရှိ အခြေအနေမှာ အသုံးပြုလျက်ရှိတဲ့ အရာထမ်း၊ အမှုထမ်းတွေရဲ့ တာဝန် ဝတ္တရားတွေ ပြင်ဆင်ခဲ့ပါတယ်။ ပြစ်ဒဏ်ကျအကျဉ်းသားတွေကို လုပ်ငန်းတာဝန်များပေးအပ် စေခိုင်းနိုင်တဲ့အခါမှာ ကျေးကျွန်အဖြစ်၊အစေအပါးအဖြစ် နိုင်ထက်စီးနင်းခိုင်းစေခြင်းမျိုးမရှိရန် နိုင်ငံတော်က အခမဲ့ ကျွေးမွေးထားရပြီးတော့ အလဟဿလေလွင့်ပြုန်းတီးနေတဲ့ အကျဉ်းသားတွေရဲ့ လုပ်အားကို နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းကြီးတွေ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျောက်ထုတ်လုပ်ရေး၊ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းတွေမှာ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးတဲ့အနေနဲ့ တာဝန်ပေး စေခိုင်းဖို့ပဲ ဖြစ်ပါတယ်။ ဘဝဝမ်းရေးလုပ်ကိုင်စားသောက်သူများ သာမန်လူသားတစ်ဦးအနေနဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းမျိုးကို စေခိုင်းဖို့ပြင်ဆင်ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာစပ်လျဉ်းလို့ နိုင်ငံတော် ကအကျဉ်းသားများကို နေ့စဉ်ကျွေးမွေးတဲ့ စရိတ်နှုန်းထားဖြစ်ပါတယ်။ ၁၉၈၈-၁၉၈၉ ခုနှစ်တုန်းက အကျဉ်းသားတစ်ဦးကို ၃၀ ကျပ်နှုန်းပဲ ကျွေးနိုင်ခဲ့ပေမယ့် ယခုနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အကျဉ်းသားတစ်ဦးရဲ့ နေ့စဉ်ကျွေးမွေးစရိတ်ကို နိုင်ငံတော်က ၄၈၂ ကျပ်အထိ ခွင့်ပြုပြီးလည်း ဖြစ်ပါတယ်။ အကျဉ်းသားများတွေနဲ့ပတ်သက်ပြီးတော့ အကျဉ်းထောင်၊ အလုပ်စခန်း ဘဝသစ်စခန်း တွေမှာရှိတဲ့ အကျဉ်းသားများရဲ့ လုပ်အားတွေကို အလဟဿမဖြစ်စေဘဲ နိုင်ငံတော်က တစ်ဖက် တစ်လမ်းကအကျိုးရှိစေရန်ရည်ရွယ်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း တွေမှာပါဝင်ဆောင်ရွက်စေခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အတွက် လုပ်ဆောင်တဲ့ အကျဉ်းသားတွေရဲ့ လုပ်အားခများကို ခံစားခွင့်ပြုခဲ့ပါတယ်။ လုပ်အားခရငွေတွေကို စနစ်တကျ စုဆောင်းထားပြီးတော့ ထောင်မှလွတ်တဲ့အခါမှာလည်း ပြန်ထုတ် ပေးပါတယ်။ ဘဝသစ်စခန်းများမှာ အကျဉ်းသားများကို လုပ်အားရှင်များလို့ခေါ်ဆိုပြီးတော့ လုပ်အားခရငွေတွေ စုဆောင်းထားပိုင်ခွင့် ရှိပါတယ်။ မိသားစုများလာရောက် လည်ပတ်ခွင့်၊ အတူနေထိုင်ခွင့်တွေ ပေးထားပါတယ်။

ဆေးရုံဆေးပေးခန်းနဲ့ စာသင်ကျောင်းများ ဖွင့်လှစ်ထားပါတယ်။ ပြစ်ဒဏ်မှ လွတ်မြောက်ပြီး ဘဝသစ်စခန်းမှာပဲ ဆက်လက်နေထိုင်လိုပါက နေအိမ်တွေ ဆောက်လုပ်ပေးခြင်း၊ လယ်ယာမြေ ပိုင်ဆိုင်ခွင့်ပေးခြင်း၊ လယ်ယာသုံးပစ္စည်းများ အခမဲ့ထုတ်ပေးခြင်း၊ စိုက်ပျိုးစရိတ်များထုတ်ပေးခြင်း စတဲ့ အခွင့်အရေးတွေ ခံစားခွင့်ပြုထားပြီးဖြစ်ပါတယ်။ သာမန် ပြည်သူ့တွေရဲ့ ဘဝအတွင်းဂုဏ်သိက္ခာ ရှိစွာ ပြန်လည်နေထိုင်နိုင်ခွင့်ရှိရေးအတွက် ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဒါ့အပြင် ပြစ်ဒဏ်ကျ အကျဉ်းသားတွေကို ပြစ်ဒဏ်ပေးတဲ့သဘောတစ်ခုတည်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရန်ရည်ရွယ်ပြီးတော့ အသက်မွေးဝမ်း ကျောင်းပညာရပ်တွေကိုလည်း သင်ကြားပေး ခြင်း၊ စိတ်နှလုံးသိမ်မွေ့နူးညံ့စေရန် တရားစခန်းများ ဖွင့်လှစ်ပေးခြင်းစတဲ့ အကျဉ်းသားများ နောက်တစ်ကြိမ် ထပ်မံပြစ်မှုကျူးလွန်မှုလိုတဲ့ စိတ်ပပျောက်ပြီးတော့ လူကောင်းသူကောင်းတွေ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း ရှင်းလင်ပြောကြေားလိုပါတယ်။ သို့ဖြစ်၍ ၂၁ ရာစုနဲ့ညီတဲ့ လူ့ဂုဏ်သိက္ခာကို အာမခံသောအကျဉ်းထောင် အက်ဥပဒေတစ်ရပ် မူကြမ်းရေးဆွဲပြုစုရေးနဲ့ ပတ်သက်တဲ့အဆိုအပေါ်မှာ မြန်မာ အကျဉ်းထောင်ဥပဒေ ၂၀၁၆ မူကြမ်းကို ဥပဒေအဆင့်သို့ ပြင်ဆင်ရေးဆွဲထားပြီး လွှတ်တော်သို့တင်ပြ ရန်လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ မသင့်တော်တော့တဲ့ ဥပဒေတစ်ရပ်တည်းသာမက သုံးရပ်စလုံးကိုပြင်ပြီး ရေးဆွဲထားတဲ့ ဥပဒေဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးတင်သွင်းတဲ့ ဥပဒေတစ်ခုတည်းကိုသာ ပြင်ဆင်ဖို့ဆိုတဲ့ တင်သွင်းထားတဲ့ အဆိုဟာ လွှတ်တော်သို့တင်သွင်းရန် မလိုအပ်တော့တဲ့အကြောင်း ရှင်းလင်းပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။( ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်အဆိုတင်သွင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကိုယ်စားလှယ် ၁၀ ဦး က ဆွေးနွေးပါတယ်။ ခုနှစ်ဦးက ထောက်ခံတဲ့ သဘောသက်ရောက်တဲ့ တင်ပြဆွေးနွေးမှုကို တွေ့ပါတယ်။ တစ် ဦးကတော့ အဆိုမှာရေးသားထားတဲ့ စကားရပ်အဓိပ္ပာယ်နဲ့ အကြောင်းအရာများကို ပြင်ဆင်သင့်တယ်လို့ဆိုပါတယ်။ နှစ်ဦးကတော့ ရုပ်သိမ်းဖို့ပြောပါတယ်။ နောက်သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးကတော့ ဒီ အဆိုဟာတင်သွင်းရန်တောင်မလိုတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဥပဒေကြမ်းပြုပြီးတော့ လွှတ်တော်ကိုတင်ဖို့ အသင့်ဖြစ်နေပြီလို့ ဒီလိုတင်ပြသွားပါတယ်။ ဒီအတိုင်းဆိုရင်တော့ ဝန်ကြီးတင်ပြသလိုပဲ လွှတ်တော်ကိုတင်သွင်းမယ့် ဥပဒေကြမ်းကို လွှတ်တော်ကို ရောက်လာတဲ့ အခါမှာပဲ ဒီဥပဒေကြမ်းကို ဆွေးနွေးကြရုံပဲရှိပါတယ်။ ဒါကြောင့်မိုလို့ မိမိဥက္ကဋ္ဌအနေနဲ့ ဒီမှာ ဆွေးနွေးပြောကြားလိုတာကတော့ တင်သွင်းတဲ့အဆိုဟာ တတိယပုံမှန်အစည်းအဝေးသို့

တင်သွင်း ဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အချိန်များပြုလုပ်ပေးရန်ဆိုတဲ့ အဆိုဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဒီလွှတ်တော်အစည်းအဝေးမှာပဲတင်ပြဖို့ ဥပဒေကြမ်း အဖြစ် ရောက်ရှိနေပြီဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီဥပဒေကြမ်းတက်လာတဲ့ အခါမှာ ဆွေးနွေးဖို့ကလွဲလို့ ကျန်တဲ့အကြောင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်မေးနေလို့ ရှိရင်လည်း အချိန်ကုန် သွားမှာဖြစ်တဲ့အတွက် တင်သွင်းရန်မလိုတဲ့ အဆိုတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် မှတ်တမ်းအဖြစ်တော့ ကျွန်တော်တို့ လွှတ်တော်က မှတ်တမ်းအဖြစ်ထားရှိမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုတင်ပြပါတယ်။ ဒါကြောင့်မို့လို့ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရန်မလိုတဲ့အဆိုဖြစ်ပြီး မှတ်တမ်းအဖြစ်ထားရှိမည် ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြပါတယ်။ လွှတ်တော်က မိမိရဲ့ တင်ပြချက်နဲ့ ပတ်သက်လို့ သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

## "မြန်မာနိုင်ငံတော်အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်း"ကိုအတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော်အသေးစားငွေကြေး၊ ငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ (က)အရ ဥပဒေကြမ်းတင်သွင်းခဲ့တဲ့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းတင်ပြခဲ့တဲ့အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်း တင်သွင်းခဲ့တဲ့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဥပဒေကြမ်းကို အတည်ပြုအဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန် ၊၁၄ း ၅၄။**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ရှေးဦးစွာ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းနဲ့စပ်လျဉ်းလို့ ရှင်းလင်းတင်ပြ လိုပါတယ်။ ရှေးဦးစွာ ဥပဒေရဲ့အမည်နဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ ဥပဒေအမည်ကို

မူလကတင်ပြစဉ်က မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေလို့ တင်ပြခဲ့ပါတယ်။ သို့သော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အမည်နဲ့ လိုက်လျောညီထွေ ဖြစ်အောင် မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေအစား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေဟု ပြင်ဆင်ဖော်ပြပါက ပိုမိုသင့်မြတ်မည် ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုလာတဲ့အတွက် ယခုတင်ပြတဲ့ ဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား ငွေရေးကြေးရေး ဥပဒေအဖြစ် ပြဋ္ဌာန်းပေးပါရန် ဖြည့်စွက်တင်ပြအပ်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ လက်ရှိလူဦးရေသန်းပေါင်း ၇၀၀၀ ခန့်ရှိတဲ့အနက် ကမ္ဘာ့ဘဏ်ရဲ့ သတ်မှတ်ချက်ဖြစ်တဲ့တစ်နေ့ဝင်ငွေ ၁. ၂၅ ဒေါ်လာအောက် ရရှိတဲ့ ဆင်းရဲနွမ်းပါးသူ များဟာ လူဦးရေသန်းပေါင်း ၁၂၀၀ ခန့် ရှိပါတယ်။ ကမ္ဘာ့ဘဏ်မှာ ဆင်းရဲနွမ်းပါးမှုကို အလုပ်လက်မဲ့များ၊ ပညာမတတ်သူများ၊ အိမ်မဲ့ယာမဲ့သူများ ကောင်းမွန်စွာ နေထိုင်နိုင်ဖို့အတွက် လုံလောက်တဲ့ အရင်းအနှီးအထောက်အပံ့မရရှိသူများအနက် အခွင့်အာဏာမရှိသူများလို့ သတ်မှတ်ထားပါတယ်။ အဆိုပါ ဆင်းရဲနွမ်းပါးသူတွေအတွက် အာရှဒေသမှာ လူဦးရေသန်းပေါင်း ၈၀၀ခန့် ရှိပါတယ်။ ၎င်းတို့ဟာ အလုပ်မလုပ်ချင်လို့မဟုတ်ဘဲ အများစုဟာအလုပ်လုပ်ကိုင်လိုကြပြီး လုပ်ကိုင်တဲ့ လုပ်ငန်းတွေရှိကြပေမယ့်၊ ၎င်းတို့ အလုပ်လုပ်ကိုင်ဖို့ ငွေကြေးအရင်းအနှီး (Capital)မရှိတဲ့အပြင် အလုပ်လုပ်ကိုင်ရာမှာ လုပ်ငန်းလည်ပတ်ဖို့အတွက် လိုအပ်တဲ့ လည်ပတ်ရန်ပုံငွေ (Worlking Capital)မရှိလို့ အလုပ်အပြည့်အဝ မလုပ်နိုင်ကြဘဲ၊ ဖြစ်နေရခြင်းဖြစ်ပါတယ်။ ကူးသန်းရောင်းဝယ်ရေးဘဏ်တွေအနေနဲ့ ၎င်းတို့ရဲ့ အကျိုးအမြတ်များ ရရှိပြီး ငွေကြေးဆုံးရှုံးမှုအန္တရာယ်(Risk)နည်းပါးတဲ့ မြို့ပြဝန်းကျင်များမှာသာ ဘဏ်ခွဲတွေဖွင့်လိုကြပါ တယ်။ အပေါင်ခံပစ္စည်းမပေးနိုင်တဲ့ ငွေကြေးဆုံးရှုံးမှုအန္တရာယ်ရှိတဲ့ ကျေးလက်တောရွာတွေမှာ ဘဏ်ခွဲတွေ ဖွင့်လိုစိတ်မရှိပါဘူး။ အဲဒီလို ဆင်းရဲနွမ်းခြင်းရဲ့ အကြောင်းအရင်းခံများရှိတဲ့အနက် အဓိကကျတဲ့ အကြောင်းအရင်းခံတစ်ခုကတော့ ၎င်းတို့အနေနဲ့ ငွေရေးကြေးရေးပတ်ဝန်းကျင် လုပ်ငန်းတွေနဲ့ ကင်းကွာနေပြီး ငွေရေးကြေးရေးကဏ္ဍရဲ့ ပစ်ပယ်ထားခြင်းခံရလို့ဖြစ်ကြောင်း စီးပွားရေးပညာရှင်တွေက ကောက်ချက်ချခဲ့ပါတယ်။ အဲဒီလို ငွေရေးကြေး ရေးကဏ္ဍနဲ့ ပစ်ပယ်ခံရတဲ့ ကျေးလက်နေ ဆင်းရဲသူတွေဟာ အလုပ်မရှိလို့ဝင်ငွေလျော့နည်းပြီး ငွေမစုဆောင်းနိုင်တဲ့အပြင် ငွေစုဆောင်းချင်လာအောင်လည်း ဆောင်ရွက်ပေးမယ့် ငွေရေးကြေးရေးအဖွဲ့အစည်းတွေမရှိလို့ ကျေးလက်ဒေသ၊ ကျေးလက်ကဏ္ဍစုဆောင်းငွေအပေါ် ထွက်ပေါ်မလာနိုင်တဲ့အခါ တစ်မျိုးသားလုံးရဲ့ စုဆောင်းငွေကဏ္ဍကိုလည်း ထိပါးလာစေခဲ့ပါတယ်။ စုဆောင်းမှုလျော့နည်းလာတဲ့အခါမှာ တစ်နိုင်ငံလုံး

အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏလည်း လျော့နည်းကျဆင်းလာပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍမှာရှိတဲ့လူအများစုဟာ ဝင်ငွေနည်းပြီး ဆင်းရဲနွမ်းပါးမှုကို တိုးပွားလာခြင်းဟာ လယ်ယာကဏ္ဍမှာရှိတဲ့ ကျေးလက်နေ တောင်သူလယ်သမားတွေကိုသာ ဒုက္ခရောက်စေတာမဟုတ်ဘဲ၊ တစ်နိုင်ငံလုံးရဲ့ စီးပွားရေးကိုပါ ဖွံ့ဖြိုးမှုနှေးကွေးလာတာကို တွေ့ရှိရပါတယ်။ စီးပွားရေးပညာရှင်တွေအနေနဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဟာ ဆင်းရဲတွင်းနက်မှုက ကယ်တင်ပေးနိုင်ပြီး ကျေးလက်ဒေသကို ဖွံ့ဖြိုးလာတာများစွာ အထောက်အကူပေးနိုင်တယ်လို့ ယုံကြည်လာတာနဲ့အညီ ဒီလုပ်ငန်းတွေကို အာရှနိုင်ငံအပါအဝင် နိုင်ငံတကာမှာ ၁၉၇၀ ပြည့်လွန်နှစ်များက စတင်လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်များမှာ များစွာထင်ပေါ် ကျော်ကြားလာခဲ့ပါတယ်။ အထူးသဖြင့် အာရှနိုင်ငံတွေအနက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စတဲ့နိုင်ငံတွေမှာ လွန်ခဲ့သော ၁၀ နှစ်အတွင်းက ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး များစွာတိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လာကြောင်းတွေ့ရှိရပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဟာ ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုကို လျော့ကျစေ၊ ပပျောက်စေတဲ့အတွက် အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းဟာ ဆင်းရဲနွမ်းပါးသူတွေကို ငွေချေးပေးတဲ့လုပ်ငန်းသာမက ကျေးလက်တောရွာနေ ပြည်သူလူထုရဲ့ငွေကြေးစုဆောင်းမှုတိုးချဲ့မှုကိုပါ တွန်းအားပေးဆောင်ရွက်တာဖြစ်တာကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေရဲ့ စုဆောင်းငွေ တိုးပွားလာပြီး ၎င်းမှတစ်ဆင့် တစ်နိုင်ငံလုံးရဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာခြင်းဖြင့် နိုင်ငံရဲ့စီးပွားရေး တိုးတက်မှုနှုန်းတွေ မြန်ဆန်လာအောင် ဆောင်နှင်းပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဟာ ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်စေရုံသာမက စီးပွားရေးတိုးတက်မှုကိုပါ အထောက်အကူပြုလျက်ရှိကြောင်း စီးပွားရေးပညာရှင်တွေအားလုံးက အသိအမှတ်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုထက် စီးပွားရေးပိုမိုတိုးတက်လျင်မြန်လာစေဖို့အတွက် ပြည်သူတွေရဲ့ စုဆောင်းမှုအချိုးကို တိုးမြှင့်လာအောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဝင်ငွေနည်းပါးတဲ့ ကျေးလက်နေပြည်သူ၊ မြို့ပြနေပြည်သူများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများနဲ့ ဈေးသည်တွေကို အရင်းအနှီးများထောက်ပံ့ပေးခြင်းအားဖြင့် ဝင်ငွေနိမ့်ကျသူများ၊ ဝင်ငွေတိုးမြှင့်လာသည်သာမက နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုနဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဝင်ငွေနည်းပါးတဲ့ အခြေခံလူတန်းစားတွေအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို လက်ရှိအခြေအနေများမှာ ဘဏ်များ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကနဲ့ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများက ၎င်းတို့ရွေးချယ်ထားတဲ့ ဒေသတချို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းအားလုံးကို ဒေသအားလုံးက မရရှိသေး

ကြောင်းတွေ့ရပါတယ်။ သို့ပါ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင်အစီအစဉ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်နည်းလုပ်ဟန်တွေနဲ့ ဆောင်ရွက်လျက်ရှိကြတဲ့အတွက် နိုင်ငံအတွင်းမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်း တစ်ခုလုံးကို စနစ်တကျစည်းမျဉ်း၊ စည်းကမ်းချမှတ်ပြီး ကြီးကြပ်ဆောင်ရွက်နိုင်တဲ့ စနစ်တစ်ရပ်မရှိသေးတာကို တွေ့ရပါတယ်။ ဒါကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကိုစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေကို စနစ်တကျဖွဲ့စည်းဖို့ အဆိုပါဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေကို စနစ်တကျကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမယ့် အဖွဲ့အစည်း ဆောင်ရွက်သွားဖို့ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကိုရေးဆွဲ ပြဋ္ဌာန်းနိုင်ဖို့ ဦးစားပေးရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာ့အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေကို စနစ်တကျကြီးကြပ်ကွပ်ကဲဖို့ နိုင်ငံတော်မှ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဆိုပါအဖွဲ့အစည်းတွေကို ဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင်ခွင့်ပေးသွားဖို့၊ စနစ်တကျပေါ်ထွန်းလာစေဖို့ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးရင် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ အသေးစား ငွေရေးကြေးရေး လုပ်ငန်းတွေလုပ်ကိုင်တဲ့ အဖွဲ့အစည်းတွေကို စနစ်တကျလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသွားနိုင်မှာ ဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**အချိန် ၊၁၅ း ၀၃။**

**ဦးကြည်တင့်(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုပြုတင်ပြထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းကို အတည်ပြုနိုင်ရန်အတွက် ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်များကို စာတမ်းဖတ်ပြီးတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၁ခုနှစ်၊ မေလ ၂၀၊ ၂၁၊ ၂၂ ရက်နေ့များက အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၊ နေပြည်တော်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုး ရေးနဲ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီကိုလည်း နိုင်ငံတော်သမ္မတရုံးက ၁၀-၆-၂၀၁၁ ရက်နေ့ နေ့စွဲပါအမိန့်ကြော်ငြာစာ အမှတ်၊ ၅၆/၂၀၁၁ဖြင့် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဦးဆောင်ပြီးတော့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ပါတယ်။ ဒီဗဟိုကော်မတီအဖွဲ့အနေနဲ့လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနဲ့ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ် ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစတဲ့ လုပ်ငန်းစဉ်ကြီး (၈)ရပ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။

အမှတ်စဉ် ၄ မှာ ကျွန်တော် တင်ပြသွားတဲ့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနဟာ အသင်းအဖွဲ့များ၊ အထူးပြု ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး ကျေးရွာအစုအဖွဲ့ (ကျေးရွာအသင်းခွဲ)သို့ လိုအပ်တဲ့ငွေကြေးပံ့ပိုးခြင်းကို ဆောင်ရွက်ပြီး ကျေးရွာအဆင့် အသေးစား ငွေစုငွေချေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များက မျိုးသွင်းအားစု၊ စက်ကိရိယာများ အရစ်ကျရောင်းချမှုနှင့် ပြန်လည်ပေးဆပ်မှုစနစ်များကို အဆင်ပြေချောမွေ့အောင် တရားဝင် ကတိကဝတ် စာချုပ်စာတမ်းဖြင့် ချေးငှားဆောင်ရွက်မှုကို စီစဉ်ပေးရန်လည်းကောင်း ခေါင်းရွက် ဗျက်ထိုးဈေးသည်များ၊ ဈေးဆိုင်ငယ်များ၊ လက်လုပ်လက်စားများကို ဝိုင်းကြီးချုပ်စနစ်ဖြင့် သက်သာသောအတိုးနှုန်းနဲ့ ငွေထုတ်ချေးနိုင်ရန် စီမံဆောင်ရွက်ရမည်ကိုလည်း တာဝန်များ သတ်မှတ်ပေးရမည်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသေးစားချေးငွေလုပ်ငန်းကို ကမ္ဘာ့ကုလသမဂ္ဂ အစီအစဉ်ဖြင့် သမဝါယမဝန်ကြီးဌာန လက်အောက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် (PAT)အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်း၊ ဗဟိုဘဏ်နှင့် သမဝါယမဝန်ကြီးဌာနတို့ရဲ့ခွင့်ပြုချက်အရ ဗဟို သမဝါယမအသင်း လီမိတက်မှ ဆောင်ရွက်ခြင်းတို့အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကငွေကြေး အရင်းအနှီးရှိသူများလည်း လုပ်ကိုင်လျက်ရှိတာကို လေ့လာသိရှိရပါတယ်။ တရားဝင်ခွင့်ပြုချက်နဲ့

ဆောင်ရွက်နေတဲ့ ဗဟိုသမဝါယမအသင်းရဲ့ လုပ်ငန်းကို သုံးနှစ်ခွဲကာလအတွင်း လေ့လာကြည့်တဲ့ အခါမှာ လုပ်ငန်းအဖွဲ့ဝင်ပေါင်း ၆၀၀၀၀ ကျော်နှင့် အဲဒီအဖွဲ့ဝင်ရဲ့ မိသားစုပျမ်းမျှ ငါးဦးနှုန်းနဲ့ လူဦးရေပေါင်း သုံးသိန်းကျော်ကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစားငွေချေးလုပ်ငန်းကို စည်းစနစ်ကျစွာ လုပ်ကိုင်လျက်ရှိတာကို တွေ့ရှိခဲ့ရပါတယ်။ ဆိုက်ကားအငှားနင်းရာမှ ဆိုက်ကား အပိုင်ဖြစ်လာခြင်း၊ ကုန်စုံဆိုင်များကို မူလထက်တိုးချဲ့ဖွင့်လှစ်လာနိုင်ခြင်း၊ ပဲပြုတ်ကို ဒိုင်တွင်တစ်ဆင့် ဝယ်ယူရောင်းရာမှ ကိုယ်ပိုင်ပြုတ်၍ ရောင်းချလာနိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် ဝက်မွေးဘက်ပေးလုပ်ငန်း လုပ်ကိုင်လာနိုင်ခြင်း၊ အတိုးနှုန်းကြီးမြင့်စွာ နေ့စဉ်နေ့ပြန်တိုးပေးနေရသူများ သက်သာသော အတိုးနှုန်းဖြင့် စီးပွားရေးကို လုပ်ကိုင်နိုင်ခြင်းတို့စတဲ့ စိတ်ချမ်းမြေ့စရာများ အစိတ်အပိုင်းတစ်ခု ခံစားနေရပြီ ဖြစ်ပါတယ်။ ထို့အတူပဲ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဓနုဖြူမြို့နယ်တို့မှာ စိုက်ပျိုးထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး တောင်သူလယ်သမားများကို (မက်ဂလိုဗိုက်တက်)နည်းနဲ့ ငွေချေးရာမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျောင်း၊ ဆေးခန်း၊ လမ်း စသည်တို့ တည်ဆောက်ရာမှာ တစ်ပိုင်တစ်နိုင်လှူဒါန်းနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို စောစောက ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဖွဲ့စည်းပြီးကြောင်း တင်ပြသွားတဲ့အတိုင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အတွင်းရေးမှူး တာဝန်ယူလျက် အဖွဲ့ဝင် ခုနှစ် ဦးဖြင့် ဖွဲ့စည်းပြီးလည်း ဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် ယနေ့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်းဟာ ပေါ်ပေါက်လာပြီးတော့ ဒီကနေ့ ပြည်သူ့လွှတ်တော်ကအတည်ပြုနိုင်ရေးအတွက် တင်သွင်းလာခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အဖွဲ့အစည်းများစွာက စနစ်မျိုးစုံဖြင့်လုပ်ကိုင်နေတဲ့ အသေးစားချေးငွေ လုပ်ငန်း အမျိုးမျိုးသည်လည်း ဒီဥပဒေပေါ်ပေါက်လာရင် စည်းစနစ်ကျနစွာ တစ်ပုံစံတည်း၊ စနစ် တစ်ခုတည်းဖြင့် လုပ်ကိုင်လာရမှာ ဖြစ်သလို တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်ဘဲ ဒီဥပဒေရဲ့ ထီးရိပ်အောက်မှာ ဥပဒေနဲ့အညီ လုပ်ကိုင်ကြရမှာဖြစ်ပြီး ငွေကြေးလိုအပ်သူများကလည်း အာမခံနဲ့ချေးငွေကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ရရှိတော့မှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းများဟာ အရှိန်အဟုန်နှင့်တကွ တိုးတက် အောင်မြင်လာမယ်လို့ ယုံကြည်မှုရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု တင်ပြထားတဲ့ဥပဒေကြမ်းက အခန်း ၁မှသည် ၁၄ အထိ ပုဒ်မပေါင်း ၆၆ ခုနဲ့ ပြည့်စုံစွာရေးသားတင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီဥပဒေမှာ လုပ်ငန်းကော်မတီ၊ ကြီးကြပ်မှုကော်မတီ၊ စီမံခန့်ခွဲမှုအဖွဲ့တို့ဖွဲ့စည်းလျက် စနစ်တကျဆောင်ရွက်ရမှာ ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ပေးအပ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး တင်ပြသွားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုနိုင်ရေး အတွက်ထောက်ခံကြောင်း တင်ပြ ရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုနဲ့ပတ်သက်ပြီး ထပ်မံထောက်ခံတင်ပြရန် ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၅ း ၁၀။**

**ဗိုလ်မှူးထူးအောင်(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်၊ လေ ၂၁၉၅ ဗိုလ်မှူးထူးအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ဆွေးနွေးမှုကို ဖတ်ကြားတင်ပြခွင့်ပြုပါ။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်သမ္မတမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒ ၈ ချက်ချမှတ်ခဲ့ပြီး၊ ယင်းအချက်များထဲတွင် နံပါတ် ၄ အချက် ဖြစ်သော အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအချက် ပါရှိခဲ့ပါတယ်။ ယင်းအချက်အား အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမူကြမ်းအား ရေးဆွဲရခြင်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ယခု ဥပဒေမူကြမ်းရဲ့ အဓိက ရည်မှန်းချက်မှာ ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေနည်းသည့် တောင်သူလယ်သမားများ၊ အလုပ်သမား များနှင့်ဈေးသည်များအား ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ယင်းတို့၏လူမှုစီးပွားရေးဘဝ တိုးတက် မြင့်မားလာစေရန်ဖြစ်သဖြင့် ရည်ရွယ်ချက် ကောင်းမွန်သော ဥပဒေမူကြမ်းဖြစ်ကြောင်း ထောက်ခံ အပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေမူကြမ်းတွင် အခန်း ၁၄ ခန်းပါရှိတာ တွေ့ရှိရပါတယ် ခင်ဗျား။ ဒီဥပဒေမူကြမ်း အခန်း ၅ အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း ယင်းကော်မတီ၏

လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့် များအခန်းတွင် ပုဒ်မ ၉ ၌ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော် ကောင်စီတို့သည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် သက်ဆိုင်ရာအသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါတယ်။ ဒီပုဒ်မကို အကြံပြုတင်ပြရရင် ပါဝင်သင့်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းကို တစ်ပါးတည်းဖော်ပြပေးမယ်ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း တစ်ပြေးညီဖြစ်သွားပြီးဖွဲ့စည်းရာမှာလည်း လွယ်ကူကာလုပ်ငန်း ဆောင်ရွက်တဲ့အခါမှာလည်း လွယ်ကူမြန်ဆန်လာပါလိမ့်မယ်ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အခန်း ၇ ဖွဲ့စည်းတည်ဆောက်ခြင်း အခန်းပုဒ်မ (၁၃) (က)မှာအသင်းဖွဲ့မှတ်တမ်းနှင့် အသင်းဖွဲ့စည်းမျဉ်းများကိုရေးဆွဲထားရမယ်လို့ ဖော်ပြထားပါတယ်ခင်ဗျား။ ဒီပုဒ်မ မှာ အသင်းဖွဲ့ စည်းမျဉ်းအားအခြေခံရမယ့်မူဝါဒများကို ဖော်ပြပေးလျှင်ပိုမိုကောင်းမွန်ပါမယ်ခင်ဗျား။ အခန်း ၇၊ ပုဒ်မ ၁၃၊ (ဂ)တွင် ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းရာတွင် ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စီမံခန့်ခွဲမှုအဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့် အရည်အချင်းများနှင့်ပြည့်စုံစေရမည်ဟု ဖော်ပြထားပါတယ်။ ဒီပုဒ်မမှာ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့်စီမံခန့်ခွဲမှု အဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့်အရည်အချင်းများအား ဖော်ပြပေးပါက ပိုမိုကောင်းမွန်မည်ဟုယူဆမိပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါဥပဒေမှ ဆက်လက်ပေါ်ပေါက်လာမည့် နည်းဥပဒေများရေးသားရာတွင် ကျွန်တော်၏ ဆွေးနွေးမှုများကိုထည့်သွင်းစဉ်းစားနိုင်ပါရန် တင်ပြပါကြောင်းနှင့် မြန်မာနိုင်ငံအသေးစား ငွေရေးကြေးရေးလုပ်ငန်း အသေးစားမူကြမ်းအား၎င်းလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ဒီဥပဒေကြမ်းရဲ့ စစ်ဆေးချက်အစီရင်ခံစာမှာရောပြင်ဆင်ချက်မရှိသလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်ဆင်ချက်တစ်စုံတစ်ရာ တင်သွင်းထားခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ တပ်မတော်သားကိုယ်စားလှယ် တင်ပြဆွေးနွေးထောက်ခံမှုကတော့ မူလဒီဥပဒေနဲ့ မသက်ဆိုင်ဘဲ ထပ်ဆင့်ဆွဲရမယ့် နည်းဥပဒေမှာ ထည့်သွင်းဖော်ပြပေးဖို့ အကြံပြုထားတာ ဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ ခြုံငုံသုံးသပ်ရမယ်ဆိုရင် ဒီဥပဒေမူကြမ်းအပေါ် ထောက်ခံတာပဲ ဖြစ်ပါတယ်။ ဥပဒေကြမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ အားလုံးဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့ လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကြမ်းတစ်ရပ်လုံးကို တင်သွင်းထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘော တူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် မြန်မာနိုင်ငံတော် အသေးစားငွေရေး ကြေးရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ် ဆက်လက်ဆောင်ရွက်ပါမယ်။

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ "၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ၊ (အက်ဥပဒေအမှတ် ၁၇/၁၉၅၀)ကို ရုပ်သိမ်းပေးပါရန်"အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၅ း ၃၂**။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခု ကျွန်တော် တင်သွင်းမယ့်အဆိုနဲ့ ပတ်သက်ပြီး တော့ ဦးစွာရှင်းလင်းတင်ပြချင်တာကတော့ အားလုံးသိတဲ့အတိုင်းပဲ ဥပဒေဆိုတာ လူ့အဖွဲ့အစည်း တစ်ခုမှာ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ညွှန်ပြထားတဲ့ ဥပဒေပြုအဖွဲ့ရဲ့ ထုတ်ပြန်ကြေညာချက် ပါပဲဆိုတာ ကျွန်တော်ဦးစွာ တင်ပြပါရစေ။ ပြီးတော့ ကျွန်တော်ရဲ့ ဥပဒေရပ်တည်ချက် နှစ်ချက်ကို တင်ပြလိုပါတယ်။ တစ်ချက်က ဥပဒေပညာရှင်ကြီးများရဲ့အဆိုအမိန့်တွေထဲက ကျွန်တော် အင်မတန်

နှစ်သက်တဲ့ ဥပဒေတွေ နဲ့ ပတ်သက်တဲ့ ဖွင့်ဆိုချက်ကတော့ တရားဥပဒေဆိုတာ အပြစ်ပေးရန်မဟုတ် လူ့လောက သာယာစည်ပင်အောင် ဖန်တီးပေးသော လက်နက်တစ်ခုသာ ဖြစ်တယ်ဆိုတဲ့ အဆိုအမိန့်ကို ကျွန်တော်ခံယူပါတယ်။ ဒါကြောင့် လူ့လောကသာယာစိုပြေရေးအတွက် ဆော်လိုက်မယ်ဟဲ့၊ ချလိုက်မယ်ဟဲ့၊ နှပ်လိုက်မယ်ဟဲ့ဆိုတဲ့ ဥပဒေရပ်တည်ချက်မျိုးကို ကျွန်တော် လက်မခံပါဘူး။ ဒုတိယကတော့ တရားဥပဒေဆိုတာ ဘာလဲဆိုတဲ့ ဖွင့်ဆိုချက်နဲ့ပတ်သက်လျှင် ဆရာတော်ဦးဇောတိကရဲ့ လွတ်လပ်တဲ့စိတ်ဆိုတဲ့စာအုပ်မှာ တရားဥပဒေဆိုတာ တရားတဲ့ဥပဒေကိုသာ ဖွင့်ဆိုတာဖြစ်တယ်ဆိုတဲ့ အချက်ကိုလည်း ဆရာတော်ရဲ့သင်ကြားချက်ကို ကျွန်တော် ကနေ့အထိ အလေးအနက်မှတ်သားထားပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီဥပဒေကို ဘာကြောင့် ပြင်ဖို့ လိုအပ်သလဲဆိုတာနဲ့ ပတ်သက်လျှင် ကျွန်တော်အကျိုးအကြောင်း ဖော်ပြချက် အဆိုထဲမှာ ဖော်ပြထားပါတယ်။ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ၊ အက်ဥပဒေအမှတ် ၁၇/၁၉၅၀ သည် ၁၉၄၉ ခုနှစ်မှ အစပြုသော လက်နက်ကိုင်သောင်းကျန်းမှုကို နှိမ်နင်းရန်နှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့နိုင်ငံရေး အခြေအနေသည် ယနေ့တွင် ၁၉၄၉ ခုနှစ်နှင့် တူညီခြင်းမရှိတော့ပါ။ ယင်းအက်ဥပဒေပြဋ္ဌာန်းချက်ကဲ့သို့ ငြိမ်ဝပ်ပိပြားရေးနှင့် ပတ်သက်၍ တည်ဆဲပြစ်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေများ၌လည်း ပြဋ္ဌာန်းချက်ပါရှိပြီး ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်၍ "နိုင်ငံတော်အား နှောက်ယှက်ဖျက်စီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ"ကို ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ ဒါကြောင့် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းပေးဖို့ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို အခြေခံပြီးတော့ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ကို ကျွန်တော်တို့ ပြန်လည်ရုပ်သိမ်းဖို့ ဝေဖန် ဆန်းစစ်တဲ့အခါမှာ အဲဒီဥပဒေဖြစ်ပေါ်လာရခြင်းရဲ့ သမိုင်းကြောင်းကို သိဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ၁၉၄၉-၁၉၅၀ ပါလီမန်တွင် ဆွေးနွေးချက်စာအုပ်များကို တတ်နိုင်သမျှ ကြိုးစားရှာဖွေ ခဲ့သော်လည်း စာအုပ်၊ စာတမ်းများမရခဲ့ပါ။ ဒါကြောင့် ကျွန်တော် ဒီဟာနဲ့ပတ်သက်ပြီး ဥပဒေပညာရှင်အဖြစ် အားလုံးက အသိအမှတ်ပြုထားတဲ့ တရားသူကြီးချုပ် ဒေါက်တာမောင်မောင်ကိုယ်တိုင်ကြီးမှူးပြီး တော့ ပြုစုခဲ့တဲ့ ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း၊ ပြည်သူ့ရေးရာ အရာရှိသင်တန်း ဥပဒေဘာသာရပ်အထူးနဲ့ အထွေထွေဥပဒေဆိုင်ရာ မှတ်စုများ နိုင်ငံတော်တရားရုံးချုပ်က ၁၉၇၁ ခုနှစ်က ထုတ်ဝေခဲ့တဲ့ စာအုပ်ကို ကိုးကားပါရစေ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြဋ္ဌာန်းတဲ့ ရည်ရွယ်ချက်ကို အဲဒီစာအုပ်မှာ ရေးသားချက်အား ကျွန်တော် ကောက်နှုတ်ဖော်ပြပါရစေ။ ခွင့်ပြုပေးပါ။ ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှုအက်ဥပဒေကို ဘာ့ကြောင့် ပြဋ္ဌာန်းရသလဲဆိုတာ အဲဒီစာအုပ်မှာ ရေးသားထားတဲ့ အချက်ကတော့ မြန်မာနိုင်ငံတွင် ၁၉၄၉ ခုနှစ်မှအစပြု၍ လက်နက်ကိုင်သောင်းကျန်းမှုများ ပေါ်ပေါက်လာရာ ထိုလက်နက်ကိုင်သောင်းကျန်းမှုများကို နှိမ်နှင်းရန်နှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ဤအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ဝတ္တရားသည် လက်နက်ကိုင်စစ်တပ်အစည်းအရုံးများ ရာဇဝတ်အမှုထမ်းအဖွဲ့များတွင်ရှိနေသဖြင့် ၎င်းတို့ချီတက်သွားလာခြင်း အရေးအတွက်အကြောင်းအချင်းအရာ၊ အခြေအနေ၊ အနေအထား၊ ၎င်းတို့၏ ဆောင်ရွက်ရေး အစီအစဉ် စသည့်လုပ်ငန်းများနှင့် ပတ်သက်၍ သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သူတို့ဘက်မှ သတင်းပေါက်ကြားခြင်းကို ဟန့်တားရန် အလို့ငှာ ဤအက်ဥပဒေသည် အရေးကြီးသောအက်ဥပဒေဖြစ်သည်။ ဆိုလိုတာကတော့ အဲဒီအချိန်က တိုင်းပြည်ရဲ့ အခြေအနေဟာ သမိုင်းကိုပြန်လေ့လာကြည့်ရင် ရန်ကုန်အစိုးရလို့ ခေါ်လောက်တဲ့ အခြေအနေပါ။ အင်းစိန်မြို့ပတ်ဝန်းကျင်ကို ကေအင်ယူတွေနဲ့ တိုက်ပွဲဆင်နွှဲနေရပြီးတော့ မြန်မာပြည်ကွန်မြူနစ်ပါတီက ပြည်မြို့ကို ဌာနချုပ် လုပ်ထားတဲ့အချိန်ပါ။ အလံနီရဲဘော်ဖြူစတဲ့ ရောင်စုံသောင်းကျန်းသူများ အင်မတန်မှများပြားနေတဲ့အချိန်မှာ ပြည်ထောင်စုအစိုးရနဲ့ တပ်မတော်ဟာ ဒီအင်အားစုတွေ၊ သောင်းကျန်းသူတွေကို ရင်ဆိုင်ရတဲ့အတွက် အဲဒီကာလက လိုအပ်တဲ့ အခြေအနေကြောင့် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။

အဲဒီကာလနဲ့ ကနေ့နိုင်ငံတော်ရဲ့အခြေအနေဟာ တူပါသလား။ ယခု အားလုံးသိတဲ့အတိုင်း မြန်မာ ပြည်ကွန်မြူနစ်ပါတီဟာ ပဲခူးရိုးမမှာသော်လည်းကောင်း၊ နယ်စပ်ဒေသမှာသော်လည်းကောင်း မရှိတော့ ပါဘူး။ နိဂုံးချုပ်သွားပါပြီ။ ဒီလိုပါပဲ အလံနီကွန်မြူနစ်ပါတီ ရဲဘော်ဖြူစသည်တို့ဟာလည်း မြန်မာ့ နိုင်ငံရေးဇာတ်ခုံမှာ နိဂုံးချုပ်သွားခဲ့ပါပြီ။ ယခုအခြေအနေမှာ ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အစည်း ၁၇ ဖွဲ့ရှိပြီးတော့ နယ်ခြားစောင့်တပ် အင်အားစုအဖြစ် ပြောင်းလဲနေပါပြီ။ ကျန်တဲ့လက်နက်ကိုင်အင်အားစုဆိုတာလည်း ၁၉၄၉ ခုနှစ် အခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင် အင်မတန်မှ နည်းပါးတဲ့အရေအတွက် ရောက်သွားပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေမှာ အဲဒီကာလက ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ လိုအပ်ပါရဲ့လား ရိုးရိုးသားသား ပြန်လည်သုံးသပ်ကြဖို့ လိုပါတယ်။ ကျွန်တော်တို့ ရှေ့နေလိုက်တဲ့ သက်တမ်းအတွေ့အကြုံအရပြောရရင် ဒီဥပဒေဟာ

နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ဥပဒေဖြစ်နေပါပြီ။ တချို့အမှုတွေမှာ မိခင်တွေ၊ အမတွေက ကျွန်တော်တို့ကို မေးပါတယ်။ ငါ့သား၊ ငါ့မောင်တို့ ၅ (ည)နဲ့စွဲတာ ဘာဖြစ်လို့ ငါးနှစ်ချလိုက်ပါသလဲဆိုတဲ့ အခါကျတော့ မကြာခဏ ပြန်လည်ရှင်းပြရပါတယ်။ ဒီဥပဒေဟာ ဒီဘက်အပိုင်းမှာ အင်မတန်ကျယ်ပြန့်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေနဲ့ ရေးဆွဲထားတဲ့အတွက် ဥပဒေအင်္ဂါရပ်မှာ တရားရုံးများက အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ အဓိပ္ပာယ်ဖွင့်ဆိုချင်သလို ဖွင့်ဆိုနိုင်လောက်တဲ့ ဥပဒေဖြစ်လာတဲ့အတွက် ဒီဥပဒေဟာ ဒီနေ့ကာလမှာ လောကပါလတရားသုံးပါးလို့ ကျွန်တော်တို့ လက်ခံထားတဲ့ကာလမှာ ပြန်လည်စဉ်းစားသုံးသပ်ဖို့ လိုအပ်ပါပြီ။ အားလုံးဥပဒေတစ်ခုလုံးကို ကျွန်တော် မဖတ်ပြပေမယ့် အခုနက အလုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ အထဲမှာပါတဲ့ ၅(ည)နဲ့ ပတ်သက်တဲ့အပိုဒ်လေးကိုတော့ ကျွန်တော် ဖတ်ပြပါရစေ။ ၅(ည)မှာ ပြဋ္ဌာန်းထားတာက ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း၊ ထိခိုက်စေရန် အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူသို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ကြံရွယ်၍ တစ်ခုခုကိုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေသော အကြောင်းရှိသောအမှုကိုပြုလျှင် ဒီအပိုဒ်မှာ ပြဋ္ဌာန်းချက်က အခု ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ ပုဒ်မ ၃၅၄ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာထင်မြင်ခွင့်၊ လွတ်လပ်စွာစည်းရုံးအသင်းဖွဲ့စည်းခွင့်တွေကို ထိပါးနိုင်တယ်လို့ ကျွန်တော်ရိုးသားစွာ ယူဆပါတယ်။

လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်ကျွန်တော်ကိုယ်တိုင် ကြုံခဲ့တဲ့ အတွေ့အကြုံတစ်ခုအနေနဲ့ ကျွန်တော် ပြောရရင် ဒီနိုင်ငံတော်အား နှောင့်ယှက်ဖျက်စီးသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို မူကြမ်းရေးဆွဲစဉ်က ကျွန်တော် လမ်းစဉ်လူငယ်ဌာနချုပ်မှာ ရှိပါတယ်။ အဲဒီကာလတုန်းက ဥပဒေကြမ်းရေးဆွဲရေးကော်မတီ အတွင်းရေးမှူးဟာ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီအတွင်းရေးမှူး ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီဥပဒေကို ရေးဆွဲတဲ့အခါမှာ သူတို့အောက်မှာ ပြန်လည်ရုပ်သိမ်းသင့်တဲ့ ဥပဒေထဲမှာ ဒီ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုဥပဒေကို ထည့်သွင်းခဲ့ပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေအမှတ်ဖြစ်တဲ့ ၃/၇၅ နိုင်ငံတော်အား နှောင့်ယှက်ဖျက်စီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်သည့်ဥပဒေထွက်လာတဲ့ အခါကျတော့ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေကို ပြန်လည်ရုပ်သိမ်းရန် ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ကျွန်တော်ဟာ အသက်ထင်ရှားရှိနေတဲ့လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ လူကြီးနှစ်ဦးကို ကျွန်တော် မေးမြန်းခဲ့ပါတယ်။ အဲဒီတုန်းက အဲဒီဥပဒေတင်တဲ့အခါမှာ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေကို ပြန်လည်ရုပ်သိမ်းရန်အချက်ပါသလား

လို့ မေးတဲ့အခါမှာ သူတို့ကိုယ်တိုင်က ဒါပါကြောင်း ကျွန်တော့်ကို ပြောပြခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်က ဘာဖြစ်လို့ဒါကို မေးရသလဲဆိုရင် ကျွန်တော်တို့ တိုင်းပြည်မှာ အကြောင်းအရာ တစ်ခုတည်းနဲ့ ဥပဒေတွေများခြင်းဟာ အကျိုးယုတ်နိုင်တယ်လို့ ကျွန်တော် ရိုးရိုးသားသား ယုံကြည်ပါတယ်။ ဒါကြောင့် ဒီလို ဟိုအချိန်တုန်းကလို ၁၉၇၅ ခုနှစ်ကတည်းကကို ရုပ်သိမ်းဖို့ တင်ပြခဲ့ဥပဒေဟာ ကနေ့အချိန်အထိ တည်တံ့နေတာဟာ ကျွန်တော်တို့ နိုင်ငံတော်အတွက် မလိုလားအပ်ဘူးလို့ ထင်ပါတယ်။ ကျွန်တော်တို့ဟာ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းဖို့၊ ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့ တင်ပြနေတာဟာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်း၊ ဘယ် Institution ကိုမှ တိုက်ခိုက်လိုတဲ့ ရည်ရွယ်ချက်၊ ထိုးနှက်လိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ပြတာမဟုတ်ပါဘူး။

လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးကိုယ်တိုင် ၂၄-၆-၂၀၁၁ နေ့က ရန်ကုန်မှာ ပြောတဲ့အခါမှာ ကျွန်တော်တို့ အင်မတန်ကျေနပ်တဲ့ လမ်းညွှန်ချက်တစ်ခု ပါပါတယ်။ ဥပဒေပြုခြင်းဆိုတာ ဥပဒေသစ်တစ်ခုကို ရေးဆွဲရုံသာမဟုတ်ပါဘူး။ ဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းလည်း ပါတယ်ဆိုတဲ့အချက်က ဥပဒေသမားတွေ အတွက်သာမကဘဲ ဥပဒေပြုသူများအတွက်လည်း အင်မတန် အရေးကြီးခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဥပဒေများလွန်းပြီး လူထုကို ဝန်ပိစေတဲ့အတွက် ယခုဆိုရင် ဒီဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်များကို ၁၉၇၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေတင်မဟုတ်ပါဘူး။ ပြစ်မှုဆိုင်ရာ ဥပဒေလည်း ပါပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုများကို လေ့လာကြည့်ရင် ၁၉၅၀ ပြည့်အရေးပေါ်စီမံမှုဥပဒေမှာ ပြဋ္ဌာန်းချက်များနှင့် ထပ်တူတွေကို တွေ့ရပါတယ်။ ဒီလိုပါပဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ ကို ကြည့်လိုက်ရင် ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေ၊ တပ်တစ်ခု အရာရှိက သို့တည်းမဟုတ် တပ်သားက စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ မိမိတာဝန်ဝတ္တရားကိုသော်လည်းကောင်းမလေးစားလျှင်၊ ပျက်ကွက်လျှင်၊ ပြုရရန်အကြံရှိလျှင်၊ ပြုစေတန်ရာသည့်အကြောင်းရှိတယ်လို့ ဖော်ပြထားပါတယ်။ (ခ)မှာလည်း နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်က ကျူးလွန်လာချင်အောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစ်စုကိုသော်လည်းကောင်း တစ်ယောက်ချင်းထိတ်လန့်ခြင်းတစ်ခုခုကိုပြုစေရန် အကြံရှိလျှင်သို့တည်းမဟုတ် ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်ဆိုတဲ့အချက်တွေဟာ အလားတူပြဋ္ဌာန်းချက်များ ပါဝင်နေပါတယ်။ ဒါကြောင့် ဥပဒေပညာရှင်ကြီးများက ဥပဒေများဟာ အကြောင်းအရာတစ်ခုတည်းအပေါ်မှာ ဥပဒေကိုများပြားစွာ ပြဋ္ဌာန်းခြင်းဟာ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်တဲ့ဘက်ကို ဦးတည်တယ်လို့ ရေးသား ထားတာကိုလည်း ဖတ်ရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဲဒါကြောင့် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ၊ အက်ဥပဒေအမှတ် ၁၇/၁၉၅၀ ကို ပါလီမန် ခေတ်ကပြဋ္ဌာန်းခဲ့တဲ့ဥပဒေကို အက်ဥပဒေခေါ်တာပါ။ လမ်းစဉ်ပါတီခေတ် ပြည်သူ့လွှတ်တော် အက်ဥပဒေကစပြီးတော့ ဥပဒေအဖြစ် ပြောင်းလဲခေါ်ရမယ်ဆိုတာ ကျွန်တော်လည်း သဘောပေါက်ပါတယ်။ ဒါပေမယ့် ဟိုတုန်းကရေးထားတဲ့ အသုံးအနှုန်းအတိုင်း၊ ဥပဒေမှာပါတဲ့ အသုံးအနှုန်းအတိုင်း ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေကိုအခုလို ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလမှာ ကျွန်တော်တို့ နိုင်ငံရဲ့လောကပါလတရားကို မြှင့်တင်သောအားဖြင့် လည်းကောင်း၊ ဒီဥပဒေကြောင့်လွဲမှားစွာ ဒီဥပဒေဇာက်ကိုခံခဲ့ရတဲ့ ပြည်သူလူထုအတွက်လည်းကောင်း၊ နောင်ကိုလည်းဒီဥပဒေကို အလွဲလွဲအမှားမှား လက်နက်ကိရိယာအဖြစ် အသုံးချခြင်းမပြုနိုင်ရန် ဒီဥပဒေကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်းအဆိုကို ကျွန်တော် တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**အချိန် ၊၁၅ း ၄၇။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်) ။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း၊ ဧည့်သည်အပေါင်းတို့ ခင်ဗျား။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စောစော က သယ်ကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ၁၉၅၀ ပြည့်နှစ်အရေးပေါ်စီမံမှု အက်ဥပဒေ၊ အက်ဥပဒေအမှတ် ၁၇/ ၁၉၅၀ ကိုရုပ်သိမ်းပေးပါရန်ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ စောစောက ဦးသိန်းညွန့်တင်ပြသွားတဲ့အခါမှာ ဒီဥပဒေရဲ့ကျယ်ပြန့် လွန်းပြီးတော့က ဆွဲဆန့်နိုင်တဲ့ အနေအထားကို ကျွန်တော်မြင်ပါတယ်။ ဒီဥပဒေတွေအရ ၁၉၄၉၊၁၉၅၀ အခြေအနေတွေထက် လွန်မြောက်ပြီးတဲ့နောက်မှာ ဒီဥပဒေကို စီးပွားရေးလုပ်ငန်းရှင်တွေတော်တော်များကလည်းပဲ ဒီဥပဒေနဲ့ အရေးယူခံရမှုလေးတွေ ရှိပါတယ်။ လမ်းဘေးဈေးသည်တွေကအစ နောက်ဆုံး ပစ္စည်း ခိုးတဲ့သူ ထမီရုပ်ရင်လည်းပဲ ဒါလုံခြုံရေးကို ထိခိုက်တယ်ဆိုတဲ့ သဘောတရားမျိုးနဲ့ ဒီဥပဒေကို သုံးစွဲပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်တဲ့ ကောက်ချက်ဆွဲနိုင်တယ်ဆိုတဲ့ သဘောတရားလေးကို ကျွန်တော်တို့လည်း မြင်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ဒီဥပဒေအရ ထိန်းသိမ်းခံရဖူးပါတယ် ခင်ဗျား။ အဲဒီတော့ ဒါတွေကို အသာထားပြီးတော့ ဒီဥပဒေရဲ့ ကျယ်ပြန့်လွန်းအား ကြီးတဲ့ကိစ္စမှာ အခြားသော ဆိုင်ရာဆိုင်ရာဥပဒေများလည်း ရှိနေပြီးသားဖြစ်တယ် လို့ ကျွန်တော်တို့ သယ်န်းကျွန်း

မဲဆန္ဒနယ်မြေမှ ဦးသိန်းညွန့်က ဆွေးနွေးတင်ပြထားတာလည်း တွေ့ရတဲ့အတွက်ကြောင့် ဒီဥပဒေရဲ့ ခေတ်နဲ့မလျော်ညီတော့မှုကို အကြောင်းပြုပြီးတော့ ဒီဥပဒေကို ရုပ်သိမ်းပေးပါရန် ဆိုတဲ့အဆိုကို ကျွန်တော် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (အင်္ဂါနေ့)မှာ ဆွေးနွေးသွားပါမယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဒီကနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း"ကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**အချိန် ၊၁၅ း ၅၀။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပဲဖြစ်ပါတယ်။ ကျွန်တော်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒ (ဥပဒေကြမ်း)ကို တင်သွင်းခွင့်ပြုနိုင်ပါရန် တင်ပြတောင်းခံအပ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ (ဥပဒေကြမ်း) တင်ပြရတဲ့ ရည်ရွယ်ချက်ကို ဦးစွာ ရှင်းလင်းတင်ပြပါမယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိ

ရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတွေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဥပဒေကြမ်းကို အသစ်ရေးဆွဲတင်ပြခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း တင်ပြရခြင်းနှင့် ပတ်သက်တဲ့ အကျိုးအကြောင်း ဖော်ပြချက်တွေကို ဆက်လက်တင်ပြပါမယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နယ်ချဲ့ကိုလိုနီခေတ်က ရေးဆွဲခဲ့တဲ့ ဥပဒေဖြစ်တဲ့ ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေ(Village Act)၊ မြို့များအက်ဥပဒေ(Towns Act) တွေကို ဆက်လက်ဆက်ခံ ကျင့်သုံးခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက် နေ့မှာ အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာတော့ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေနှင့်မြို့များအက်ဥပဒေတွေကို ပြန်လည် ပြင်ဆင်ရေးဆွဲရေးအတွက် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီကို ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်နှင့် အခြားဝန်ကြီးဌာနတွေက ညွှန်ကြားရေးမှူးချုပ်တွေနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နှစ်ပေါင်း ၁၀၄ နှစ်ကျော် ဆက်ခံ ကျင့်သုံးခဲ့တဲ့ အဆိုပါ ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေနှင့်မြို့များအက်ဥပဒေအား ပြန်လည်ပြင်ဆင် ရေးဆွဲရန် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့ ဥပဒေကြမ်းကို စတင်ရေးဆွဲ ခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့အဖွဲ့၊ ပြည်ထောင်စုဒုတိယရှေ့နေချုပ် ဦးဆောင်တဲ့အဖွဲ့တို့နဲ့ ညှိနှိုင်းစိစစ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေရေးရာကျွမ်းကျင်သူများနှင့် တွေ့ဆုံပြီးတော့ အကြံဉာဏ်များ ရယူခဲ့ပါ တယ်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှာတော့ နိုင်ငံတော်ဒုတိယသမ္မတရုံးမှာ ဥပဒေအကြံပေး ပညာရှင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့ ပါဝင်တဲ့ အဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးတော့ ဥပဒေကြမ်းအဖြစ် ပြုစုရရှိခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ ပြုလုပ်တဲ့ အမျိုးသားကာကွယ်ရေးနှင့်

လုံခြုံရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၃၉/၂၀၁၁)သို့ ပြည်ထဲရေးဝန်ကြီးဌာနမှ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ အချိန်မီရေးဆွဲပြီးတော့ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းရရှိချက်များအရ ပြုစုရေးဆွဲထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ဥပဒေကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ပြီး သဘောထားမှတ်ချက်ရယူကာ လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ယင်းဥပဒေမှာပါရှိတဲ့ အခန်း(၁)မှာ အမည်နှင့်အဓိပ္ပါယ် ဖော်ပြချက်ဖြစ်ပြီး၊ အခန်း(၂)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများ ဖွဲ့စည်းရေးကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ အခန်း(၃)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအား စီမံခန့်ခွဲအုပ်ချုပ်ရာမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှာ ပြည့်စုံရမည့် အရည်အချင်းများကို ဖော်ပြထားပါတယ်။ အခန်း(၄)မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းကြီးကြပ်ရေးအဖွဲ့မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ဖော်ပြထားပါတယ်။ အခန်း(၅)မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟာ မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များအား ဖော်ပြထားပါတယ်။ အခန်း(၆)မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ညီညွတ်ရမည့် လုပ်ငန်းအခြေခံမူများကို ဖော်ပြထားပါတယ်။ အခန်း(၇) မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်း တာဝန်များအား ဖော်ပြထားပြီး အခန်း(၈)မှာတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်းဆိုင်ရာ ကိစ္စရပ်တွေကို ဖော်ပြထားပါတယ်။ ဤဥပဒေကြမ်း အခန်း (၉)မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ တာဝန်ဝတ္တရား များဖြစ်ပြီး အခန်း(၁၀) မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူတွေရဲ့ အခွင့်အရေးများဖြစ်ပါတယ်။ အခန်း(၁၁)မှာ ဒီဥပဒေကြမ်းပါ ပုဒ်မများအား လိုက်နာရန် သို့မဟုတ် ထမ်းဆောင်ရန် ပျက်ကွက် ပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းများအား ဖော်ပြထားပြီးတော့ အခန်း(၁၂)မှာတော့ အယူခံခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များ ဖြစ်ပါ တယ်။ အခန်း(၁၃)မှာ တရားရုံးရဲ့ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ဖော်ပြထားပါတယ်။ ယင်းဥပဒေကြမ်းပါ အခန်း(၁၄)မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

အုပ်ချုပ်ရေးမှူးအား ချီးမြှင့်ထောက်ပံ့ငွေကိစ္စဖြစ်ပြီး အခန်း(၁၅)မှာတော့ ရုံးအသုံးစရိတ်နဲ့ ကျခံသုံးစွဲရမယ့် နည်းလမ်းတွေ ဖော်ပြထားပါတယ်။ အခန်း(၁၆)မှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ စာရေးရဲ့ လုပ်ငန်းတာဝန်တွေကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ အခန်း(၁၇)မှာတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးက တာဝန်ထမ်းဆောင်ရာမှာ ထိရောက်စေရေးအတွက် အထွေထွေ ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး၊ စီမံခန့်ခွဲ ရေးဆိုင်ရာလုပ်ငန်းတွေမှာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒီမိုကရေစီ နည်းလမ်းများနှင့်အညီ မျက်မှောက်အခြေအနေနှင့် ကိုက်ညီမှုရှိတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ဥပဒေကြမ်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆီလျော်ညီညွတ်မှုရှိသော ဥပဒေကြမ်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါ တယ်။ ဥပဒေကြမ်းအား ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကို ငဲ့ညာသောအားဖြင့် ဖတ်ပြခြင်းမပြုတော့ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။

**အချိန်** ။၁၅ း ၅၆။

**ဦးတီခွန်မြတ် (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ၊ ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီကိုယ်စား ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းတင်ပြ သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ အသေးစိတ် စိစစ်ခဲ့ပါတယ်။ စိစစ်တွေ့ရှိချက် များနှင့်စပ်လျဉ်း၍ ပြင်ဆင်နိုင်ရန်အလို့ငှာ အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်။

အပိုဒ်(၁)ဤဥပဒေကြမ်းတင်သွင်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် ဤဥပဒေကြမ်း ရေးဆွဲပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်ကိုသာ ရေးသားဖော်ပြ ထားပါသည်။ ဥပဒေကြမ်းတွင် ပါရှိသော ပုဒ်မတစ်ခုချင်း သို့မဟုတ် အခန်းလိုက် ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ အကျိုးအကြောင်းဖော်ပြချက်ကို မတွေ့ရှိရပါ။ ပုဒ်မ တစ်ခုချင်း သို့တည်းမဟုတ် အခန်းလိုက်ပြဋ္ဌာန်းခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြသင့်ပါသည်။

အပိုဒ်(၂)၊ အခန်း(၃)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့်အရည်အချင်းများ ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၅(က)စီးပွားရေးအခြေခံရှိသူဖြစ်ခြင်းဆိုတဲ့ စကားရပ်အစား စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်းအစားထိုးသုံးနှုန်းပါကလက်တွေ့အကောင်အထည် ဖော်ရာတွင် ပိုမို အဆင်ပြေမည်ဖြစ်ပါသည်။

အပိုဒ်(၃)၊ အခန်း(၃)၊ ပုဒ်မ ၅(စ)တွင် ဩဇာတိက္ကမဆိုတဲ့ စကားရပ်ကို ထည့်သွင်း ခြင်းမပြုသင့်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ ပါ ပြဋ္ဌာန်းချက်အတိုင်း ရပ်ရွာက ကြည်ညို လေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်းဟု သုံးစွဲလျှင် ပိုမိုသင့်တော်မှာ ဖြစ်ပါသည်။

အပိုဒ်(၄)၊ အခန်း(၄) ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန် ပေးအပ်ခြင်းခေါင်းစဉ်အောက်ရှိ ပုဒ်မ ၇(ဂ) စာကြောင်းရေ ၃ ၌ အချင်းချင်းညှိနှိုင်းရွေးချယ်၍ ဆိုသည့်စကားရပ်အစား လျှို့ဝှက်ဆန္ဒမဲပေး၍ ဆိုသည့်စကားရပ်ကို အစားထိုး သင့်ပါသည်။ သို့မှသာ အများအမြင်၌ သံသယကင်းရှင်းနိုင်မည်ဖြစ်ပါသည်။

အပိုဒ်(၅)၊ အခန်း(၄)၊ ပုဒ်မ ၇(စ)စာပိုဒ်အပြီးတွင် ရရှိသော မဲစာရင်းကို ရေတွက်၍ ကြေညာ ရမည်ဟူသော စကားရပ်ကို ထည့်သွင်းသင့်ပါသည်။

အပိုဒ်(၆)၊ အခန်း(၄)၊ ပုဒ်မ(၉)တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်ဟု ဖော်ပြထားပါသည်။

ပြည်ထောင်စု လွှတ်တော်၏ သက်တမ်းဆိုသည့်စကားရပ်အစား ပြည်သူ့လွှတ်တော်၏ သက်တမ်းဟု အစားထိုးသင့်ပါသည်။

အပိုဒ်(၇)၊ အခန်း(၇)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏လုပ်ငန်းတာဝန်များခေါင်းစဥ်အောက်ရှိ ပုဒ်မ ၁၃(န)(ဖ)နှင့်(ရ)၏ နောက်ဆုံးစာကြောင်းပါ သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းဆိုသည့် စကားရပ်တွင် သက်ဆိုင်ရာသို့ အရေးယူရန်အကြောင်းကြားခြင်းဟု အစားထိုးသင့်ပါသည်။ သက်ဆိုင်ရာသို့ အကြောင်းကြားရာ၌ ပိုမိုတိကျသည့်အကြောင်းအရာ များကို ဖော်ပြရန်ဖြစ်ပါသည်။

အပိုဒ်(၈)၊ အခန်း(၇)၊ ပုဒ်မ ၁၃(ဗ)စာကြောင်းရေ ၃၊ ထူးခြားမှုအခြေအနေများဟူသော စကားရပ်၏နောက်တွင် “ကို”ဆိုတဲ့ စကားလုံး ထည့်သွင်းမှသာ အဓိပ္ပါယ်ပြည့်စုံသည် ဖြစ်ပါသည်။

အပိုဒ်(၉)၊ အခန်း(၇)၊ ပုဒ်မ ၁၃(ဘ)၌ လယ်ယာမြေစီမံခန့်ခွဲခြင်း၊ လယ်ယာမြေမူလ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ခြင်းဟု ပြဌာန်းထားပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား လယ်ယာမြေမူလ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ရန် တရားစီရင်ရေး အာဏာအပ်နှင်းထားခြင်း မရှိသဖြင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၈ နှင့် ဆန့်ကျင်နေပါသည်။ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေစီမံခန့်ခွဲခြင်းဟုသာ ပြဌာန်းသင့်ပါသည်။

အပိုဒ်(၁၀)၊ အခန်း(၁၁)နှင့် (၁၂)ပါ ပုဒ်မ ၂၅ မှ ပုဒ်မ ၃၄ အထိ ပြဌာန်းချက်များမှာ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနဲ့ ဇင်းစီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်ထားသော အမိန့်များကို အယူခံခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းများဖြစ်သဖြင့် တရားစီရင်ရေး ကဲ့သို့သော လုပ်ပိုင်ခွင့်များ ကျင့်သုံးနေကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က) ၌ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဌာန်းထားပါသည်။ ထိုပြဌာန်းချက်များနှင့် ဆန့်ကျင်နေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ တရားရုံးများ ဖွဲ့စည်းခြင်း၊ ပုဒ်မ ၃၁၇ တရားသူကြီးများစီမံခန့်ခွဲခြင်းပါ ပြဌာန်းချက်များနှင့်လည်း ဆန့်ကျင်နေပြီး အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ ရောထွေးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မ ၁၈ ၊ ပုဒ်မ ၁၉ ပါ တာဝန်များကို ပျက်ကွက်သူအား အရေးယူရန် လိုအပ်ပါက အခန်း (၁၃)၌ တရားရုံးသို့ တရားစွဲတင်နိုင်ရန် သီးခြား ထည့်သွင်းပြဋ္ဌာန်းသင့်ကြောင်း အကြံပြုတင်ပြ အပ်ပါသည်။

အပိုဒ်(၁၁) ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများစိစစ်ရာတွင် အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်ခဲ့ပါသည်။ ဤဥပဒေကြမ်း အခန်း(၁၁)နှင့်(၁၂)ပါ ပြဋ္ဌာန်းချက်များသည် (က)ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိပါ။ (ခ)ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု လုပ်ပိုင်ခွင့်များ အစိုးရဌာန အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များနှင့် ရောထွေးနေပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါတင်ပြခဲ့သည့် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တွေ့ရှိချက်များအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း ကို ပြင်ဆင်ရေးဆွဲရန်လိုအပ်ပါသည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ ရောထွေးခြင်း မရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲသင့်ကြောင်း အပြုသဘောဖြင့် အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

## “ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း”ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အချိန် ၄း၀၅ နာရီရှိပါပြီ။ သို့ပါ၍ လိုအပ်ချက်အရ အစည်းအဝေးကို ဆက်ပြီးကျင်းပပါမယ်။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တင်ပြချက်အရ ဤဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲသင့်ပါသည်ဆိုပြီးတော့ တင်ပြထားပါတယ်။ ဒီဥပဒေကြမ်းကို စိစစ်တဲ့နေရာမှာလည်း အဖွဲ့ဝင်(၁၄)ဦးလုံး လက်မှတ်ရေးထိုးတင်ပြထားတာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိဥက္ကဋ္ဌအနေနဲ့ သိချင်တာရှိပါတယ်။ မိမိတို့လွှတ်တော်သည် ဥပဒေပြုတာဝန် အဓိကဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ရေးဆွဲသင့်ပါသည်ဆိုတဲ့ တင်ပြချက်ဟာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနကို ရည်ညွှန်းတာလား၊ သို့မဟုတ်လို့ရှိရင် ယခုလို တင်ပြထားတဲ့ ဥပဒေကြမ်း ပေါ်မူတည်ပြီး တော့ တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြင်ဆင်ပြဋ္ဌာန်းပေးဖို့လိုသလား။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရည်ညွှန်းထားတာကတော့ မူလကတည်းက ဒီဥပဒေကို တင်ပြလာတဲ့ဝန်ကြီးဌာနကနေပြီးမှ ပြန်လည်ရေးဆွဲပြီး တင်ပြခဲ့လျှင် ပိုမိုသင့်လျော်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ လေးစားပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက်အပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်စိစစ် ဆောင်ရွက်နိုင်ဖို့လိုမယ် ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်ပါတယ်။ မိမိတို့မူလအစီအစဉ်ကတော့ ဒီကဲ့သို့ ဆုံးဖြတ် တဲ့အခါမှာ ဒီဥပဒေကြမ်းကို မိမိတို့လွှတ်တော်ကပဲ ပြန်လည်ပြီးတော့ ပြင်ဆင်ရေးဆွဲပေးလို့ရတယ်လို့ ဆိုလို့ ရှိရင်တော့ သတ်မှတ်ထားတဲ့ရက်မှာ ပြန်လည်ဆွေးနွေးဖို့ဆိုပြီးတော့ အစီအစဉ်ကြမ်းအနေနဲ့ တင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ သတ်မှတ်ထားခဲ့တဲ့ အစီအစဉ်ကြမ်းကို ပယ်ဖျက်ပြီးတော့ နောက်ဆုံး ဆုံးဖြတ်ချက်အနေနဲ့ ဒီဥပဒေကြမ်းကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည် ရေးဆွဲတင်ပြဖို့ ဖြစ်ပါတယ်။

ဒီနေရာမှာလည်း အခုတင်ပြချက်တွေ ပြန်ကြည့်လိုက်တဲ့အခါမှာ အင်မတန်မှ ခဲရာခဲဆစ် လုပ်ရမယ့်ကိစ္စမဟုတ်ဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ သတ်မှတ်ချက်နဲ့အညီ တချို့ကိစ္စလေးတွေကို သိပ်ကြာကြာ အချိန်မပေးဘဲနဲ့ ပြင်ဆင်နိုင်တဲ့ကိစ္စလို့ပဲ မိမိကတော့ ဒီလိုသဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်သိပ်မပေးဘဲနဲ့ ဒီဥပဒေကြမ်းကိုတော့ ဖြစ်နိုင်လို့ရှိရင်တော့ ဒီ Session ထဲမှာ တင်ပြပြီးတော့ အတည်ပြုသွားစေချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်ရေးကို ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ ဆိုပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါသလို နိုင်ငံတော်သမ္မတကြီးရဲ့ အခြေပြမိန့်ခွန်းမှာလည်းပါပါတယ်။ ဒီနေ့ ဒီကာလမှာ မိမိတို့နိုင်ငံနှင့်အနှံ့မှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်မှုနှင့်ပတ်သက်ပြီးတော့ အင်မတန်မှ အငြင်းပွားပြဿနာ တက်နေတာလည်း ရှိပါတယ်။ တချို့တချို့သော ပုဂ္ဂိုလ်များရဲ့ ပြောစကား အတိုင်းပြောမယ်ဆိုလို့ရှိရင် အဲဒီရပ်ကွက်တွေ၊ အဲဒီကျေးရွာတွေမှာကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်မှုဟာ သမ္မတရွေးတာထက်တောင်ပိုပြီးတော့ စိတ်ဝင်စားနေတယ်ဆိုတဲ့ အနေအထားမျိုးလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းကို ဒီတစ်ပတ်လွှတ်တော်အစည်းအဝေးတွေမှာ တင်ပြအတည်ပြုရရှိနိုင်ဖို့အတွက် မိမိအနေနဲ့ အကြံပြုတိုက်တွန်းခြင်း ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (အင်္ဂါနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၆း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]